# ဖက်ဒရယ်စနစ် အခြေခံ

နည်းပြလက်စွဲ (သင်ရိုးစာအုပ်နှင့် တွဲ၍ သုံးစွဲရန်)

**ပုံနှိပ်တိုက်အမည်**

အေးလင်းရောင်ပုံနှိပ်တိုက် (မြဲ – ၀၁၅၂၁)
အမှတ် (၁၁/ဒီ)၊ ၅၅ လမ်း၊ အလယ်ဘလောက်၊
(၂) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

**ထုတ်ဝေသူ**

ဦးအောင်မြတ်စိုး

**စာပေတိုက်အမည်**
**မုခ်ဦးစာပေ**

အမှတ် **(**105-A**)**၊ ရတနာမြိုင်လမ်း၊ ရတနာမြိုင်အိမ်ယာ၊
အမှတ် (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – ၀၉ ၇၉၀ ၇၈၃ ၃၆၄၊ ၀၉ ၄၀၄ ၀၆၀ ၉၃၁

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်အမှတ် – ၀၁၉၄၇

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ဇူလိုင်လ၊ ၂၀၂၂ ခုနှစ်
တန်ဖိုး – ၅၀၀၀ ကျပ်

၃၂၀

Michael Breen, Khin Zaw Win
ဖက်ဒရယ်စနစ်အခြေခံ – နည်းပြလက်စွဲ (သင်ရိုးစာအုပ်နှင့် တွဲ၍ သုံးစွဲရန်)
ဘာသာပြန် – အောင်ကျော်ဖြိုး
ရန်ကုန်၊ မုခ်ဦးစာအုပ်တိုက်၊ ၂၀၂၂။
စာမျက်နှာ – ၁၂၃ စာ၊ ၃၀ စင်တီမီတာ။



creative commons

This work is licensed under the Creative Commons Attribution-ShareAlike 4.0 International License. To view a copy of this license, visit: http://creativecommons.org/licenses/by-sa/4.0/deed.en_US.

Notes about usage: Organisations wishing to use the body text of this work to create a derivative work are requested to include a Mote Oo Education logo on the back cover of the derivative work if it is a printed work, on the home page of a web site if it is reproduced online, or on screen if it is in an app or software.

For license types of individual pictures used in this work, please refer to the Picture Acknowledgments at the back of the book.

# မာတိကာ


**နိဒါန်း** i

(က) ဖက်ဒရယ်စနစ် အခြေခံဆိုသည်မှာ ii

(ခ) သင်တန်းနည်းပြလမ်းညွှန်စာအုပ် အသုံးပြုပုံ iii

(ဂ) အွန်လိုင်းအတန်းကို အစီအစဉ် ပြောင်းလဲလုပ်ဆောင်ခြင်း x

(ဃ) ထပ်ဆောင်းစဉ်းစားရန် အချက်များ xiii

**အခန်း ၁ - ဖက်ဒရယ်စနစ်ဟူသည် အဘယ်နည်း** ၂

၁.၁ တစ်ပြည်ထောင်နှင့် ဖက်ဒရယ်အစိုးရစနစ်များ ၂

၁.၂ အစိုးရ၏ အင်စတီကျူးရှင်းများ ၅

၁.၃ မြန်မာနိုင်ငံအစိုးရ၏ အင်စတီကျူးရှင်းများ ၈

၁.၄ ဖွဲ့စည်းပုံအခြေခံဥပဒေများ ၁၂

၁.၅ အာဏာများကို ခွဲဝေခြင်း ၁၆

နမူနာဖြစ်ရပ်လေ့လာချက် - မလေးရှားနိုင်ငံ၏ ဖက်ဒရယ်ဖွဲ့စည်းပုံ ၂၀

**အခန်း ၂ - ဖက်ဒရယ်စနစ်သို့ ဦးတည်ရာလမ်းကြောင်းများ** ၂၃

၂.၁ ဖက်ဒရယ်ဝါဒဆီသို့ ဦးတည်သည့် သမိုင်းဝင်လမ်းကြောင်းများ ၂၃

၂.၂ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဖက်ဒရယ်စနစ် ၂၆

နမူနာဖြစ်ရပ်လေ့လာချက် - သီရိလင်္ကာမှ ဖက်ဒရယ်စနစ်ဆီသို့ ခြေလှမ်းများ ၂၈

၂.၃ မြန်မာနိုင်ငံတွင် ဖက်ဒရယ်ဆီသို့ ဦးတည်ခြင်း ၃၀

၂.၄ မြန်မာနိုင်ငံရှိ အခြေခံဥပဒေများနှင့် ဖက်ဒရယ်ဆိုင်ရာ တိုးတက်ပြောင်းလဲမှုများ ၃၅

၂.၅ ဖက်ဒရယ်စနစ်အပေါ် ကွဲပြားသည့်အမြင်များ ၃၈

**အခန်း ၃ - ဖက်ဒရယ်ဒီဇိုင်းဆိုင်ရာ ကိစ္စရပ်များ** ၄၀

၃.၁ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းနှင့် ဖက်ဒရယ်ဒီဇိုင်း ၄၁

၃.၂ ကိုယ်ပိုင်အမှတ်အသားလက္ခဏာနှင့် ဖက်ဒရယ်စနစ် ၄၅

၃.၃ နိုင်ငံသားဖြစ်ခြင်းနှင့် ဖက်ဒရယ်စနစ် ၅၁

၃.၄ မြန်မာနိုင်ငံ၏အမှတ်အသားလက္ခဏာနှင့် နိုင်ငံသားဖြစ်ခွင့် ၅၄

၃.၅ တိုင်းပြုပြည်ပြုနယ်မြေများ၏ အခြေပြုပုံနှင့် နယ်နိမိတ်များ ၅၇

နမူနာဖြစ်ရပ်လေ့လာချက် - နီပေါနိုင်ငံရှိ ပြည်နယ်များ၏ အခြေပြုပုံနှင့် နယ်နိမိတ်များ ၆၂

၃.၆ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး/ပြည်နယ်များ အခြေခံသတ်မှတ်ပုံနှင့် နယ်နိမိတ်များ ၆၄

၃.၇ ဖက်ဒရယ်ပုံစံ အာဏာခွဲဝေမှု ၆၈

၃.၈ ဖက်ဒရယ်စနစ် မြန်မာနိုင်ငံ၏ အာဏာခွဲဝေမှု ၇၃

၃.၉ ရွေးကောက်ပွဲစနစ်များနှင့် ဖက်ဒရယ်ပုံစံ ၇၆

၃.၁၀ မြန်မာနိုင်ငံရှိ ရွေးကောက်ပွဲစနစ်များ ၈၀

၃.၁၁ ဖက်ဒရယ်ပုံစံရှိ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ ၈၄

၃.၁၂ မြန်မာနိုင်ငံရှိ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ ၈၇

**နောက်ဆက်တွဲ** ၉၂

# နိဒါန်း

## ဤစာအုပ်နှင့် သင်ကြားခြင်း (သို့) သင်တန်းပေးခြင်း မစတင်မီတွင် ဤအပိုင်းကို ဦးစွာဖတ်ရှုပါ

# (က) ‘ဖက်ဒရယ်စနစ်အခြေခံ’ ဆိုသည်မှာ




**ဖက်ဒရယ်စနစ်အခြေခံ** စာအုပ်သည် သင်ရိုးစာအုပ်တစ်အုပ် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဖက်ဒရယ်စနစ်နှင့် စပ်လျဉ်း၍ ပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲများတွင် အသုံးပြုခဲ့သည့် အရင်းအမြစ် စာစောင်ငယ်ကို ဆီလျော်အောင် ချဲ့ထွင်ရေးသားထားပါသည်။ ထိုအမြင်ရယူခြင်း၏ ရည်ရွယ်ချက်မှာ အကြောင်းအရာတစ်ခုအပေါ်တွင် အပြန်အလှန်နားလည်မှု၊ ကြားဝင်စေ့စပ်မှု၊ လူအများ ထင်မြင်ချက်များကို ပိုမိုနီးစပ်လာစေခြင်းတို့ကို တိုးတက်စေရန်ဖြစ်သည်။ ၂၀၁၈ အလုပ်ရုံဆွေးနွေးပွဲများတွင် လူမျိုးစုနောက်ခံအမျိုးမျိုး၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များပါဝင်သည်။

ထိုဖက်ဒရယ်စနစ်အကြောင်း မူလစာအုပ်ငယ်သည် ထောင့်စုံသော အချက်အလက်များကို တင်ပြရန်နှင့် ရှုထောင့်တစ်ဖက်တည်းကို အသားပေးခြင်းမရှိဘဲ ဖက်ဒရယ်စနစ်အတွင်း ကိစ္စရပ်များအတွက် အဆိုရှုထောင့်၊ အငြင်းရှုထောင့်များကို ပါဝင်စေရန် ဒီဇိုင်းဆွဲထားပါသည်။ ဤဖက်ဒရယ်စနစ်အကြောင်း စာအုပ်တွင်မူ ထိုအချက်အလက်များကို ချဲ့ထွင်ခြင်း၊ ဆီလျော်အောင် ပြုပြင်ခြင်းနှင့် နောက်ဆုံးအချက်အလက်များ ပါဝင်အောင် ထည့်သွင်းခြင်းတို့ ပြုလုပ်ထားပါသည်။

ဖက်ဒရယ်စနစ်ကို ပိုမိုစိတ်ဝင်စားမှု မြင့်တက်စေခဲ့သည့် ၂၀၂၁ ဖေဖော်ဝါရီလမှစတင်၍ ဖြစ်ပေါ်လာခဲ့သည့် ဖြစ်ရပ်များကိုလည်း ထည့်သွင်းစဉ်းစားထားပါသည်။

ဖက်ဒရယ်စနစ်အခြေခံ စာအုပ်ကို ဆရာမကူဘဲ မိမိဘာသာ လေ့လာနိုင်ရန်အတွက် ဒီဇိုင်းဆွဲထားပါသည်။ နည်းပြလမ်းညွှန်စာအုပ်မှာ အလုပ်ရုံဆွေးနွေးပွဲများ (သို့) အတန်းများတွင် ဖက်ဒရယ်စနစ် အခြေခံစာအုပ်နှင့်အတူ ပူးတွဲအသုံးပြုနိုင်ရန် ဒီဇိုင်းဆွဲထားပါသည်။ ၎င်းကို အဖွဲ့လိုက်၊ အလုပ်ရုံဆွေးနွေးပွဲ (သို့) အတန်းလိုက် အခြေအနေများအတွက် အသုံးပြုနိုင်သည်။ အွန်လိုင်းအတန်းများ (သို့) အလုပ်ရုံဆွေးနွေးပွဲများတွင် အသုံးပြုရလွယ်ကူစေရန် (နောက်အပိုင်းတွင်ရှု) ထပ်ဆောင်းအစိတ်အပိုင်းအချို့လည်း ပါဝင်ပါသည်။

# (ခ) သင်တန်းနည်းပြ လမ်းညွှန်စာအုပ် အသုံးပြုပုံ

## ၁။ စာအုပ်ဖွဲ့စည်းပုံအကျဉ်း

ဤနည်းပြလမ်းညွှန်စာအုပ်ကို အခန်းသုံးခန်းဖြင့် ဖွဲ့စည်းထားပါသည်။ အခန်းတစ်ခန်းစီတွင် ဖက်ဒရယ်စနစ်အခြေခံ သင်ရိုးစာအုပ်၏ အပိုင်းတစ်ပိုင်းနှင့် သက်ဆိုင်သည့် အပိုင်းတစ်ပိုင်းစီပါရှိပါသည်။ ထိုအပိုင်းတစ်ပိုင်းစီကို သင်ခန်းစာအကြို၊ လေ့ကျင့်ခန်း နှင့် လုပ်ဆောင်ချက် အချိန်ပိုင်းများအဖြစ် ခွဲထားသည်။ ထိုအချိန်ပိုင်းများသည် သင်တန်းသားများအား ဖက်ဒရယ်စနစ်၏ အဓိကသဘောတရားများအကြောင်း နားလည်မှုနှင့် သူတို့၏ ကိုယ်ပိုင်အခြေအနေများတွင် လက်တွေ့အသုံးချပုံတို့ကို တိုးတက်စေရန် ရည်ရွယ်သည်။

အပိုင်းတစ်ပိုင်းစီမှ အသုံးပြုရန် မည်သည့်လေ့ကျင့်ခန်းများနှင့် လုပ်ဆောင်ချက်များ (ပါရှိပါက) ကို ရွေးချယ်ပါ။ ၎င်းမှာ မိမိတွင်ရှိသည့် အချိန်မည်မျှ ရှိသည်နှင့် သင်မည့် အကြောင်းအရာအပေါ် သင်တန်းသားများ မည်မျှ သိရှိထားပြီး ယေဘုယျနားလည်မှု မည်မျှရှိသည်ဆိုသည့် အချက်ပေါ်တွင်မူတည်သည်။

## ၂။ အခန်းတစ်ခန်းချင်းစီ၏ဖွဲ့စည်းပုံ

အခန်းတစ်ခန်းချင်းစီ၏ အစတွင် ထိုအခန်းတွင်ပါဝင်မည့် အကြောင်းအရာခေါင်းစဉ်များတွင် ပါဝင်သည့်အရာများကို သင်တန်းသားများ စဉ်းစားရာတွင် လွယ်ကူစေရန် အကူအညီပေးနိုင်မည့် လမ်းညွှန်မေးခွန်းအချို့ရှိပါသည်။

အပိုင်းတစ်ပိုင်းစီ၏ အစတွင် သင်ခန်းစာအကြိုရှိပါသည်။ ၎င်းသည် အကြောင်းအရာတစ်ခုချင်းစီအပေါ်တွင် သင်တန်းသားများတွင် ရှိနှင့်ပြီးသည့် ဗဟုသုတ၊ အတွေးအခေါ်များ၊ အတွေ့အကြုံများနှင့် ထင်မြင်ချက်များကို နှိုးဆွရန်ဖြစ်သည်။

လေ့ကျင့်ခန်းများသည် အပိုင်းတစ်ပိုင်း၏ အဓိကအချက်များကို သင်တန်းသားများ၏ နားလည်မှုရှိမရှိ စစ်ဆေးရန်ဖြစ်သည်။ အကြောင်းအရာတစ်ခုချင်းစီအပေါ် သင်တန်းသားများ မည်မျှ သိရှိထားပြီး ယေဘုယျနားလည်မှု မည်မျှရှိသည်ဆိုသည့် အချက်ပေါ်တွင် မူတည်၍ ထိုလေ့ကျင့်ခန်းများကို လုပ်ချင်လုပ်နိုင်ပါသည်။ အဖြေများကို ပေးထားပါသည်။

လုပ်ဆောင်ချက်များကမူသည် ထိုအပိုင်းတွင်ပါဝင်သည့် အကြောင်းအရာများကို အသုံးပြုရန်အတွက် အခွင့်အလမ်းဖြစ်သည်။ အချို့သော အပိုင်းဖြတ်များမှာ ဆွေးနွေးခြင်း၊ ပြဿနာဖြေရှင်းခြင်း (သို့) ပြင်ဆင်မှုလုပ်ငန်းများ စသည်တို့ဖြစ်သည်။

၎င်းတို့သည် ပုံမှန်အားဖြင့် အပြန်အလှန် ပြောဆိုလုပ်ဆောင်မှုများ ပါဝင်ပြီး အပိုင်းတစ်ပိုင်းစီ၏ အဆုံးတွင်ရှိသော ဆွေးနွေးရန်မေးခွန်းများပေါ်တွင် အခြေခံထားသည်။ ၎င်းတို့တွင် နှစ်ယောက်တွဲ (သို့) အဖွဲ့လိုက်လုပ်ငန်း ပါဝင်လေ့ရှိသည်။ ၎င်းတို့သည် စာအုပ်ထဲမှ အကြောင်းအရာ အချက်အလက်များ၊ သင်တန်းသားများ၏ ကိုယ်ပိုင်ဗဟုသုတနှင့် ထင်မြင်ချက်များအပေါ် အခြေခံထားသည်။ မည်သည့်အချက်ကို ဖြေဆိုစေချင်သည်ကို လမ်းညွှန်ပေးရန်အတွက် သင့်တော်သည့်နေရာများတွင် ဖြစ်နိုင်ခြေရှိသော တုံ့ပြန်မှုများနှင့် အဖြေများကို ထည့်သွင်းပေးထားပါသည်။

ဖက်ဒရယ်စနစ်၏ အင်္ဂါရပ်များကို အခြားနိုင်ငံများ နောက်ခံတွင် ကြည့်ရှုရန်အတွက် အခန်းတိုင်းတွင် နမူနာဖြစ်ရပ်လေ့လာချက်တစ်ခု ပါဝင်သည်။ မလေးရှားနိုင်ငံ၏ ဖက်ဒရယ်ဖွဲ့စည်းပုံ၊ သီရိလင်္ကာ၏ ဖက်ဒရယ်စနစ်သို့ သွားရာလမ်းကြောင်း၊ နီပေါနိုင်ငံတွင် အခြေခံဥပဒေသစ်တစ်ခုနှင့် ပြည်နယ် နယ်နိမိတ်များရေးဆွဲခြင်းတို့ဖြစ်ပါသည်။ ထိုနမူနာဖြစ်ရပ်လေ့လာချက်များအတွက် ထပ်ဆောင်းအသေးစိတ် မေးခွန်းများလည်း ဤလမ်းညွှန်စာအုပ်တွင် ပါဝင်သည်။

အပိုင်းတစ်ပိုင်းစီ၏ အဆုံးတွင် တစ်ခု (သို့) တစ်ခုထက် ပိုသည့် ဆွေးနွေးခြင်း/ ပြန်လည်သုံးသပ်ခြင်း မေးခွန်းများ ပါရှိသည်။ ဤလမ်းညွှန်တွင် ထိုမေးခွန်းများကို အပြန်အလှန် ပြောဆိုလုပ်ဆောင်ရသော ဆွေးနွေးမှုများနှင့် လုပ်ဆောင်ချက်များအဖြစ် ပြောင်းလဲလုပ်ဆောင်ရန် အကြံဉာဏ် အချို့ပေးထားပါသည်။


ဖက်ဒရယ်စနစ်မိတ်ဆက် စာအုပ်၏ အခန်းတိုင်း အဆုံးတွင် စဉ်းစားရန် မေးခွန်းများပါရှိပါသည်။ နည်းပြလမ်းညွှန်ထဲမှ ထိုအပိုင်းနှင့် သက်ဆိုင်သည့် ထိုမေးခွန်းများကို –

- အပြန်အလှန် ပြောဆိုလုပ်ဆောင်ရသည့် ဆွေးနွေးခြင်း (သို့) လုပ်ဆောင်ချက်
- သင်တန်းသားများက သူတို့၏ အဖြေကို သူတို့ပြန်စဉ်းစားသည့် ပြန်လည်သုံးသပ်ခြင်း
- သတ်မှတ်ထားသည့် ရေးသားခြင်းလုပ်ငန်း (သို့မဟုတ်)
- သင်တန်းသားများက အချင်းအချင်း၏ အကြံဉာဏ်များကို ဖတ်ရှုနိုင်ရန် သူတို့၏ အဖြေများကို အီလက်ထရောနစ်ပိုက်ဘုတ် (ဥပမာ Jamboard) သို့မဟုတ် bulletin board (ဥပမာ Padlet) ပေါ်တွင် ရေးသားရသည့် အပြန်အလှန် ပြောဆိုလုပ်ဆောင်သည့် အွန်လိုင်းလုပ်ဆောင်ချက်အဖြစ် ပြောင်းလဲအသုံးပြုနိုင်ရန် ရွေးချယ်ခွင့်ပေးထားပါသည်။

# ၃။ သင်တန်းချိန်တစ်ချိန် ဖွဲ့စည်းပုံ

နည်းပြလမ်းညွှန်စာအုပ်၏ သင်တန်းချိန်အပိုင်းတစ်ပိုင်းစီကို ရည်ရွယ်ချက်၊ သင်တန်းပေးစဉ် လုပ်ဆောင်ရန်နှင့် ပြင်ဆင်ရန် ဆိုသည့် အချက်သုံးချက်ဖြင့်စတင်သည်။ သင်တန်းနည်းပြသည် သင်တန်းချိန်တစ်ချိန်မစတင်မီတွင် ထိုအချက်သုံးချက်ကို သိရှိအောင်လုပ်ထားရမည်။ အွန်လိုင်းတွင် သင်တန်းပေးမည့် နည်းပြများအတွက် ထိုအချက်သုံးချက်တွင် သက်ဆိုင်ရာ ဆလိုက်နံပါတ်ကို ဖော်ပြထားမည်ဖြစ်သည်။

စာသင်ချိန်အပိုင်းများအားလုံးတွင် (သင်တန်းသားများသည် သင်တန်းနည်းပြ (သို့) ဆရာနှင့် အတန်းထဲတွင်ရှိနေသည့်) တစ်ပြိုင်နက်အတန်းများ (synchronous classes) အတွက် ညွှန်ကြားချက်များပါရှိသည်။ ပုံမှန်စာသင်ခန်းအတွင်းနှင့် အွန်လိုင်း သင်တန်းချိန်များအတွင်း မည်သို့သင်ကြားရမည်ကို ကွဲပြားမှုရှိပါက၊ ညွှန်ကြားချက်နှစ်မျိုးခွဲ၍ ပေးထားသည်။


ဖက်ဒရယ်စနစ် အကြောင်း

## ၂.၄ မြန်မာနိုင်ငံရှိ အခြေခံဥပဒေများနှင့် ဖက်ဒရယ်ဆိုင်ရာ တိုးတက်ပြောင်းလဲမှုများ

### ၂.၄ | သင်ခန်းစာအကြို

**ရည်ရွယ်ချက်** – သင်တန်းသားများက မြန်မာနိုင်ငံရှိ အခြေခံဥပဒေနှင့် ပတ်သက်၍ သိရှိပြီးသည်များကို စစ်ဆေးရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက တစ်ဦးချင်း လေ့လာလုပ်ဆောင်ရမည်။

**ပြင်ဆင်ရန်** – မေးခွန်းများကို ဘုတ်ပေါ်တွင်ရေးပါ။ သို့မဟုတ် ဆလိုက် ၂.၄.၁ ကိုပြပါ။

**သင်တန်းသားများအတွက် မေးခွန်းများ**

၁။ လွတ်လပ်ရေးရသည်မှစ၍ မြန်မာနိုင်ငံတွင် အခြေခံဥပဒေ မည်မျှရှိပြီး ဖြစ်သနည်း။

၂။ ၁၉၄၇ အခြေခံဥပဒေတွင် ရှမ်းနှင့် ကယားအား နှစ်မည်မျှကြာသည့်အခါတွင် ခွဲထွက်ခွင့် ပြုထားသနည်း။

၃။ '၁၉၆၁–၆၂ ရှမ်းဖက်ဒရယ်မူ' တွင် လူမျိုးစုပြည်နယ် မည်မျှ အဆိုပြုခဲ့သနည်း။

၄။ ၁၉၇၄ အခြေခံဥပဒေတွင် ပြည်နယ်နှင့်တိုင်း မည်မျှ ပါဝင်ခဲ့သနည်း။

၅။ ၂၀၀၈ အခြေခံဥပဒေကို မည်သည့်အချိန်က စတင်ရေးဆွဲခဲ့ကြသနည်း။

၆။ ၂၀၀၅–၂၀၀၈ အတွင်းတွင် ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးနှင့် ညှိနှိုင်းမှုကော်မတီ (FCDCC) က မည်သည်ကို ရေးဆွဲခဲ့သနည်း။

ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း | **ညွှန်ကြားချက်များ**

၁။ သင်တန်းသားများက မေးခွန်းများကို ဖြေဆိုရမည်။

၂။ ဖတ်ရှုရန်စာပိုဒ်ကို ဖတ်၍ သူတို့၏ အဖြေများကို စစ်ရမည်။

**အဖြေများ**

၁။ သုံး

၂။ တစ်ဆယ်

၃။ ရှစ် (ဗမာပြည်နယ်အပါအဝင်)

၄။ ဆယ့်လေး

၅။ ၁၉၉၃

၆။ ဖက်ဒရယ်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ စင်ပြိုင်အခြေခံဥပဒေ

သင်တန်းသားများက အပိုင်း ၂.၄ အဆုံးအထိ ဖတ်ရမည်။

သင်တန်းချိန်အပိုင်းအားလုံးနီးပါးတွင် သင်တန်းသားများအတွက် မေးခွန်းများပါရှိသည်။ ၎င်းမေးခွန်းများသည် လုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းက သင်ခန်းစာအကြို၊ လေ့ကျင့်ခန်း၊ လုပ်ဆောင်ချက် စသဖြင့် မည်သည့်ပုံစံ ဖြစ်သည်ဆိုသည့်အပေါ်မူတည်၍ ကွဲပြားနိုင်သည်။

လိုအပ်သည့်နေရာများတွင် အဖြေများ (သို့) ဖြစ်နိုင်ခြေရှိသော အဖြေများကို ပေးထားသည်။

# ၄။ သင်ယူမှု ပတ်ဝန်းကျင်များ

ဖက်ဒရယ်စနစ်အခြေခံစာအုပ်ကို သင်ယူမှု ပတ်ဝန်းကျင်အမျိုးမျိုးအတွက် ဒီဇိုင်းဆွဲထားပါသည်။ အချို့သော သင်တန်းသားများသည် သူတို့ဘာသာဖတ်မည်ဖြစ်သည်။ အချို့မှာ ဤစာအုပ်ကို အလွတ်သဘော (သို့) ပြင်ပတွင် အတူလေ့လာဆွေးနွေးသည့်အဖွဲ့များတွင် သုံးပေလိမ့်မည်။ အချို့က အရှေ့တွင် သင်ပုန်းအနက် (သို့) ဝှိုက်ဘုတ်တပ်ထားပြီး၊ အတန်းထဲတွင် ဆရာရှိသည့် စာသင်ခန်း၊ သင်တန်းသားများက ကြမ်းပေါ်တွင် (သို့) စာရေးခုံများနှင့် ထိုင်နိုင်သည့် ပြင်ပပုံမှန်စာသင်ခန်းတွင် အသုံးပြုပေလိမ့်မည်။ အချို့မှာ ဖုန်း (သို့) ကွန်ပျူတာဖန်သားပြင်မှတစ်ဆင့် အတန်းဖော်များနှင့် နည်းပြနှင့်အတူ လေ့ကျင့်ခန်းများ၊ ဆွေးနွေးမှုများပြုလုပ်ရင်း လူမှုမီဒီယာများ၊ Zoom, Teams သို့ Meet ပေါ်တွင် ပြုလုပ်သော တစ်ပြိုင်နက် အွန်လိုင်းစာသင်ခန်းများတွင်ရှိမည်ဖြစ်သည်။ အချို့မှာ ဖတ်စရာစာများ၊ ဆလိုက်များနှင့် လုပ်ငန်းများကို ကိုယ်ပိုင်အချိန်တွင် လေ့လာခြင်း၊ အွန်လိုင်းပေါ်တွင်ရှိနေသည့်အခါ စကားပြောပေါက် (chat box) မှတစ်ဆင့်ဖြစ်စေ၊ အွန်လိုင်းဆွေးနွေးမှုဖိုရမ်ပေါ်တွင်ဖြစ်စေ အတန်းဖော်များနှင့် သင်တန်းနည်းပြအတွက် မှတ်ချက်များပေးခြင်းတို့ကို လုပ်ဆောင်ပြီး အွန်လိုင်းမှတစ်ဆင့် တစ်ပြိုင်နက်မဟုတ်သည့် အတန်းများတွင် လေ့လာနိုင်ပါသည်။

# ၅။ အွန်လိုင်းတွင် သင်ကြားခြင်း

အွန်လိုင်းတွင် အသုံးပြုနိုင်မည့် ကိရိယာများမှာ –

- Google Classrooms သို့ Moodle စသည့် သင်ခန်းစာအစီအစဉ်ကို ကူညီပေးမည့် သင်ယူရေးစီမံခန့်ခွဲမှုစနစ် (learning management system) တစ်ခု
- Google Slides (သို့) PowerPoint ကဲ့သို့သော ဆလိုက်များပြသည့် အက်(ပ)ပလီကေးရှင်းတစ်ခု
- Jamboard ကဲ့သို့ အပြန်အလှန် လုပ်ဆောင်နိုင်သည့် ဝှိုက်ဘုတ် (သို့) Padlet ကဲ့သို့သော အပြန်အလှန် လုပ်ဆောင်နိုင်သည့် bulletin board
- ဆန္ဒခံယူ/ စစ်တမ်းကောက်ယူရန် Mentimeter, Zoom polls သို့ Google Forms ကဲ့သို့သော tools များ၊ Mentimeter နှင့် Google Forms ကို အကဲဖြတ်စစ်ဆေးခြင်းအတွက်လည်း အသုံးပြုနိုင်သည်။

သင်တန်းသားများ၏ အွန်လိုင်းကန့်သတ်ချက်များကို သတိပြုပါ။ အချို့ tools များသည် မိုဘိုင်းဖုန်းနှင့် စာလျှင် ကွန်ပျူတာနှင့် ပိုသင့်တော်သည်။ အချို့ဖိုင်များသည် အင်တာနက်ဒေတာအလွန်ကုန်သည်။ ဗီဒီယိုနှင့် အပြန်အလှန် တုံ့ပြန်လုပ်ဆောင်ရန်လိုသည့် သင်ယူမှုလုပ်ဆောင်ချက်များ ဆိုလျှင် အင်တာနက်မကောင်းပါက အလုပ်ဖြစ်မည်မဟုတ်ပါ။

# ၆။ မိုဘိုင်းဖုန်းများကို သုံးစွဲခြင်း

- ဖုန်းတစ်လုံးပေါ်တွင် လုပ်ငန်းနှစ်မျိုးသုံးမျိုးလုပ်ရန် ခဲယဉ်းပါသည်။ အွန်လိုင်းတွင် သင်ကြားသည့်အခါ သင်တန်းသားများအား တစ်ကြိမ်တွင် အက်(ပ)ပလီကေးရှင်းတစ်ခု (ဥပမာ – တွေ့ဆုံစည်းဝေးခြင်းအတွက် အသုံးပြုသည့် အက်(ပ)ပလီကေးရှင်း) ကိုသာ အသုံးပြုရန် မျှော်လင့်ထားရမည်။ ဖုန်းပေါ်တွင် တစ်ခုမှ တစ်ခု (ဥပမာ Zoom မှ Jamboard (သို့) Google Meet နှင့် Google Docs သို့) ပြောင်းရခက်ပါသည်။
- အွန်လိုင်းဝှိုက်ဘုတ်များသည် ဖုန်းပေါ်တွင် သုံးရခက်ပါသည်။ ၎င်းတို့အစား သင်တန်းသားများအား ၎င်းတို့၏ အဖြေများကို စကားပြောပေါက် (chatbox) မှသာ ရိုက်စေပါ။ သို့မဟုတ်ပါက ၎င်းတို့ စဉ်းစားမိသည်များကို စာရွက်ပေါ်တွင် ရေးချပြီး (ပါးစပ်မှပြောခိုင်း၍ဖြစ်စေ ဓာတ်ပုံပို့ခိုင်း၍ဖြစ်စေ) ဆရာထံ မျှဝေခိုင်းပါ။ ထို့နောက် ဆရာက ထိုအချက်များကို ဒစ်ဂျစ်တယ်ဝှိုက်ဘုတ်ပေါ်သို့ တင်ပေးပါ။
- ထို့အတူ ဖုန်းပေါ်တွင် ပုံများကို မဆွဲနိုင်သည့်အခါ စာရွက်ပေါ်တွင် ဆွဲခိုင်း၍ ဓာတ်ပုံရိုက်ကာ ၎င်းကို တင်ခိုင်းပါ။
- အီလက်ထရောနစ် ဝှိုက်ဘုတ်ပေါ်တွင် အဖွဲ့လိုက် ပူးပေါင်းလုပ်ဆောင်သည့် လုပ်ငန်းများအတွက် အဖွဲ့တစ်ဖွဲ့စီတွင် စာရေးမည့်သူတစ်ယောက် ရွေးချယ်ခိုင်းပါ။ စာရေးမည့်သူက အဖွဲ့ဝင်များအားလုံး၏ အကြံဉာဏ်များကို စုစည်း၍ တင်ပြပါ။ (၎င်းတို့ကို စာရွက်ပေါ်တွင်ရေး၍ ဓာတ်ပုံဖြင့် ပို့နိုင်သည်။)

## ၇။ အင်တာနက်လိုင်းမကောင်းခြင်း

- ဖြစ်နိုင်ပါက ဖက်ဒရယ်စနစ်အခြေခံ ပုံနှိပ်စာအုပ်များ၊ ပရင့်ထုတ်ထားသည့် ဆလိုက်များနှင့် လက်ကမ်းစာစောင်များကို ပို့ပေးပါ။
- သင်တန်းသားများအား ရှင်းလင်းတင်ပြခြင်း လုပ်နေချိန်မှလွဲ၍ အတန်းတွင်းတွင် ကင်မရာများကို ပိတ်ခိုင်းထားပါ။
- ဖတ်စရာစာများကို Google Docs သို့ PDF ပုံစံပြောင်းထားပါ။
- တိုက်ရိုက်မဟုတ်သော အဖွဲ့လိုက်ဆွေးနွေးမှု လွယ်ကူစေရန် Signal, Viber, WhatsApp, သို့ Messenger ကဲ့သို့သော စာတိုပို့ အက်(ပ)ပလီကေးရှင်းများကိုသုံးပါ။
- ဗီဒီယိုများသည် အင်တာနက်ဒေတာစားသည့်အတွက် အတန်းချိန်အတွင်း ဗီဒီယိုများကို မသုံးပါနှင့် (လျှော့သုံးပါ)။
- (နောက်စာမျက်နှာတွင် ပါဝင်သည့်) အစီစဉ်ပြောင်းသင်ယူမှု (flipped learning) ကို အသုံးပြု၍ အားလုံးတစ်ချိန်တည်း အွန်လိုင်းပေါ်တွင် ရှိနေရန် မလိုအပ်သော သင်ယူမှုလုပ်ငန်းများကို ထည့်သွင်းပေါင်းစပ်ထားသည့် သင်တန်းအစီအစဉ်ထားရှိပါ။

## ၈။ ဆလိုက်များ

သင်တန်းနည်းပြလမ်းညွှန်စာအုပ် တစ်အုပ်လုံးရှိ လုပ်ငန်းစဉ်အဆင့်များတွင် ဆလိုက်များသို့ ရည်ညွှန်းချက်များ ပါရှိပါသည်။ ဆလိုက်များသည် အွန်လိုင်းသင်ကြားခြင်းနှင့် သင်တန်းပေးခြင်းအတွက် အထောက်ကူဖြစ်စေရန် ပြင်ဆင်ထားပြီး Google Slides format ဖြင့် ဖြစ်ပါသည်။ ၎င်းတို့ကို စာမျက်နှာအောက်ခြေရှိ လင့်ခ့်မှတစ်ဆင့်သော်လည်းကောင်း၊ QR ကုဒ်မှ တစ်ဆင့်သော်လည်းကောင်း ရယူနိုင်သည်။

သင်ခန်းစာအကြို လုပ်ငန်းများ၊ လေ့ကျင့်ခန်းများ၊ လုပ်ဆောင်ချက်များ၊ နမူနာဖြစ်ရပ်လေ့လာချက်များ၊ ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း၊ 'စဉ်းစားသုံးသပ်ရန်' လုပ်ငန်းများနှင့် သက်ဆိုင်သည့် ဆလိုက်များရှိပါသည်။

ဆလိုက်များကို အခန်း၊ အပိုင်းနှင့် တစ်ပိုင်းစီရှိ ဆလိုက်နံပါတ်အလိုက် နံပါတ်စဉ်တပ်ထားပါသည်။ လေ့ကျင့်ခန်းတစ်ခုချင်းမှ မေးခွန်းတစ်ခုစီအတွက် ဆလိုက်တစ်ချပ်စီခွဲထားပါက အချို့သော ဆလိုက်များတွင် နံပါတ်အပြင် အက္ခရာအစဉ်များပါ ပါရှိသည်။ ဥပမာ – ၁.၁.၃ က–ဇ

မိုဘိုင်းဖုန်းကဲ့သို့သော လက်နှင့်ကိုင်သုံးနိုင်သည့် ပစ္စည်းများသည် အွန်လိုင်းတွင် ရှင်းလင်းတင်ပြခြင်း (presentation) လုပ်ရန်အတွက် အဆင်မပြေနိုင်ပါ။ သို့သော်လည်း သင်၏ app store မှ Google Slides app ဒေါင်းလုတ်လုပ်ကာ သုံးစွဲခြင်းဖြင့် ဆလိုက်များကို လုပ်ဆောင်မှုပိုမိုစုံလင်လင်ဖြင့် အသုံးပြုနိုင်ပါမည်။ ဖြစ်နိုင်ပါက ဆလိုက်များဖြင့် တင်ပြရှင်းလင်းသည့်အခါ ဝင်းဒိုးတင်ထားသည့် လက်(ပ)တော့ (သို့) ဒက်(စ)တော့ ကွန်ပျူတာတစ်လုံးကို အသုံးပြုရန် အကြံပြုပါသည်။ (ဝက်ဘ်ဘရောက်ဇာတွင်ဖြစ်စေ၊ ဝင်းဒိုးကွန်ပျူတာတွင်ဖြစ်စေ Google Slides အသုံးပြုပုံနှင့် ပတ်သက်သည့် မှတ်စုအချို့ကို တစ်ဖက်စာမျက်နှာတွင် ကြည့်ပါ။

ဆလိုက်များကို Google Drive folder တစ်ခုထဲတွင် သိမ်းထားပြီး ကြည့်ရှုရန်သက်သက်သာဖြစ်သည်။ ဆလိုက်များကို ကူးယူ၍ သင့်ကိုယ်ပိုင် Google Drive တွင် ပြန်သိမ်းထားသင့်ပါသည်။

## ၉။ လက်ကမ်းစာစောင်များ

သင်တန်းနည်းပြလမ်းညွှန်စာအုပ် တစ်အုပ်လုံးရှိ လုပ်ငန်းစဉ်အဆင့်များတွင် လက်ကမ်းစာစောင်များကို ရည်ညွှန်းချက်များ ပါရှိပါသည်။ ၎င်းတို့သည် (ဓမ္မဓိဋ္ဌာန်မေးခွန်းများကဲ့သို့သော) စာသားများစွာပါဝင်သည့် လုပ်ငန်းများဖြစ်သည်။ ပုံမှန်စာသင်ခန်းတွင် စာသင်ချိန်များအတွက် လက်ကမ်းစာစောင်များကို မိတ္တူကူး၍ သင်တန်းသားများအား မျှဝေနိုင်သည်။ Google Docs format ဖြင့်လည်းရှိပါသည်။ အွန်လိုင်းသင်တန်းပေးပါက သင်တန်းသားများအား သွားရောက်ရန် လင့်ခ်တစ်ခုဖြင့် မျှဝေနိုင်ပါသည်။ လက်ကမ်းစာစောင်များ၏ Google Docs ဗားရှင်းများကို ဤစာမျက်နှာအောက်ခြေရှိ လင့်ခ် (သို့) QR ကုဒ်မှတစ်ဆင့် ရယူနိုင်ပါသည်။

လက်ကမ်းစာစောင်များကို သူတို့နှင့်သက်ဆိုင်ရာ အခန်းနှင့် အပိုင်းအလိုက် နံပါတ်စဉ်တပ်ထားပါသည်။ အွန်လိုင်းဗားရှင်းတွင် အဖြေများသည် စာမျက်နှာ၏ အောက်ခြေတွင်ရှိသည်။

အွန်လိုင်းဗားရှင်းများသည် ကြည့်ရှုရန်သက်သက်သာဖြစ်သည်။ ပြင်ဆင်ခြင်း၊ မျှဝေခြင်းနှင့် သင့်သင်တန်းသားများကိုလည်း တည်းဖြတ်ခွင့် မျှဝေခွင့်ပြုခြင်းတို့ ပြုလုပ်လိုပါက လက်ကမ်းစာစောင်များကို ကူးယူ၍ သင့်ကိုယ်ပိုင် Google Drive တွင် ပြန်သိမ်းထားသင့်ပါသည်။

# နောက်ဆက်တွဲများ

နောက်ဆက်တွဲ (က)သည် ထပ်မံသုံးသပ်ခြင်း၊ အတန်းတွင်း ဆွေးနွေးခြင်း (သို့) ရေးသားရန် စာစဉ်များ (written assignment) အဖြစ် အသုံးပြုနိုင်သည့် မေးခွန်းများဖြစ်ပါသည်။ ဤမေးခွန်းများကို စာအုပ်နောက်ပိုင်းတွင် တွေ့နိုင်ပါသည်။

https://bit.ly/3pjBDkc

နောက်ဆက်တွဲ (ခ)သည် သင်ရိုးမှ အဓိကအကြောင်းအရာများကို စစ်ဆေးသည့် ဓမ္မဓိဋ္ဌာန်မေးခွန်းလွှာဖြစ်သည်။ ပုံမှန် စာသင်ခန်းတွင်း အတန်းများအတွက် ၎င်းကို မိတ္တူကူးနိုင်ပါသည်။ အွန်လိုင်းဗားရှင်းကို အောက်တွင်ပါသည့် လင့်ခ်များမှ ရယူနိုင်သည်။

နောက်ဆက်တွဲ (ဂ) သည် သင်တန်းသားများက ၎င်းတို့ကိုယ်ပိုင် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုကို ဒီဇိုင်းဆွဲရမည့် အတန်းလိုက်သင်ယူခြင်း စီမံချက်လုပ်ငန်းဖြစ်သည်။

နောက်ဆက်တွဲ (ဃ)နှင့် (င) သည် ဖက်ဒရယ်စနစ်အကြောင်း ထပ်မံလေ့လာဖတ်ရှုရန် စာစုများစာရင်းဖြစ်သည်။

## ဝက်ဘ်ဘရောက်ဇာတွင်ဖြစ်စေ၊ ဝင်းဒိုးကွန်ပျူတာတွင်ဖြစ်စေ Google Slides အသုံးပြုပုံအကြောင်း

Google Slides သည် Google app တစ်ခုဖြစ်ပါသည်။ Gmail သို့ ဝင်ရောက်ထားသည့်အခါတွင် စခရင်၏ ညာဘက်အပေါ်ထောင့်ရှိ Google Apps ခလုတ် (ပုံ ၁၊ အပြာရောင်အကွက်ငယ်ဖြင့် ပြထားသောခလုတ်) ကို နှိပ်ပြီး ဝင်ရောက်နိုင်ပါသည်။


Google Slides တွင် တည်းဖြတ်ရန်မျက်နှာပြင် (edit screen) (ပုံ ၂) နှင့် တင်ပြရှင်းလင်းရန်ပုံစံ (Slideshow) (ပုံ ၃) ဟူ၍ ပုံစံနှစ်မျိုးရှိပါသည်။ တည်းဖြတ်ရန်မျက်နှာပြင် (edit screen) ပေါ်တွင် ဆလိုက်များကို မျက်နှာပြင်၏ ဘက်ဘက်ခြမ်းတွင် တစ်ခုပြီးတစ်ခုပြသည်။ ဆလိုက်များကို ပြင်ဆင်တည်းဖြတ်ခြင်း၊ ပြန်စီခြင်း၊ ဖျက်ခြင်းတို့ကိုပြုလုပ်နိုင်သည်။ မျက်နှာပြင်အလယ်တည့်တည့်မှ ဆလိုက်အကြီးကို ပြင်ဆင်တည်းဖြတ်နိုင်သည်။


တည်းဖြတ်နိုင်သည့် ဆလိုက်အောက်တွင် ရှင်းလင်းတင်ပြသူမှတ်စု (presenter’s notes) ရှိသည်။ ထိုမှတ်စုများသည် ထိုဆလိုက်အတွက် ညွှန်ကြားချက်များနှင့် အဖြေများဖြစ်သည်။ ၎င်းတို့သည် နည်းပြလမ်းညွှန်စာအုပ်အတိုင်းဖြစ်သည်။ ထိုရှင်းလင်းတင်ပြသူ မှတ်စုများကို တည်းဖြတ်ရန်မျက်နှာပြင် (edit screen) ပေါ်တွင် ရှိနေချိန်တွင် ပြင်ဆင်တည်းဖြတ်မှုလည်း ပြုလုပ်နိုင်ပါသည်။

ရှင်းလင်းတင်ပြခြင်းပုံစံ (Slideshow mode) ကို (ပုံ ၂၊ အနီရောင်လေးထောင့်ကွက်ဖြင့် ပြထားသည့်) Slideshow ခလုတ်ဖြင့် သွားနိုင်သည်။ ဆလိုက်များကို ပြရန်သက်သက် (Slideshow) သို့မဟုတ် တင်ပြသူမြင်ကွင်း (Presenter’s View) သို့ ဝင်ရောက်ရန်ဟူ၍ အဓိကရွေးချယ်စရာနှစ်ခုရှိပါသည်။ ဝင်းဒိုးဝက်ဘ်ဘရောက်ဇာပေါ်တွင် Presenter’s View ထဲတွင် ရှိနေသည့်အခါ၊ ဝင်းဒိုးအကွက်သစ်တစ်ခုပေါ်လာပါမည်။ ၎င်းတွင် (ပုံ ၃၊ အစိမ်းရောင်လေးထောင့်ကွက်ဖြင့် ပြထားသည့်) ရှင်းလင်းတင်ပြသူမှတ်စုများ ပါဝင်ပါသည်။ ဆလိုက်ဝင်းဒိုးကို Zoom, Google Meet စသည်တို့တွင် မျှဝေပြသနိုင်ပြီး presenter’s notes ဝင်းဒိုးမှ ထိန်းချုပ်နိုင်သည်။ တင်ပြသူမှတ်စုများကို သင်သာမြင်ရမည်ဖြစ်သည်။ Presenter’s View သို့သွားရန်၊ Slideshow ညာဘက်ရှိ အောက်သို့ညွှန်နေသော မြှားကိုနှိပ်ပါ။

ရှင်းလင်းတင်ပြနေစဉ် ဆလိုက်များ ရှေ့သို့ဆက်သွားရန် ကီးဘုတ်မှ down arrow, right arrow, space bar ကို နှိပ်နိုင်ပါသည်။ နောက်သို့ပြန်သွားရန် left arrow (သို့) up arrow ကို နှိပ်နိုင်ပါသည်။ မိုဘိုင်းဖုန်းကဲ့သို့ လက်ကိုင်စက်ပစ္စည်းများတွင် ဘယ်နှင့်ညာသို့ ပွတ်ဆွဲခြင်းဖြင့် ရှေ့နှင့်နောက်သို့ ရွှေ့လျားနိုင်ပါသည်။ သင်တန်းသားများအား ရှင်းလင်းတင်ပြခြင်း မပြုလုပ်မီ Google Slides အသုံးပြုခြင်း၊ တည်းဖြတ်ခြင်းနှင့် ကြည့်ရှုခြင်းပုံစံအမျိုးမျိုးကို ကောင်းစွာရင်းနှီးအောင် လုပ်ထားသင့်ပါသည်။



# (ဂ) အွန်လိုင်းအတန်းကို အစီအစဉ် ပြောင်းလဲလုပ်ဆောင်ခြင်း

အကယ်၍ သင်နှင့် သင့်သင်တန်းသားများသည် အင်တာနက် သုံးစွဲချိန် (သို့) ရရှိမှုတွင် အကန့်အသတ်ရှိသည် ဆိုပါက၊ သင်တန်းသားများကို တစ်ပြိုင်နက် လုပ်ဆောင်ရန်မလိုသည့် လုပ်ငန်းများကို ပိုမိုလုပ်ကိုင်စေနိုင်ပါသည်။ ထိုသို့ လုပ်ဆောင်မည်ဆိုပါက သင်တန်းသားများသည် အလုပ်ရုံ ဆွေးနွေးပွဲ (သို့) အတန်းမတိုင်မီသော်လည်းကောင်း၊ ပြီးနောက် သော်လည်းကောင်း သူတို့ကိုယ်ပိုင်အချိန်တွင် အွန်လိုင်းပေါ်တွင် ရှိချိန်ဖြစ်စေ၊ အွန်လိုင်းပေါ်တွင် မရှိချိန်ဖြစ်စေ လုပ်ဆောင်ရမည် ဖြစ်သည်။

ဤသို့ပြုလုပ်ခြင်း၏ အကျိုးကျေးဇူးမှာ အွန်လိုင်းအတန်းချိန် ပြင်ပတွင် သင်ခန်းစာများများပို၍ ပြီးစီးနိုင်ခြင်းပင်ဖြစ်သည်။ သင်တန်းသားများက (ဥပမာအနေဖြင့်) ဆောင်းပါးတစ်ပုဒ်ကို ဖတ်နေသည့်အခါ သို့မဟုတ် မေးခွန်းများအတွက် ရှည်လျားသည့်အဖြေများ ရေးနေသည့်အခါ အွန်လိုင်းတွင် ရှိနေရန် မလိုလှပေ။

အစီအစဉ်ပြောင်းလဲထားသည့် သင်ခန်းစာတစ်ခုတွင် အောက်ပါတို့ ပါဝင်နိုင်ပါသည်။

**<u>တစ်ပြိုင်နက် မဟုတ်သော လေ့လာမှု</u>**

သင်ခန်းစာ မတိုင်မီ

- သင်တန်းသားများက စာတစ်ပုဒ်ကို ဖတ်သည်။
- သင်တန်းသားများက စိတ်ကူးအကြံဉာဏ်များကို စာရင်းဖြင့် ချရေးသည်။

→

**<u>တစ်ပြိုင်နက်လေ့လာမှု</u>**

သင်ခန်းစာသင်ချိန်တွင်

- သင်တန်းသားများက သူတို့၏ စိတ်ကူးအကြံဉာဏ်များကို အဖွဲ့များအတွင်း တင်ပြကြသည်။
- သင်တန်းသားများက စာအကြောင်းကို ဆွေးနွေးကြသည်။
- သင်တန်းသားများက စကားရည်လုကြသည်။

→

**<u>တစ်ပြိုင်နက် မဟုတ်သော လေ့လာမှု</u>**

သင်ခန်းစာပြီးနောက်

- သင်တန်းသားများက ရေးသားခြင်း လုပ်ငန်းတစ်ခုကို လုပ်သည်။
- သင်တန်းသားများက ဗီဒီယိုအပိုင်းတစ်ခုကို ကြည့်သည်။

သင်ခန်းစာအကြိုလုပ်ငန်းများ၊ ဖတ်ရှုရန်လိုအပ်သော စာများ၊ လေ့ကျင့်ခန်းများနှင့် လုပ်ဆောင်ချက်များ အများအပြားသည် အတန်းချိန်ပြင်ပတွင် အလွယ်တကူပြုလုပ်နိုင်ပါသည်။ သို့မဟုတ်ပါက အလွယ်တကူလုပ်နိုင်စေရန် ပြုပြင်နိုင်ပါသည်။ တစ်ပြိုင်နက်လုပ်ရန်မလိုသည့် အွန်လိုင်းနှင့် အွန်လိုင်း မဟုတ်သော သင်ယူမှုအတွက် သင့်တော်သော လုပ်ငန်းအချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

| အွန်လိုင်းတွင် တစ်ပြိုင်နက်မဟုတ်သော လေ့လာမှု | အွန်လိုင်းတွင်မဟုတ်သည့် တစ်ပြိုင်နက်မဟုတ်သော လေ့လာမှု |
|---|---|
| • ဆွေးနွေးရန် ဖိုရမ်များနှင့် ဘလော့ဂ် ပို့(စ်)များ<br>• အင်တာနက်ပေါ်တွင် အချက်အလက်ရှာဖွေခြင်းနှင့် စာဖတ်ခြင်း<br>• ပုံရှာခြင်း<br>• Mentimeter တွင် အွန်လိုင်းမှ ဆန္ဒကောက်ခံခြင်း<br>• GoogleForms တွင် ဉာဏ်စမ်းမေးခွန်းတိုများနှင့် စစ်တမ်းများ<br>• မေးခွန်းများနှင့် အဖြေများ<br>• အသံဖိုင် (Podcasts) များ၊ ဗီဒီယိုများ၊ ဆလိုက်ဖိုင်များ<br>• အွန်လိုင်းရှိ ပြန်လည်သုံးသပ်ခြင်း နေ့စဉ်မှတ်တမ်းများ<br>• အဖွဲ့လိုက်ပရောဂျက်များ | • စာများဖတ်ခြင်း<br>• ဒေါင်းလုတ်လုပ်ထားသော အသံနှင့် ဗီဒီယိုဖိုင်များကို နားထောင်ခြင်း၊ ကြည့်ခြင်း။ ပို့ချချက်များနှင့် ဆလိုက်ဖိုင်များ<br>• သင်တန်းသား စာစဉ်များ ရေးသားခြင်း<br>• ပြန်လည်သုံးသပ်ခြင်း နေ့စဉ်မှတ်တမ်းများ<br>• ရှင်းလင်းတင်ပြရန် ဆလိုက်များပြင်ခြင်း<br>• ပုံများ၊ ပိုစတာနှင့် ပန်းချီပုံများဆွဲခြင်း<br>• တစ်ဦးချင်းပရောဂျက်များ |

အောက်ပါနမူနာပုံစံသည် အခန်း ၁.၄ ဖွဲ့စည်းပုံအခြေခံဥပဒေများ ကို သင်ကြားရာတွင် အစီအစဉ်ပြောင်း သင်ယူမှု စည်းမျဉ်းများကို အသုံးချနိုင်သည့် နမူနာပုံစံတစ်ခုဖြစ်သည်။ သင်တန်းသားများအားလုံးတွင် ဖက်ဒရယ်စနစ် အခြေခံ စာအုပ်၏ ပုံနှိပ်စာအုပ် (သို့) ဒစ်ဂျစ်တယ်စာအုပ်များ၊ Whatsapp အဖွဲ့၊ ဆလိုက်များ၊ လက်ကမ်းစာစောင်များနှင့် ထပ်ဆောင်းအရင်းအမြစ်များပါသည့် အတန်း၏ GoogleDocs ဖိုင်တွဲတစ်ခုရှိသည်။

| လုပ်ငန်း | အချိန် | ရင်းမြစ်များ | ပုံစံ |
|---|---|---|---|
| သင်ခန်းစာအကြို မေးခွန်းများကို ဆွေးနွေးပါ | သုံးရက် (တစ်ပြိုင်နက် သင်ခန်းစာများအတွင်း) | WhatsApp | တစ်ပြိုင်နက် မဟုတ်သော၊ အွန်လိုင်း |
| ၁.၄ စာပိုဒ်ကို ဖတ်ပါ | | (ပုံနှိပ် (သို့) ဒစ်ဂျစ်တယ်) သင်တန်းသားစာအုပ် | တစ်ပြိုင်နက် မဟုတ်သော၊ အွန်လိုင်း မဟုတ်သော |
| နားလည်မှုစစ်ဆေးသည့် မေးခွန်းများ | | လက်ကမ်းစာစောင် ၁.၄ | တစ်ပြိုင်နက် မဟုတ်သော၊ အွန်လိုင်း မဟုတ်သော |
| အဖြေစစ်ပါ | ၃ မိနစ် | တွေ့ဆုံဆွေးနွေးသည့် အက်(ပ)ပလီကေးရှင်း | တစ်ပြိုင်နက် မဟုတ်သော၊ အွန်လိုင်း |
| ခွဲခြမ်းစိတ်ဖြာမှု လုပ်ဆောင်ချက် | ၃၀ မိနစ် | အခန်းခွဲများ၊ အီလက်ထရောနစ် ပို့က်ဘုတ်များ (သို့) Google Docs | တစ်ပြိုင်နက် မဟုတ်သော၊ အွန်လိုင်း |
| အတန်းတစ်ခုလုံး ဆွေးနွေးမှု | ၁၀ မိနစ် | တွေ့ဆုံဆွေးနွေးသည့် အက်(ပ)ပလီကေးရှင်း | တစ်ပြိုင်နက် မဟုတ်သော၊ အွန်လိုင်း |
| အချက်အလက်ရှာဖွေ လေ့လာမှု ပရောဂျက်ကို ရှင်းပြပါ | ၁၀ မိနစ် | တွေ့ဆုံဆွေးနွေးသည့် အက်(ပ)ပလီကေးရှင်း၊ ဝက်ဘ်ဆိုက်နမူနာများ | တစ်ပြိုင်နက် မဟုတ်သော၊ အွန်လိုင်း |
| အင်တာနက်တွင် အချက်အလက် ရှာဖွေ လေ့လာခြင်းနှင့် စာရေးခြင်း | လေးရက် | ဝက်ဘ်ဆိုက်များ | တစ်ပြိုင်နက် မဟုတ်သော၊ အွန်လိုင်း/ အွန်လိုင်းမဟုတ်သော |

# (ဃ) ထပ်ဆောင်းစဉ်းစားရန် အချက်များ

## ၁။ ပြဿနာများကို သတိထားခြင်း

မြန်မာ့ဖက်ဒရယ်စနစ်နှင့် ပတ်သက်သည့် အချို့ အကြောင်းအရာများနှင့် ၎င်းတို့၏ နောက်ဆက်တွဲဖြစ်သည့် လေ့လာလုပ်ဆောင်ချက်များ (သို့) ဆွေးနွေးမှုများမှတစ်ဆင့် ပြင်းထန်သော၊ ဆန့်ကျင်ဘက်ဖြစ်နိုင်သော အမြင်များကို ဖြစ်စေနိုင်ပါသည်။ အထိအရှလွယ် အကြောင်းအရာများကို ကြိုတင်သတိထားပါ။ ၎င်းတို့တွင် ဥပမာအားဖြင့် လူမျိုးရေး၊ ကိုယ်ပိုင်အမှတ်သားလက္ခဏာ၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ လက်နက်ကိုင်ပဋိပက္ခ (သို့) ပင်လုံစာချုပ်ကဲ့သို့သော အတိတ်သမိုင်းဖြစ်ရပ်များအပေါ်တွင် အမြင်မတူခြင်းတို့ ပါဝင်သည်။ ဤစာအုပ်တွင်ပါဝင်သည့် လုပ်ဆောင်ချက်များနှင့် ဆွေးနွေးမှုများသည် ဤအကြောင်းအရာများအကြောင်းကို အပြန်အလှန်ဆွေးနွေးခြင်း ဒိုင်ယာလော့ကို အားပေးပါသည်။

အဖွဲ့များအတွင်း သဘောမတူညီမှုများ (သို့) ပဋိပက္ခများကို ဖြစ်စေနိုင်သည့် အကြောင်းအရင်းများမှာ –

- မတူညီသည့် တန်ဖိုးစံများ၊ ထင်မြင်ချက်များ (သို့) ယူဆချက်များ။
- အချင်းချင်းတွင် လုပ်ပိုင်ခွင့်အာဏာအရ ညီမျှသည့် ဆက်ဆံရေးမရှိခြင်း။
- အတိတ်ဒဏ်ရာများကို တူးဆွပေးသည့် ကိစ္စရပ်များ။
- ဖိနှိပ်မြိုသိပ်ထားရသည့် စိတ်ခံစားချက်များ။
- နားထောင်မှုမရှိ၊ နားလည်မှုမရှိဟု ခံစားရခြင်းများတို့ ဖြစ်သည်။

ဤဖြစ်နိုင်ခြေရှိသော အခြေအနေများကို သတိထားရန် အရေးကြီးပါသည်။ ထို့ပြင် လူများအား အကြောင်းကိစ္စရပ်များအပေါ် ၎င်းတို့၏ အမျိုးမျိုးသော ရှုထောင့်များကို ပွင့်လင်းပြီး ထိပ်တိုက်ရင်ဆိုင်မှုမရှိသည့် ပုံစံဖြင့် ဆွေးနွေးဝေမျှရန် တတ်နိုင်သမျှ ခွင့်ပြုပေးရန်လည်း လိုအပ်သည်။

## ၂။ အလုပ်ရုံဆွေးနွေးပွဲ/ အတန်းတွင်း အခြေခံ စည်းမျဉ်းများ

လမ်းညွှန်ချက်များကို ကြိုတင်၍ချမှတ်ပါ။ အလုပ်ရုံဆွေးနွေးပွဲ/ အတန်းတွင်း အခြေခံစည်းမျဉ်းများ စာရင်းချမှတ်ရာတွင် သင်တန်းသားများ ပါဝင်နိုင်ပါသည်။ ထိုအချက်များထဲတွင် ပါဝင်နိုင်သည်များမှာ –

- အပြစ်တင်သော၊ ဆွပေးသော အသုံးအနှုန်းများကို ရှောင်ရှားပါ။
- ကြားမဖြတ်ဘဲ တလေးတစားနားထောင်ပါ။
- အားလုံးကို စကားပြောခွင့်ပေးပါ။
- သင့်စကားလုံးများသည် သူတစ်ပါးပေါ်တွင် သက်ရောက်မှု ရှိသည်ကို သတိပြုပြီး စကားကို သတိထားပြောပါ။
- ကျွန်ုပ်တို့အားလုံးတွင် မတူညီသော အမှတ်သား လက္ခဏာများ၊ နောက်ခံများနှင့် ဘဝအတွေ့အကြုံများ ရှိကြသည်ကို မမေ့ပါနှင့်။
- အခြားသင်တန်းသားများအပေါ် မိမိအထင်သက်သက်ဖြင့် ထင်မြင်ယူဆချက်များ၊ လူမှုရေးဆိုင်ရာ အုပ်စုခွဲများအပေါ် သိမ်းကြုံးယူဆခြင်းများကို ရှောင်ရှားပါ။
- အခြားသူများထံမှ လေ့လာရသည်များပေါ်တွင် အခြေခံ၍ သင်၏ ထင်မြင်ချက်များကို ပြောင်းလဲသင့်လျှင် ပြောင်းလဲမည်ဆိုသည့် ခံယူချက်ထားပါ။
- ပြဿနာဖြေရှင်းရာတွင် နည်းလမ်းအမျိုးမျိုးဖြင့် ဖြေရှင်းနိုင်ကြောင်းကို လက်ခံပါ။
- အမှားဆိုသည်မှာ သင်ယူခြင်း၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်ကို ယုံကြည်ပါ။

အခြေခံစည်းမျဉ်းများကို ရှင်းရှင်းလင်းလင်းရေးသား၍ နံရံပေါ်တွင် မြင်နိုင်သည့်နေရာ (သို့) အွန်လိုင်းပေါ်တွင် အလွယ်တကူ ရည်ညွှန်းနိုင်သည့်နေရာတွင် ပြသထားပါ။ စာသင်ချိန်တစ်ချိန်မစတင်မီ၊ အကဲဆတ်သော အကြောင်းအရာ တစ်ခု မဆွေးနွေးမီ (သို့) သင်တန်းသားများက ထိုတန်ဖိုးစံများ ကို လိုက်နာခြင်း မရှိနေသည့်အခါများတွင် ထိုအချက်များကို ပြန်၍ ရည်ညွှန်းပေးပါ။

## ၃။ အွန်လိုင်းယဉ်ကျေးမှုကျင့်ဝတ်

အွန်လိုင်းအတန်းများအတွက် လိုက်နာရမည့်အသေးစိတ် စည်းကမ်းများနှင့် လမ်းညွှန်ချက်များမှာ –

- အခြားသူများတင်ထားသည့် စာစုများ၊ ဓာတ်ပုံများ (သို့) ဆက်သွယ်ရန် အချက်အလက်များကို အတန်းပြင်ပသို့ ဝေမျှခြင်းမပြုရန်။
- အတန်းထဲတွင် ပြောသည်များကို အခြားအွန်လိုင်းဖိုရမ်များ တွင် မတင်ရန်။
- မိမိပတ်ဝန်းကျင်အသံဆူပါက နားထောင်နေသည့်အခါတွင် မိုက်ကရိုဖုန်းကို အသံပိတ်ထားရန်။
- မိမိစကားပြောလိုကြောင်းပြသရန် 'raise hand' function (လက်ထောင်သည့်ခလုတ်) (သို့) ရုပ်ပုံသင်္ကေတတစ်ခုခုကို အသုံးပြုရန်။
- စကားပြောပေါက်များ (chat box) ထဲတွင် မေးခွန်းများ မေးခြင်း၊ ဖြေခြင်း ပြုလုပ်ရန်။
- ခံစားချက်ကို လေးလေးစားစားနှင့် ရှင်းရှင်းလင်းလင်း ပြသရန် emoji များကိုသုံးရန်။
- အထူးသဖြင့် လူများသည့် အဖွဲ့များတွင် မိမိ (သို့မဟုတ် အခြားသူ) မည်မျှသာ စကားပြောရမည်ကို ကန့်သတ်ထားရန်တို့ဖြစ်ပါသည်။

## ၄။ သဘောမတူညီမှုများကို စီမံခန့်ခွဲခြင်း

အောက်ပါတို့မှာ အကဲဆတ်သော အခြေအနေများကို စီမံခန့်ခွဲရာတွင် အထောက်အကူပြုနိုင်မည့် နည်းလမ်းအချို့ ဖြစ်ပါသည်။

- ပဋိပက္ခရှိနေလျှင် အဖွဲ့သည် ငြိမ်နေတတ်ပါသည်။ ၎င်းကို သင်ခံစားမိပါက ဘာဖြစ်နေသည်ကို စစ်ဆေးပါ။
- လူများက သူတို့၏ အမြင်များကို ထုတ်ဖော်ပြောဆိုသည့် အခါ ၎င်းတို့အား ကျေးဇူးတင်အသိအမှတ်ပြုပါ။
- ကြီးကျယ်သည့် ပြဿနာတစ်ခုခုဖြစ်ပါက ပါဝင်သူတိုင်းအား သူတို့၏ရပ်တည်ချက်ကို ရှင်းပြချိန် ပေးပါ။ လမ်းညွှန်မှုပေးခြင်းက အဖြေတစ်ခုကို ချက်ချင်း ပေးလိုက်ရန် ကြိုးစားခြင်းထက် ပိုမိုအထောက်အကူ ဖြစ်ပါသည်။
- ပါဝင်သူတိုင်းအား အခြားသူပြောသည်ကို ပြန်လည်ဆင်ခြင် သုံးသပ်ရန် (သို့) နားလည်သလို ပြန်ပြောပြစေပါ။ သို့မှသာ သူတို့ကိုနားထောင်ကြောင်း၊ နားလည်ကြောင်းကို လူတိုင်းခံစားရမည်ဖြစ်သည်။
- အခြားသူများကို ထိုအကြောင်းကိစ္စနှင့် ပတ်သက်၍ အပြုသဘောဆောင်သည့် ထင်မြင်ချက်ပေးချင်သလား မေးပါ။
- ကွဲပြားနေသူများကို လူတိုင်းတွင် မတူညီသည့် ရှုထောင့် ရှိကြောင်းကို လက်ခံရန်နှင့် လုပ်ဆောင်ချက်/ဆွေးနွေးမှုကို ဆက်လုပ်ရန် လိုအပ်သည်ကို အသိအမှတ်ပြုရန် အားပေးပါ။

ပို၍အကဲဆတ်သော ဆွေးနွေးရန် အကြောင်းအရာခေါင်းစဉ်များ အတွက် အတန်းကို ပိုမိုသေးငယ်သော အဖွဲ့များခွဲသင့်က ခွဲပါ။

မည်သည့် အတန်း (သို့) အလုပ်ရုံဆွေးနွေးပွဲတွင်မဆို အချိန်အကန့်အသတ်ရှိပါသည်။ အကယ်၍ သင်တန်းသားများက ခက်ခဲသော အကြောင်းအရာတစ်ခုနှင့် ပတ်သက်၍ ဆန္ဒပြင်းပြလျှင် သူတို့၏ ရှုထောင့်များကို ချရေးနိုင်ပါသည်။ ထိုရေးသားထားသည်များကို သင်တန်းသားများ ဖတ်ရှုနိုင်သည့် နံရံပေါ်တွင်ဖြစ်စေ စာရွက်စာတမ်းဖိုင်တစ်ခုပေါ်တွင်ဖြစ်စေ တင်ထားနိုင်သည်။ သင်တန်းသားများက ၎င်းကို အမည်မဖော်ဘဲ လုပ်ဆောင်ပြီး အခြားသင်တန်းသားများကိုလည်း အမည်ဖော်ခြင်းမပြုလုပ်ရပါ။ အကဲဆတ်သော အကြောင်းအရာနှင့် ပတ်သက်၍ ရပ်တည်ချက်အပေါ်တွင် သင်တန်းသားများကို အွန်လိုင်း (သို့) ပြင်ပဆန္ဒကောက်ခံခြင်း လုပ်နိုင်ပါသည်။ ၎င်းသည် အတန်းတစ်ခုလုံး ဆွေးနွေးမှုများတွင် အချိန်အလွန်ကုန်ခြင်း (သို့) ကွဲပြခြင်းတို့ ဖြစ်မည့်အစား အချို့သော လုပ်ဆောင်ချက်များ (သို့) ဆွေးနွေးမှုများကို အပြီးသတ်ပေးနိုင်သည်။

မြန်မာပြည်ရှိ ဖက်ဒရယ်ကိစ္စရပ်များသည် နာရီအနည်းငယ်အတွင်း ပြေလည်အောင် ဖြေရှင်းရနိုင်မည်မဟုတ်ပေ။ ၎င်းတို့အတွက် ရသွားရမည့်အရာမှာ ဖက်ဒရယ်စနစ်၏ အင်္ဂါအစိတ်အပိုင်းများ၊ ဖက်ဒရယ်စနစ်များ အလုပ်လုပ်ပုံ၊ ပါဝင်သည့် ကိစ္စရပ်များနှင့် ၎င်းတို့အပေါ် မတူညီသည့် အမြင်များကို ပိုမိုနားလည်လာရန်ဖြစ်သည်ကို သတိပေးပါ။

**မှတ်စု**

ဤထပ်ဆောင်းစဉ်းစားရန်အချက်များ မူကွဲတစ်ခုကို ဆလိုက် *0.1-0.4* တွင်လည်း တွေ့နိုင်ပါသည်။ ဤအပေါ်မှ အချက်များ အလုပ်ရုံဆွေးနွေးပွဲ/အတန်းစာသင်ချိန်များအတွင်း ပေါ်ပေါက်လာပါက ၎င်းတို့ကို စဉ်းစားနိုင်ရန် အတန်းသားများအား ဆလိုက်ချပ်များက အထောက်အကူပြုပါသည်။

# ပက်ဒရယ်စနစ်
# အခြေခံ

## သင်တန်းနည်းပြ လမ်းညွှန်

# အခန်း (၁) – ဖက်ဒရယ်စနစ်ဟူသည် အဘယ်နည်း

## ဤအခန်းကို မစတင်မီ

- ဤအခန်း၏ အဓိကအကြောင်းအရာများကို ခြုံငုံဖော်ပြချက်ဖြစ်သည့် လမ်းညွှန်မေးခွန်းများကို ဖတ်ပါ။
- ဆန္ဒရှိလျှင် ထိုလမ်းညွှန်မေးခွန်းများကို အတန်းသားများအား တစ်မိနစ်ခန့် စဉ်းစားခိုင်းနိုင်ပါသည်။

**သင်တန်းသားများအတွက် လမ်းညွှန်မေးခွန်းများ**

၁။ ဖက်ဒရယ်စနစ်ဆိုသည်မှာ အဘယ်နည်း။

၂။ ဖက်ဒရယ်စနစ်တစ်ခုတွင် အခြေခံဥပဒေများသည် အဘယ်ကြောင့် အရေးကြီးသနည်း။

၃။ ဖက်ဒရယ်စနစ်တစ်ခုတွင် အာဏာကို မည်သို့ခွဲဝေသနည်း။

# ၁.၁ တစ်ပြည်ထောင်နှင့် ဖက်ဒရယ်အစိုးရစနစ်များ

## ၁.၁ | သင်ခန်းစာအကြို

**ရည်ရွယ်ချက်** – သင်တန်းသားများအတွက် ဖက်ဒရယ်စနစ်နှင့် ပတ်သက်၍ သူတို့ နဂိုသိထားသည်များကို ပြန်လည်နှိုးဆွရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများသည် တစ်ဦးချင်းလုပ်ကိုင်ပြီးလျှင် နှစ်ယောက်တွဲ (သို့) အုပ်စုလိုက် လေ့လာကြရမည်။ အွန်လိုင်းအတန်းများတွင် breakout room များ လိုအပ်မည်ဖြစ်သည်။

**ပြင်ဆင်ရန်** – ဘုတ်တစ်ခုပေါ်တွင် မေးခွန်းများကို ရေးထားပါ (သို့) ဆလိုက် ၁.၁.၁ ကိုပြပါ။

**သင်တန်းသားများအတွက် မေးခွန်းများ**

၁။ ဖက်ဒရယ်စနစ်အကြောင်း သင်သိသည့် အချက်သုံးချက်မှာ အဘယ်နည်း။

၂။ ဖက်ဒရယ်စနစ်အကြောင်း သင်သိလိုသည့် အချက်သုံးချက်မှာ အဘယ်နည်း။

ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း | **ညွှန်ကြားချက်များ**

၁။ သင်တန်းသားများက တစ်ဦးချင်းအနေဖြင့် ဖက်ဒရယ်စနစ်အကြောင်း သူတို့သိသည်ဟု ယုံကြည်သည့်အချက်သုံးချက်၊ သူတို့သိချင်သည့်အချက်သုံးချက်ကို စာရင်းချရေးပါ။

၂။ နှစ်ယောက်တွဲ၍ သူတို့တွင် တူညီသည့်အချက်များနှင့် မတူညီသည့် အချက်များကိုကြည့်ရှုရန် စာရင်းများကို နှိုင်းယှဉ်ပါ။ သူတို့ဆီမှ တစ်ခုနှစ်ခုမေးကြည့်ပါ။

၃။ သင်တန်းသားများသည် သူတို့၏ စာရင်းများကို သိမ်းထားပါ။ သင်တန်းဆုံးသည့်အခါ ဤစာရင်းများကို ပြန်ကြည့်၍ မည်သည့်အချက်များ ပြောင်းလဲသွားသည်၊ မည်သည့်အချက်များက မပြောင်းလဲဘဲ ဆက်ရှိနေသည်ကို ကြည့်နိုင်သည်။

သင်တန်းသားများက အပိုင်း ၁.၁ အဆုံးထိဖတ်ပါ။

# ၁.၁ | လေ့ကျင့်ခန်း

**ရည်ရွယ်ချက်** – သင်တန်းသားများက အပိုင်း ၁.၁ မှ အဓိကသဘောတရားများကို သူတို့နားလည်မှုရှိမရှိ စစ်ဆေးရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက တစ်ဦးချင်းလုပ်ဆောင်ရမည်။

**ပြင်ဆင်ရန်** – ဘုတ်ပေါ်တွင် (မေးခွန်း ၁) ပုံများနှင့် အနာဂတ်ဖြစ်နိုင်ခြေ ဇာတ်ကွက် (မေးခွန်း ၂) တို့ကိုရေးပါ။ သို့မဟုတ် ဆလိုက် ၁.၁.၂ နှင့် ၁.၁.၃ က – ဇ ကိုပြပါ။

## သင်တန်းသားများအတွက် မေးခွန်းများ

၁။ မည်သည့်ပုံသည် ဖက်ဒရယ်စနစ်တစ်ခု၏ သဘောတရားကို အကောင်းဆုံးပုံဖော်နိုင်ပြီး မည်သည့် တစ်ခုက တစ်ပြည်ထောင်စနစ်တစ်ခုကို ပုံဖော်သည်ဟု ထင်သနည်း။ အဘယ့်ကြောင့်နည်း။

**(က) ဗဟိုအာဏာပိုင်**

↓

**တိုင်း/ပြည်နယ်   တိုင်း/ပြည်နယ်   တိုင်း/ပြည်နယ်**

**(ခ) အခြေခံဥပဒေ**

↓

**တိုင်း/ပြည်နယ်   ဗဟိုအာဏာပိုင်   တိုင်း/ပြည်နယ်**

၂။ တစ်ပြည်ထောင်နှင့် ဖက်ဒရယ်အစိုးရစနစ်များ အကြောင်း အပိုင်းပေါ်တွင် အခြေခံ၍ အောက်ပါ ဖြစ်နိုင်ခြေတို့ကို တစ်ပြည်ထောင် (သို့) ဖက်ဒရယ် အဖြစ် အမျိုးအစားခွဲပါ။

(က) အစိုးရတစ်ရပ်တည်းက တစ်နိုင်ငံလုံးအတွက် ဥပဒေများနှင့် မူဝါဒများကို ချမှတ်သည်။

(ခ) တစ်နိုင်ငံလုံးအတွက် အစိုးရရှိသလို နိုင်ငံတွင်းရှိ နယ်မြေဒေသများတွင်လည်း ကိုယ်ပိုင်အစိုးရများ ရှိသည်။

(ဂ) ဖက်ဒရယ်အစိုးရထံမှလာသော ဥပဒေများနှင့် မူဝါဒများကို ဒေသအစိုးရက အကောင်အထည်ဖော် ဆောင်ရွက်သည်။

(ဃ) အစိုးရအဆင့်များအကြား ရန်ပုံငွေများကို ခွဲဝေ (သို့) မျှဝေသုံးစွဲရန် လုပ်ငန်းစဉ်ကို သတ်မှတ်ထားသည်။

(င) မတူညီသော နေရာဒေသများက ဗဟိုအစိုးရ ချမှတ်သည့် ဥပဒေများကို ကျင့်သုံးသည်။

(စ) ဗဟိုပါလီမန်ရှိ ဒုတိယလွှတ်တော်တစ်ရပ်သည် နိုင်ငံ၏ မတူညီသည့် နယ်မြေဒေသများမှ ပြည်သူများ၏ အကျိုးစီးပွားကို ကိုယ်စားပြုသည်။

(ဆ) နိုင်ငံတစ်နိုင်ငံအတွင်းရှိ ကိုယ်ပိုင်အစိုးရရှိသည့် နယ်မြေဒေသများသည် အချို့သောဥပဒေများကို ရေးဆွဲကျင့်သုံးနိုင်သည်။

(ဇ) နိုင်ငံအတွင်းရှိ မတူညီသော အစိုးရအဆင့်များ၏ လုပ်ပိုင်ခွင့်များကို အာမခံသည့် ဗဟိုအဆင့် စာရွက်စာတမ်းတစ်ခုရှိသည်။

## ပုံမှန်စာသင်ခန်းတွင်း ညွှန်ကြားချက်များ

၁။ တက်ရောက်သူများသည် ဘုတ်ပေါ်ရှိ (မေးခွန်း ၁) ပုံများကို ကြည့်၍ မည်သည့်ပုံသည် ဖက်ဒရယ်စနစ်တစ်ခုကို ပုံဖော်ပြီး မည်သည်က တစ်ပြည်ထောင်စနစ်ကို ပုံဖော်သည်ဟူ၍ ဆုံးဖြတ်ရမည်။

၂။ ဘုတ်ပေါ်တွင် ဖြစ်နိုင်ခြေ က–ဇ (မေးခွန်း ၂) ကို ရေးပါ။ တက်ရောက်သူများသည် ဖြစ်နိုင်ခြေအခြေအနေများကို ဖတ်၍ မည်သည်က ဖက်ဒရယ်စနစ်ကို ဖော်ပြပြီး မည်သည်က တစ်ပြည်ထောင်စနစ်ကို ဖော်ပြသည်ဟူ၍ ဆုံးဖြတ်ရမည်။

## အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ

၁။ တက်ရောက်သူများသည် (မေးခွန်း ၁) ဆလိုက် ၁.၁.၂ ကို ကြည့်၍ မည်သည့်ပုံသည် ဖက်ဒရယ်စနစ်တစ်ခုကို ပုံဖော်ပြီး မည်သည်က တစ်ပြည်ထောင်စနစ်ကို ပုံဖော်သည်ဟူ၍ ဆုံးဖြတ်ရမည်။

၂။ ဆလိုက် ၁.၁.၃ က–ဇ (မေးခွန်း ၂) ကို တစ်ချပ်ချင်းပြပါ။ ပြသည့်အချိန်တွင် တက်ရောက်သူများသည် မည်သည်က ဖက်ဒရယ်စနစ်ကို ဖော်ပြပြီး မည်သည်က တစ်ပြည်ထောင်စနစ်ကို ဖော်ပြသည်ကို ဆုံးဖြတ်ရမည်။

### အဖြေများ

၁။ **ပုံ (က)** သည် တစ်ပြည်ထောင်စနစ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဗဟိုအစိုးရသည် တိုင်း/ပြည်နယ်များ၏ အထက်တွင် ရှိနေသောကြောင့် ဖြစ်သည်။

**ပုံ (ခ)** သည် ဖက်ဒရယ်ပုံစံဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တိုင်း/ပြည်နယ်များသည် ဗဟိုအစိုးရနှင့် အဆင့်အတန်းတူညီပြီး ၎င်းတို့အားလုံးသည် အခြေခံဥပဒေ၏ အောက်တွင်ရှိနေသည်။

၂။ (က) တစ်ပြည်ထောင်

(ခ) ဖက်ဒရယ်

(ဂ) တစ်ပြည်ထောင်

(ဃ) ဖက်ဒရယ်

(င) တစ်ပြည်ထောင်

(စ) ဖက်ဒရယ်

(ဆ) ဖက်ဒရယ်

(ဇ) ဖက်ဒရယ်

### ၁.၁ | ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

**သင်တန်းသားများအတွက် မေးခွန်းများ**

၁။ တစ်ပြည်ထောင်စနစ်၏ ကောင်းကျိုးအချို့မှာ မည်သည်တို့ဖြစ်သည်ဟု သင်ယုံကြည်သနည်း။

၂။ ဖက်ဒရယ်စနစ်၏ ကောင်းကျိုးအချို့မှာ မည်သည်တို့ ဖြစ်သည်ဟု သင်ယုံကြည်သနည်း။

**ပုံမှန်စာသင်ခန်းတွင်း** **အွန်လိုင်းအတန်းတွင်း** **ညွှန်ကြားချက်များ**

၁။ အဖွဲ့လိုက်ဖြစ်စေ၊ အတန်းတစ်တန်းလုံးအနေဖြင့်ဖြစ်စေ၊ သင်တန်းသားများက (ဆလိုက် ၁.၁.၄ တွင်လည်းရှိသည့်) ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း မေးခွန်းများကို ဆွေးနွေးရမည်။

၂။ သို့မဟုတ်ပါက ၎င်းတို့၏ အဖြေများကို အီလက်ထရောနစ် ဝှိုက်ဘုတ် (သို့) ဆွေးနွေးဖလှယ်သင်ပုန်း (bulletin board) ပေါ်တွင် ရေးသားစေနိုင်ပါသည်။

# ၁.၂ အစိုးရ၏ အင်စတီကျူးရှင်းများ

### ၁.၂ | သင်ခန်းစာအကြို

**ရည်ရွယ်ချက်** – တက်ရောက်သူများက အစိုးရနှင့် အစိုးရအင်စတီကျူးရှင်းများအကြောင်း ၎င်းတို့ အရင်သိနှင့်ပြီးသည့် အကြောင်းအရာများကို နှိုးဆွရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – တက်ရောက်သူများ သည် နှစ်ယောက်တွဲ (သို့) အဖွဲ့လိုက်လုပ်ဆောင်ရမည်။ အွန်လိုင်းအတန်းများအတွက် breakout rooms များနှင့် ဒစ်ဂျစ်တယ်ဝှိုက်ဘုတ်တစ်ခု လိုအပ်သည်။

**ပြင်ဆင်ရန်** – မေးခွန်းများကို ဘုတ်ပေါ်တွင်ရေးပါ (သို့) ဆလိုက် ၁.၂.၁ ကိုပြပါ။

**သင်တန်းသားများအတွက် မေးခွန်းများ**

၁။ အစိုးရဆိုသည်မှာ အဘယ်နည်း။

၂။ အစိုးရတစ်ရပ်တွင် မည်သည့် လူပုဂ္ဂိုလ်များ ပါဝင်သနည်း။

၃။ အစိုးရများက မည်သည်တို့ကို လုပ်ဆောင်ကြသနည်း။

**ပုံမှန်စာသင်ခန်းတွင်း** **ညွှန်ကြားချက်များ**

၁။ သင်တန်းသားများက နှစ်ယောက်တစ်တွဲ တွဲ၍ မေးခွန်းများကို ဆွေးနွေးပါ။

၂။ ပြီးလျှင် အခြားအတွဲတစ်တွဲနှင့်ပေါင်း၍ အဖြေများကို နှိုင်းယှဉ်ကြည့်ပါ။

၃။ အတန်းတစ်တန်းလုံး၏ အဖြေများကို စာရင်းတစ်ခုပြုလုပ်ပါ။

**အွန်လိုင်းအတန်းတွင်း** **ညွှန်ကြားချက်များ**

၁။ သင်တန်းသားများက မေးခွန်းများကို နှစ်ယောက်တစ်တွဲ (သို့) အဖွဲ့လိုက် ဆွေးနွေးပါ။

၂။ အဖွဲ့များက သူတို့၏ အကြံဉာဏ်များကို ဒစ်ဂျစ်တယ် ဝှိုက်ဘုတ်ပေါ်တွင်ရေးပါ။

၃။ အတန်းတစ်တန်းလုံးအနေဖြင့် သူတို့၏ အဖြေများကို ဆွေးနွေးပါ။

သင်တန်းသားများက အပိုင်း ၁.၂ အဆုံးအထိဖတ်ပါ။

# ၁.၂ | လေ့ကျင့်ခန်း

**ရည်ရွယ်ချက်** – အပိုင်း ၁.၂ တွင် ပါဝင်သည့် အဓိကသဘောတရားများကို သင်တန်းသားများက သူတို့အနေဖြင့် နားလည်မှုရှိမရှိ ဆန်းစစ်ပါ။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းတက်ရောက်သူများက တစ်ဦးချင်းအလုပ်လုပ်ရမည်။

**ပြင်ဆင်ရန်** – မေးခွန်းများကို ဘုတ်ပေါ်တွင်ရေးပါ (သို့) ဆလိုက် ၁.၂.၂ ကိုပြပါ။

## သင်တန်းသားများအတွက် မေးခွန်းများ

ဖက်ဒရယ်စနစ်များရှိ ဒီမိုကရက်တစ် အစိုးရတစ်ရပ်တွင် ရှိသည့် လက္ခဏာရပ်များ (၁–၅) ကို ၎င်းတို့၏ ရှင်းလင်းချက် အကျဉ်းများ (က–င) နှင့် တွဲပါ။

| | |
|---|---|
| ၁။ ဥပဒေပြုမဏ္ဍိုင် | (က) ဥပဒေများနှင့် အစိုးရ ဝန်ဆောင်မှုများ အသက်ဝင်ရေးကို ကြီးကြပ်သည်။ |
| ၂။ အုပ်ချုပ်ရေးမဏ္ဍိုင် | (ခ) ရွေးကောက်တင်မြှောက်ခံရသူ အဖွဲ့ဝင်များက ဥပဒေများကို ရေးဆွဲ (သို့) ပြင်ဆင်သည်။ |
| ၃။ တရားစီရင်ရေးမဏ္ဍိုင် | (ဂ) အစိုးရအင်စတီကျူးရှင်းများအကြား ထိန်းညှိသည်။ |
| ၄။ အာဏာများခွဲဝေခြင်း | (ဃ) အမြဲတမ်းခန့် ဝန်ထမ်းများက အစိုးရ ဝန်ဆောင်မှုများကို စီမံဆောင်ရွက်သည်။ |
| ၅။ ပြည်သူ့ဝန်ဆောင်မှု | (င) ဥပဒေကို အဓိပ္ပာယ် ဖွင့်ဆိုခြင်းနှင့် အသုံးချခြင်းကို ဆောင်ရွက်သည်။ |

**ပုံမှန်စာသင်ခန်းတွင်း** **အွန်လိုင်းအတန်းတွင်း** **ညွှန်ကြားချက်များ**

တက်ရောက်ပါဝင်သူများက ဖက်ဒရယ်စနစ်များရှိ ဒီမိုကရက်တစ် အစိုးရတစ်ရပ်တွင်ရှိသည့် လက္ခဏာရပ်များ (၁–၅) ကို ၎င်းတို့၏ ရှင်းလင်းချက်အကျဉ်းများ (က–င) နှင့် တွဲရမည်။

### အဖြေများ

| | | |
|---|---|---|
| ၁။ ခ | ၃။ င | ၅။ ဃ |
| ၂။ က | ၄။ ဂ | |

## ၁.၂ | ဆွေးနွေးခြင်း/ ပြန်လည်သုံးသပ်ခြင်း

**သင်တန်းသားများအတွက် မေးခွန်းများ**

အစိုးရ၏ အုပ်ချုပ်ရေးအဖွဲ့တွင်ပါဝင်သည့် ဝန်ကြီးများသည် လွှတ်တော်၏ ရွေးကောက်ခံ ကိုယ်စားလှယ်များလည်းဖြစ်သည့် ပါလီမန်စနစ် (သို့) အုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်သည့် ဝန်ကြီးများကို သီးခြားရွေးချယ်သည့် သမ္မတစနစ်ကို ပို၍သဘောကျပါသလား။ အဘယ်ကြောင့်နည်း။

**ပုံမှန်စာသင်ခန်းတွင်း** **အွန်လိုင်းအတန်းတွင်း** **ညွှန်ကြားချက်များ**

၁။ အဖွဲ့လိုက် (သို့) အတန်းတစ်ခုလုံးအနေဖြင့် သင်တန်းသားများက ဆွေးနွေးခြင်း/ ပြန်လည်သုံးသပ်ခြင်းတွင် ပါဝင်သည့် (ဆလိုက် ၁.၂.၃ ပေါ်တွင်လည်းရှိသည့်) မေးခွန်းများကို ဆွေးနွေးရမည်။

၂။ သို့မဟုတ်ပါက သင်တန်းသားများအား ၎င်းတို့၏ အဖြေများကို အီလက်ထရောနစ် ပို့က်ဘုတ် (သို့) bulletin board ပေါ်တွင် ရေးခိုင်းနိုင်သည်။

# ၁.၃ မြန်မာနိုင်ငံအစိုးရ၏ အင်စတီကျူးရှင်းများ (၂၀၁၁– ၂၀၂၁)

## ၁.၃ | သင်ခန်းစာအကြို

**ရည်ရွယ်ချက်** – သင်တန်းသားများက ၂၀၁၁–၂၀၂၁ အတွင်း မြန်မာနိုင်ငံ၏ အစိုးရဖွဲ့စည်းပုံနှင့် ပတ်သက်၍ သူတို့ယခင် သိရှိထားသည်များကို ဆန်းစစ်ကြည့်ရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက အတန်းတစ်တန်းလုံးအနေဖြင့် လုပ်ဆောင်ရမည်။

**ပြင်ဆင်ရန်** – အစိုးရ၏ အစိတ်အပိုင်းများနှင့် ဇယားကို ဘုတ်ပေါ်တွင် ရေးဆွဲပါ (သို့) ဆလိုက် ၁.၃.၁ ကိုပြပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

အစိုးရ၏ အစိတ်အပိုင်းများကို ဇယားရှိ မှန်ကန်သော အကွက်တွင်ထည့်ပါ။

၁။ တရားလွှတ်တော် တရားသူကြီးချုပ်

၂။ သမ္မတ

၃။ ဝန်ကြီးချုပ်များ

၄။ တိုင်းဒေသကြီး လွှတ်တော်များ

၅။ ပြည်သူ့လွှတ်တော်

၆။ တရားလွှတ်တော်ချုပ်

| | ဥပဒေပြုရေး | အုပ်ချုပ်ရေး | တရားစီရင်ရေး |
|---|---|---|---|
| ပြည်ထောင်စု | | | |
| ပြည်နယ်/ တိုင်းဒေသကြီး | | | |

**ပုံမှန်စာသင်ခန်းတွင်း** **အွန်လိုင်းအတန်းတွင်း** **ညွှန်ကြားချက်များ**

သင်တန်းသားများက အစိုးရ၏ အစိတ်အပိုင်းများကို ဇယားရှိ မှန်ကန်သောအကွက်တွင် ထည့်ရမည်။

### အဖြေများ

| | ဥပဒေပြုရေး | အုပ်ချုပ်ရေး | တရားစီရင်ရေး |
|---|---|---|---|
| ပြည်ထောင်စု | ပြည်သူ့ လွှတ်တော် | သမ္မတ | တရား လွှတ်တော်ချုပ် |
| ပြည်နယ်/ တိုင်းဒေသကြီး | တိုင်းဒေသကြီး လွှတ်တော်များ | ဝန်ကြီးချုပ် များ | တရားလွှတ်တော် တရားသူကြီးချုပ် |

သင်တန်းသားများက အပိုင်း ၁.၃ အဆုံးအထိဖတ်ရမည်။

## ၁.၃ | လေ့ကျင့်ခန်း

**ရည်ရွယ်ချက်** – အပိုင်း ၁.၃ တွင် ပါဝင်သည့် အဓိက သဘောတရားများကို သင်တန်းသားများက သူတို့အနေဖြင့် နားလည်မှုရှိမရှိ ဆန်းစစ်ပါ။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းတက်ရောက်သူများက တစ်ဦးချင်း အလုပ်လုပ်ရမည်။

**ပြင်ဆင်ရန်** – လုပ်ငန်းကို ဘုတ်ပေါ်တွင်ရေးပါ (သို့) ဆလိုက် ၁.၃.၂ ကိုပြပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

၂၀၀၈ အခြေခံဥပဒေအရ အစိုးရအင်စတီကျူးရှင်းများရှိ ရာထူးတာဝန်များကို ရွေးကောက်ခံ (သို့) ခန့်အပ်ခံ/ အမည်စာရင်းတင်သွင်းခံ အမျိုးအစားခွဲပါ။

| ရွေးကောက်ခံ | ခန့်အပ်ခံ/အမည်စာရင်း တင်သွင်းခံ |
|---|---|
| | |

၁။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ
၂။ တရားလွှတ်တော်ချုပ် တရားသူကြီးချုပ်
၃။ ပြည်ထောင်စု အစိုးရအဖွဲ့ဝင် ဝန်ကြီးများ
၄။ ပြည်နယ်/ တိုင်းဒေသကြီး ဝန်ကြီးချုပ်များ
၅။ တိုင်းရင်းသားရေးရာ ဝန်ကြီးများ
၆။ ပြည်နယ်/ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ
၇။ ပြည်ထောင်စုသမ္မတ
၈။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ
၉။ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ
၁၀။ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ
၁၁။ ပြည်နယ်/ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ

### ပုံမှန်စာသင်ခန်းတွင်း အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ

သင်တန်းသားများက ၂၀၀၈ အခြေခံဥပဒေအရ အစိုးရ အင်စတီကျူးရှင်းများရှိ ရာထူးတာဝန်များကို ရွေးကောက်ခံ (သို့) ခန့်အပ်ခံ/ အမည်စာရင်းတင်သွင်းခံ အမျိုးအစားခွဲရမည်။

### အဖြေများ

| ရွေးကောက်ခံ | ခန့်အပ်ခံ/အမည်စာရင်း တင်သွင်းခံ |
|---|---|
| ၁၊ ၅၊ ၆၊ ၇*၊ ၈ | ၂၊ ၃၊ ၄၊ ၉၊ ၁၀၊ ၁၁ |

*၂၀၀၈ အခြေခံဥပဒေတွင် သမ္မတကို ပြည်သူက တိုက်ရိုက် ရွေးကောက်ခြင်း မဟုတ်ပါ။ ရွေးကောက်ခံ ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်များက သမ္မတများကို မဲခွဲ ရွေးကောက်သည်။

## ၁.၃ | လုပ်ဆောင်ချက်

ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်းအောက်ရှိ မေးခွန်းများကို အပြန်အလှန် တုံ့ပြန်ပြောဆိုလုပ်ဆောင်ရသည့် လုပ်ဆောင်ချက်တွင် ထည့်သွင်းအသုံးပြုပါ။ (ဆလိုက် ၁.၃.၃ တွင်လည်း ရှိပါသည်။)

**ရည်ရွယ်ချက်** – သင်တန်းသားများသည် ၂၀၀၈ အခြေခံဥပဒေတွင် ပါဝင်သည့် အစိုးရဖွဲ့စည်းပုံများ၏ အစိတ်အပိုင်းများကို ခွဲခြမ်းစိတ်ဖြာရမည်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများသည် နှစ်ယောက်တွဲ (သို့) အုပ်စုလိုက်လေ့လာကြရမည်။ အွန်လိုင်းအတန်းများတွင် breakout rooms များနှင့် ဒစ်ဂျစ်တယ် ဂိုက်ဘုတ်တစ်ခု လိုအပ်မည်ဖြစ်သည်။

**ပြင်ဆင်ရန်** – Flipchart စာရွက်နှင့် marker များ (သို့) breakout rooms များ

### သင်တန်းသားများအတွက် မေးခွန်းများ

၁။ ၂၀၀၈ အခြေခံဥပဒေတွင်ပါဝင်သည့် မြန်မာအစိုးရဖွဲ့စည်းပုံ၏ မည်သည့်အစိတ်အပိုင်းများသည် ဖက်ဒရယ်ဆန်သည်/ဒီမိုကရေစီဆန်သည်ဟု သင်ထင်သနည်း။ အဘယ့်ကြောင့်နည်း။

၂။ ၂၀၀၈ အခြေခံဥပဒေတွင်ပါဝင်သည့် မြန်မာအစိုးရဖွဲ့စည်းပုံ၏ မည်သည့်အစိတ်အပိုင်းများသည် ဖက်ဒရယ်မဆန်/ဒီမိုကရေစီမဆန်ဟု သင်ထင်သနည်း။ အဘယ့်ကြောင့်နည်း။

### ပုံမှန်စာသင်ခန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများက နှစ်ယောက်တွဲ လေ့လာရမည်။ တွဲဖက် (က) သည် ဖက်ဒရယ်/ဒီမိုကရေစီဆန်သည့် အချက်များစာရင်းနှင့် အချက်တစ်ချက်ချင်းစီက မည်သည့်အတွက်ကြောင့် ဖက်ဒရယ်/ဒီမိုကရေစီဆန်သည်ဆိုသည့် အကြောင်းပြချက်များကို ရေးသားရမည်။

တွဲဖက် (ခ) သည် ဖက်ဒရယ်/ဒီမိုကရေစီမဆန်သည့် အချက်များစာရင်းနှင့် အချက်တစ်ချက်ချင်းစီက မည်သည့်အတွက်ကြောင့် ဖက်ဒရယ်/ဒီမိုကရေစီမဆန်ဆိုသည့် အကြောင်းပြချက်များကို ရေးသားရမည်။

၂။ ထိုအချက်များစာရင်းနှင့် မည်သည့်အတွက်ကြောင့် ဖက်ဒရယ်/ဒီမိုကရေစီဆန်သည် (သို့) မဆန်ဆိုသည့် အကြောင်းပြချက်များကို တစ်လှည့်စီ ရှင်းပြရမည်။

၃။ နှစ်ယောက်တွဲသည့် အခြားအတွဲတစ်တွဲနှင့်ပေါင်း၍ ၎င်းတို့၏ စာရင်းများနှင့် အကြောင်းပြချက်များကို ယှဉ်ကြည့်ရမည်။

၄။ အဖွဲ့များသည် flipchart စာရွက်ပေါ်တွင် အတူပေါင်းထားသည့် စာရင်းကိုရေးသား၍ အတန်းတစ်တန်းလုံးသို့ ရှင်းလင်းတင်ပြရမည်။

### အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ

၁။ အတန်းတစ်ဝက် ('က' များ) ကို ဖက်ဒရယ်ဆန်သည့်/ဒီမိုကရေစီဆန်သည့် အချက်များစာရင်းနှင့် အချက်တစ်ချက်ချင်းစီက မည်သည့်အတွက်ကြောင့် ဖက်ဒရယ်ဆန်သည်/ဒီမိုကရေစီဆန်သည်ဆိုသည့် အကြောင်းပြချက်များကို ရေးသားခိုင်းပါ။ ကျန်တစ်ဝက် ('ခ' များ) ကို breakout rooms ထဲသို့ထည့်ပါ။ ၎င်းတို့ကို ဖက်ဒရယ်မဆန်/ဒီမိုကရေစီမဆန်သည့် အချက်များစာရင်းနှင့် အချက်တစ်ချက်ချင်းစီက မည်သည့် အတွက်ကြောင့် ဖက်ဒရယ်မဆန်/ဒီမိုကရေစီမဆန်ဆိုသည့် အကြောင်းပြချက်များကို ရေးသားခိုင်းပါ။

၂။ breakout rooms များဖြင့် 'က' နှစ်ဦးနှင့် 'ခ' နှစ်ဦးပါဝင်သည့် အဖွဲ့များဖွဲ့ပါ။ အဖွဲ့ဝင်များသည် အချက်များစာရင်းနှင့် ထိုအချက်တစ်ချက်စီသည် မည်သည့်အတွက်ကြောင့် ဖက်ဒရယ်/ဒီမိုကရေစီဆန်သည် (သို့) မဆန်ဆိုသည့် အကြောင်းပြချက်များကို ဆွေးနွေးရမည်။

၃။ အဖွဲ့များက ၎င်းတို့၏ စာရင်းကို အတန်းသို့ ရှင်းလင်းတင်ပြရမည်။

## ဖြစ်နိုင်ခြေရှိသော အဖြေများ

**ဖက်ဒရယ်/ ဒီမိုကရေစီဆန်သော အချက်များ**

- ပြည်ထောင်စုနှင့် ပြည်နယ်/ တိုင်းဒေသကြီး လွှတ်တော်များရှိ ရွေးကောက်ခံကိုယ်စားလှယ်များ (ရွေးကောက်ခံကိုယ်စားလှယ်များရှိခြင်းသည် ဒီမိုကရေစီစနစ်တွင် ပုံမှန်ကိစ္စဖြစ်သည်။)
- ပြည်ထောင်စုလွှတ်တော်ရှိ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ရှိပြီး အထက်လွှတ်တော်သည် ပြည်နယ်/ တိုင်းဒေသကြီးများကို ကိုယ်စားပြုခြင်း (လွှတ်တော်နှစ်ရပ်ရှိသော ပါလီမန်၊ တိုင်းပြုပြည်ပြုနယ်မြေများကို ကိုယ်စားပြုသော အထက်လွှတ်တော်ရှိခြင်းသည် ဖက်ဒရယ်စနစ်များတွင် ပုံမှန်ဖြစ်သည်။)
- ပြည်နယ်/ တိုင်းဒေသကြီး လွှတ်တော်များ (တိုင်းပြုပြည်ပြုနယ်မြေအဆင့် ပါလီမန်များသည် ဖက်ဒရယ်စနစ်တွင် ပုံမှန်ဖြစ်သည်။)
- အစိုးရ၏ မဏ္ဍိုင်သုံးရပ် – ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး (ကိုင်းခွဲသုံးရပ်ရှိခြင်းသည် ဒီမိုကရေစီ/ ဖက်ဒရယ်စနစ်များတွင် ပုံမှန်ဖြစ်သည်။)
- ပြည်နယ်နှင့်တိုင်းဒေသကြီးများ (ပုံမှန်အားဖြင့် ဖက်ဒရယ်စနစ်များတွင် တိုင်းပြုပြည်ပြုနယ်မြေများ ရှိသည်။
- ရွေးကောက်ခံ ကိုယ်စားလှယ်များက ရွေးကောက်တင်မြှောက်သော သမ္မတ (ဒီမိုကရေစီစနစ်အချို့တွင် ရှိသည်။)
- ဖွဲ့စည်းပုံအခြေခံဥပဒေ (ဖက်ဒရယ်/ ဒီမိုကရေစီစနစ်များတွင် ပုံမှန်ဖြစ်သည်။)
- အခြေခံဥပဒေခုံရုံး (အခြေခံဥပဒေကို အနက်ဖွင့်ဆိုရန်နှင့် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်/ တိုင်းဒေသကြီး အချင်းချင်းအကြား အငြင်းပွားမှုကို ဖြေရှင်းရန် အင်စတီကျူးရှင်းဖြစ်ပြီး ဖက်ဒရယ်စနစ်များတွင် ပုံမှန်ရှိသည်။)

**ဖက်ဒရယ်/ ဒီမိုကရေစီမဆန်သော အချက်များ**

- လွှတ်တော်တိုင်းတွင် ခန့်အပ်ခံ တပ်မတော် ကိုယ်စားလှယ်များရှိနေခြင်း (ရွေးကောက်ခံ မဟုတ်သဖြင့် ဒီမိုကရေစီမဆန်)
- နိုင်ငံရေးတွင် စစ်တပ်၏ အခန်းကဏ္ဍ (ဒီမိုကရေစီမဆန်၊ စစ်တပ်သည် များသောအားဖြင့် အရပ်သားအစိုးရ အောက်တွင်ရှိသည်။)
- အချို့သော အစိုးရဝန်ကြီးဌာနများကို စစ်တပ်က ချုပ်ကိုင်ထားခြင်း (ဒီမိုကရေစီမဆန်၊ များသောအားဖြင့် အစိုးရဝန်ကြီးဌာနများသည် အရပ်သားဝန်ကြီးများ၏ အောက်တွင်သာရှိသည်။)
- ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ကိုယ်ပိုင်ဖွဲ့စည်းပုံ အခြေခံဥပဒေမရှိခြင်း (ဤအချက်ကို ဖော်ပြနိုင်သည်။ ဖက်ဒရယ်စနစ်များတွင် တိုင်းပြုပြည်ပြုနယ်မြေများ အတွက် အခြေခံဥပဒေများ ရှိတတ်ကြသည်။)
- ဗဟို (စစ်တပ်) ချုပ်ကိုင်မှုရှိသော ထွေအုပ် (ဒီမိုကရေစီမဆန်၊ ပြည်သူ့ရေးရာဝန်ဆောင်မှုသည် အများအားဖြင့် အရပ်ဖက်အုပ်ချုပ်ရေးအောက်တွင်သာ ရှိကြသည်။)
- အုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်သော အချို့ဝန်ကြီးများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်ခြင်း (ဒီမိုကရေစီမဆန်)
- ပြည်နယ်/ တိုင်းဒေသကြီး ဝန်ကြီးချုပ်များကို သမ္မတက ခန့်အပ်ခြင်း (ဖက်ဒရယ် (သို့) ဒီမိုကရေစီမဆန်၊ တိုင်းပြုပြည်ပြုနယ်မြေအဆင့် အစိုးရအဖွဲ့ဝင်များကို ဗဟိုက ခန့်အပ်ခြင်း)

သင်တန်းသားများသည် စာအုပ်ထဲတွင် မဖော်ပြထားဘဲ သူတို့၏ ဗဟုသုတပေါ် အခြေခံ၍လည်း ထည့်သွင်းဆွေးနွေးမှုများ ပြုလုပ်နိုင်သည်။ ဥပမာ – အခြေခံဥပဒေပြင်ဆင်ရန် လွှတ်တော်များတွင်ရှိသော ကိုယ်စားလှယ် ၇၅ % ကျော်က သဘောတူရန် လိုအပ်ချက်ရှိနေခြင်း၊ ထိုသို့ ရှိနေသည့်အတွက် စစ်တပ်တွင် ကိုယ်စားလှယ်နေရာ ၂၅ % ခန့်အပ်ခွင့် ရှိနေပြီးဖြစ်၍ အခြေခံဥပဒေ ပြင်ဆင်ခြင်းကို ကန့်ကွက်ရန် နည်းလမ်းရှိနေခြင်း။

# ၁.၄ ဖွဲ့စည်းပုံအခြေခံဥပဒေများ

## ၁.၄ | သင်ခန်းစာအကြို

**ရည်ရွယ်ချက်** – သင်တန်းသားများက အခြေခံဥပဒေနှင့် ပတ်သက်သည့် ၎င်းတို့ယခင်က သိရှိထားသည်များကို နှိုးဆွရန်။
**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများသည် နှစ်ယောက်တွဲ (သို့) အုပ်စုလိုက်လေ့လာကြရမည်။ အွန်လိုင်းအတန်းများတွင် breakout rooms များနှင့် ဒစ်ဂျစ်တယ် ဝိုက်ဘုတ်တစ်ခု လိုအပ်မည်ဖြစ်သည်။
**ပြင်ဆင်ရန်** – မေးခွန်းများကို ဘုတ်တစ်ခုပေါ်တွင်ရေးပါ (သို့) ဆလိုက် ၁.၄.၁ ကိုပြပါ။

**သင်တန်းသားများအတွက် မေးခွန်းများ**

၁။ အခြေခံဥပဒေဆိုသည်မှာ အဘယ်နည်း။
၂။ အခြေခံဥပဒေတွင် မည်သည်တို့ ပါဝင်သနည်း။

**ပုံမှန်စာသင်ခန်းတွင်း ညွှန်ကြားချက်များ**

၁။ နှစ်ယောက်တစ်တွဲ တွဲ၍ သင်တန်းသားများက မေးခွန်းများကို ဆွေးနွေးပါ။
၂။ နောက်ထပ်အတွဲတစ်တွဲနှင့်ပေါင်း၍ အဖြေများကို ယှဉ်ကြည့်ပါ။
၃။ တစ်တန်းလုံး၏ အဖြေများကို စုပေါင်းစာရင်းပြုပါ။

**အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ**

၁။ သင်တန်းသားများက နှစ်ယောက်တစ်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ မေးခွန်းများကို ဆွေးနွေးပါ။
၂။ အဖွဲ့များက ၎င်းတို့၏ အကြံဉာဏ်များကို ဒစ်ဂျစ်တယ် ဝိုက်ဘုတ်ပေါ်တွင် ချရေးပါ။
၃။ အတန်းတစ်တန်းလုံးအနေဖြင့် အဖြေများကို ဆွေးနွေးပါ။

သင်တန်းသားများက အပိုင်း ၁.၄ အဆုံးအထိဖတ်ပါ။

## ၁.၄ | လေ့ကျင့်ခန်း

**ရည်ရွယ်ချက်** – သင်တန်းသားများက အပိုင်း ၁.၄ တွင် ပါဝင်သည့် အဓိကအကြောင်းအရာများကို နီပေါ ဒီမိုကရက်တစ်သမ္မတပြည်ထောင်စု၏ ၂၀၁၅ အခြေခံဥပဒေတွင် လက်တွေ့ချိန်ထိုးကြည့်ပါမည်။
**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက တစ်ဦးချင်း (သို့) နှစ်ဦးတွဲ (သို့) အဖွဲ့လိုက် လေ့လာ လုပ်ဆောင်ရပါမည်။ ပါဝင်သူများအားလုံးတွင် လက်ကမ်းစာစောင်ရှိနေရမည်။
**ပြင်ဆင်ရန်** – (နောက်တစ်မျက်နှာရှိ) လက်ကမ်းစာစောင် ၁.၄ ကို မိတ္တူများ ကူးထားရမည်။

**ပုံမှန်စာသင်ခန်းတွင်း အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ**

ဖက်ဒရယ်အခြေခံဥပဒေများတွင် ပါဝင်လေ့ရှိသည့် အချက်အလက်များ (၁–၁၀) နှင့် ကိုက်ညီသည့် နီပေါ ဒီမိုကရက်တစ်သမ္မတပြည်ထောင်စု၏ ၂၀၁၅ အခြေခံဥပဒေမှ ကောက်နုတ်ထားသည့် (က–ည) ကို ယှဉ်တွဲရမည်။

**အဖြေများ**

၁။ (ဂ) ၃။ (ည) ၅။ (ဃ) ၇။ (င) ၉။ (စ)
၂။ (ဈ) ၄။ (က) ၆။ (ဇ) ၈။ (ဆ) ၁၀။ (ခ)

# လက်ကမ်းစာစောင် ၁.၄

အောက်တွင်တွေ့ရသည်မှာ နီပေါပြည်ထောင်စုသမ္မတနိုင်ငံ၏ ၂၀၁၅ အခြေခံဥပဒေမှ အတိုချုံးကောက်နုတ်ချက်များ (က–ည) ဖြစ်ပါသည်။ ၎င်းတို့ကို ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ယေဘုယျအစိတ်အပိုင်းများ (၁–၁၀) နှင့် ယှဉ်တွဲပါ။

၁။ နိုင်ငံသားများ၏ မူလအခွင့်အရေးများ

၂။ ဖက်ဒရယ်စနစ်ဖွဲ့စည်းပုံ

၃။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ

၄။ နိုင်ငံ၏ခေါင်းဆောင်ကို ရွေးချယ်ခြင်း

၅။ ဥပဒေပြဋ္ဌာန်းခြင်းအတွက် လုပ်ငန်းစဉ်

၆။ တရားရေးမဏ္ဍိုင်၏ ဖွဲ့စည်းပုံ

၇။ ဥပဒေပြုအာဏာများအားခွဲဝေပုံ

၈။ အုပ်ချုပ်ရေးအာဏာများခွဲဝေပုံ

၉။ အခွန်ကောက်ခံခွင့်အာဏာများခွဲဝေပုံ

၁၀။ အခြေခံဥပဒေကို ပြင်ဆင်နိုင်သည့်နည်းလမ်း

(က) ပြည်ထောင်စုပါလီမန်၏ မဲပေးခွင့်ရှိသူ ကိုယ်စားလှယ်များနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ပါဝင်သည့် သမ္မတ ရွေးချယ်ရေးအဖွဲ့ (electoral college) က သမ္မတကို ရွေးချယ်သည်။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဓိကအချက်များကို ပြင်ဆင်ရန်ကြိုးပမ်းသည့်အခါ၊ ထိုအဆိုကို ပြည်ထောင်စုပါလီမန်၏ လွှတ်တော်နှစ်ရပ်မှ တစ်ရပ်တွင် တင်သွင်းရမည်။ .... ပြည်နယ်လွှတ်တော်အများစုက ပြည်ထောင်စု ပါလီမန်သို့ ထိုဥပဒေကြမ်းကို ကန့်ကွက်ရန် တင်သွင်းလျှင်၊ ၎င်းအဆိုပျက်ပြယ်သည်။

(ဂ) နိုင်ငံသားတိုင်းတွင် လွတ်လပ်စွာထင်မြင်ပိုင်ခွင့်နှင့် ပြောရေးဆိုခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ နိုင်ငံရေး ပါတီ တည်ထောင်ခွင့်၊ သမဂ္ဂများနှင့် အသင်းအဖွဲ့ များ လွတ်လပ်စွာ ဖွဲ့စည်းနိုင်ခွင့်ရှိသည်။

(ဃ) ပြည်ထောင်စုပါလီမန်၏ လွှတ်တော်တစ်ရပ်က အတည်ပြုလိုက်သည့် ဥပဒေမူကြမ်းကို ကျန်လွှတ်တော်တစ်ရပ်ဆီသို့ ချက်ချင်းပို့ရမည်။ ထိုလွှတ်တော်မှ အတည်ပြုပြီးသည့်အခါ လက်မှတ်ရေးထိုးအတည်ပြုနိုင်ရန် သမ္မတထံသို့ ပို့ရမည်။

(င) ပြည်ထောင်စုပါလီမန်၏ ဥပဒေပြုပိုင်ခွင့် အာဏာများမှာ ဇယား (၅)၊ (၇) နှင့် (၉) တို့တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။ ပြည်နယ်လွှတ်တော်များ၏ ဥပဒေပြုပိုင်ခွင့် အာဏာများမှာ ဇယား (၆)၊ (၇) နှင့် (၉) တို့တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

(စ) ပြည်ထောင်စု၊ ပြည်နယ်နှင့် ဒေသအဆင့် အစိုးရများက ၎င်းတို့၏ ဘဏ္ဍာရေးစီရင်ပိုင်ခွင့် နယ်မြေထဲတွင် ကျရောက်သည့် အကြောင်းအရာများပေါ်တွင် အခွန်ကောက်ခံပြီး ထိုအရင်းအမြစ်များ အခွန်ဘဏ္ဍာများ ရရှိမည် ဖြစ်သည်။

(ဆ) ဤအခြေခံဥပဒေအရ နီပေါနိုင်ငံ၏ အုပ်ချုပ်ရေး အာဏာကို ဝန်ကြီးများကောင်စီသို့ အပ်နှင်းသည်။ ပြည်နယ်တစ်ခုချင်းစီ၏ အုပ်ချုပ်ရေးအာဏာသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများအရ ပြည်နယ်ဝန်ကြီးများကောင်စီသို့ အပ်နှင်းသည်။

(ဇ) နီပေါနိုင်ငံတွင် တရားလွှတ်တော်ချုပ်၊ တရားလွှတ်တော်နှင့် ခရိုင်တရားရုံးများရှိသည်။

(ဈ) ပြည်ထောင်စုသမ္မတနီပေါနိုင်ငံတွင် ပြည်ထောင်စု အဆင့်၊ ပြည်နယ်အဆင့်၊ ဒေသအဆင့်ဟူ၍ အဆင့်သုံးဆင့်ရှိမည်ဖြစ်သည်။

(ည) အောက်လွှတ်တော်တွင် ကိုယ်စားလှယ်ပေါင်း ၂၇၅ ဦး ပါဝင်ပြီး ၁၆၅ ဦးကို မဲအများဆုံးသူ အနိုင်ရစနစ် (first past the post) စနစ်ဖြင့် ရွေးကောက်ပြီး ၁၁၀ ဦးကို အချိုးကျကိုယ်စားပြု စနစ် (PR) ဖြင့် ရွေးကောက်တင်မြှောက်သည်။

# ၁.၄ | လုပ်ဆောင်ချက်

အပြန်အလှန် ပြောဆိုလုပ်ဆောင်ရန် ဆွေးနွေးခြင်း/ ပြန်လည်သုံးသပ်ခြင်း မေးခွန်းများကို အသုံးပြုပါ။

**ရည်ရွယ်ချက်** – သင်တန်းသားများက အခြေခံဥပဒေပါ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက နှစ်ဦးတွဲနှင့် အဖွဲ့လိုက်လုပ်ဆောင်ဆွေးနွေးရမည်။ အွန်လိုင်း အတန်းများတွင် အခန်းခွဲများ (breakout rooms) နှင့် ဒစ်ဂျစ်တယ်ပို့က်ဘုတ်တစ်ခု လိုအပ်သည်။

**ပြင်ဆင်ရန်** – Flipchart paper နှင့် marker များ (သို့မဟုတ်) breakout rooms များ။ မေးခွန်းများကို ဘုတ်ပေါ်တွင်ရေးပါ (သို့) ဆလိုက် ၁.၄.၂ ကိုပြပါ။

## သင်တန်းသားများအတွက် မေးခွန်းများ

အောက်ပါအချက်တစ်ခုချင်းစီသည် အဘယ်ကြောင့် အခြေခံဥပဒေတွင် ပါဝင်မည်နည်း။

၁။ နိုင်ငံသားများ၏ မူလအခွင့်အရေး

၂။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ

၃။ ဥပဒေပြုခြင်း လုပ်ငန်းစဉ်

၄။ ပြည်ထောင်စုအဆင့်နှင့် တိုင်းပြုပြည်ပြုနယ်မြေ အဆင့်များအကြား ဥပဒေပြုအာဏာကို ခွဲဝေခြင်း

၅။ အခြေခံဥပဒေကို ပြင်ဆင်ရန်နည်းလမ်း

### ပုံမှန်စာသင်ခန်းတွင်း ညွှန်ကြားချက်များ

၁။ အတန်းကို အဖွဲ့ ငါးဖွဲ့ (သို့ ဆယ်ဖွဲ့)ခွဲပါ။ အဖွဲ့တစ်ဖွဲ့စီတွင် စာရင်းထဲမှ အချက်အလက်တစ်ခုရှိနေရမည်။ ထိုအချက်ကို မည်သည့်အတွက်ကြောင့် နိုင်ငံတစ်နိုင်ငံ၏ အခြေခံဥပဒေတွင် ထည့်သွင်းရမည်ကို ဆွေးနွေးရမည်။

၂။ အခြားအဖွဲ့တစ်ဖွဲ့နှင့်ပေါင်း၍ ၎င်းတို့၏အချက်ကို ထည့်သွင်းနိုင်သည့် အကြောင်းအရင်းများကို ရှင်းပြရမည်။ အဖွဲ့တစ်ခုနှင့်တစ်ခု အကြောင်းပြချက်များ တူညီသလား၊ ကွဲပြားသလား။

၃။ အတန်းတစ်ခုလုံးအနေဖြင့် အခြေခံဥပဒေအများစုတွင် ဤအချက်များကို မည်သည့်အတွက် ထည့်သွင်းရမည်ဆိုသည့် အကြောင်းအရင်းများကို ဆွေးနွေးရမည်။

### အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ

၁။ အတန်းကို breakout rooms အခန်းများခွဲ၍ အဖွဲ့ငါးဖွဲ့ခွဲပါ။ အဖွဲ့တစ်ဖွဲ့စီတွင် စာရင်းထဲမှ အချက်အလက်တစ်ခု ရှိနေရမည်။ ထိုအချက်ကို မည်သည့်အတွက်ကြောင့် နိုင်ငံတစ်နိုင်ငံ၏ အခြေခံဥပဒေတွင် ထည့်သွင်းရမည်ကို ဆွေးနွေးရမည်။

၂။ အဖွဲ့များက ၎င်းတို့၏ အကြောင်းပြချက်များကို အတန်းတစ်ခုလုံးသို့ ရှင်းလင်းတင်ပြ၍ အခြေခံဥပဒေ အများစုတွင် ဤအချက်များကို မည်သည့်အတွက် ထည့်သွင်း ရမည်ဆိုသည့် အကြောင်းအရင်းများကို ဆွေးနွေးရမည်။ အဖွဲ့တစ်ခုနှင့်တစ်ခု အကြောင်းပြချက်များ တူညီသလား၊ ကွဲပြားသလား။

## ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ နိုင်ငံသားများ၏ မူလအခွင့်အရေးများ – ပြည်သူများအတွက် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် (သို့) မျှတသည့် တရားစီရင်ရေးကို ရပိုင်ခွင့်စသည့် မည်သည့်အစိုးရကမှ ပယ်ဖျက်ခြင်း၊ ချိုးဖောက်ခြင်း မပြုနိုင်သည့် ခိုင်မာသည့် အခြေခံအခွင့်အရေးများရှိရမည်။

၂။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ – ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန်အတွက် လွှမ်းမိုးပယ်ဖျက်ခြင်း (သို့) လျစ်လျူရှုခြင်း မပြုလုပ်နိုင်သည့် တစ်သမတ်တည်းဖြစ်၍ မျှတသောလုပ်ငန်းစဉ်ရှိစေရန်ဖြစ်သည်။ ရွေးကောက်ပွဲများကို ဆောင်ရွက်ပုံနှင့် ပတ်သက်၍ သဘောမတူညီကြပါက သို့တည်းမဟုတ် ရွေးကောက်ပွဲ ရလဒ်များကို မယုံကြည်ကြပါက ပဋိပက္ခများဖြစ်နိုင်သည်။

၃။ ဥပဒေပြုရေးအတွက် လုပ်ငန်းစဉ် – ရွေးကောက်ခံ အစိုးရများထက် ဥပဒေများက ပို၍ကြာရှည်စွာ တည်မြဲနေသည့်အတွက် ဥပဒေပြုရေး လုပ်ငန်းစဉ်သည် အရေးကြီးပါသည်။ ထို့ကြောင့် ထိုလုပ်ငန်းစဉ်ကို သဘောတူညီရန်နှင့် တိတိကျကျရှိရန် လိုအပ်သည်။ သို့မှသာ ပြည်သူများက ဥပဒေကို ယုံကြည်လိုက်နာကြမည်ဖြစ်သည်။

၄။ ဗဟိုအစိုးရနှင့် တိုင်းပြုပြည်ပြုနယ်မြေအစိုးရများအကြား ဥပဒေပြုရေးအာဏာများ ခွဲဝေမှု – ပြည်ထောင်စုအဆင့်နှင့် တိုင်းပြုပြည်ပြုနယ်မြေအဆင့် အစိုးရများသည် ၎င်းတို့ အနေဖြင့် မည်သည့်ကိစ္စရပ်များအပေါ်တွင် ဥပဒေပြု နိုင်ကြောင်းကို ရှင်းရှင်းလင်းလင်းရှိရန် လိုအပ်သည်။ သို့မဟုတ်ပါက မတူညီသည့် ဥပဒေများအကြား ကွာဟမှုများ (သို့) ဆန့်ကျင်မှုများ ရှိနေနိုင်သည်။

၅။ အခြေခံဥပဒေကို ပြောင်းလဲမည့်နည်းလမ်း – အခြေခံဥပဒေ ကို ပြင်ဆင်ရန် ရှင်းလင်း၍ ခိုင်မာသည့် နည်းလမ်းမရှိပါက၊ အပြောင်းအလဲလုပ်ရန် အလွန်လွယ်ပြီး အချို့သော နိုင်ငံရေး လုပ်ရှားသူများက ၎င်းတို့အကျိုးအတွက် အသုံးချခြင်း သော်လည်းကောင်း၊ ပြောင်းလဲရန် လိုအပ်လာသည့်အခါ ပြင်ဆင်ရန် ခက်လွန်းနေခြင်းသော်လည်းကောင်း ဖြစ်နိုင်သည့် အန္တရာယ်ရှိပါသည်။ အခြေအနေနှစ်ရပ်လုံး သည် ပဋိပက္ခဆီသို့ ဦးတည်သွားနိုင်ပါသည်။

**မှတ်ချက်** – အလုပ်ရုံဆွေးနွေးပွဲကြီးများတွင် နှစ်ယောက်တစ်တွဲ ဆွေးနွေးလုပ်ဆောင်ရန် အခြေခံဥပဒေတွင် ပါဝင်လေ့ရှိသော အခြားအချက်များကိုလည်း ထည့်သွင်းနိုင်သည်။

- ဖက်ဒရယ်စနစ်ဖွဲ့စည်းပုံ
- နိုင်ငံ့ခေါင်းဆောင်ရွေးချယ်ခြင်း
- တရားစီရင်ရေး၏ ဖွဲ့စည်းပုံ
- အခွန်ကောက်ခံခွင့်အာဏာများကို ခွဲဝေခြင်း

# ၁.၅ အာဏာများကို ခွဲဝေခြင်း

## ၁.၅ | သင်ခန်းစာအကြို

**ရည်ရွယ်ချက်** – သင်တန်းသားများက ဖက်ဒရယ်စနစ်များတွင် အာဏာခွဲဝေခြင်းကို ဆင်ခြင်စဉ်းစားရန်

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားအားလုံးက ဘုတ်ကို မြင်နေစေရမည်။ စာသားကို သူတို့ ဖတ်ပြီးသည်အထိ ဘုတ်ကိုပြထားပါ။

**ပြင်ဆင်ရန်** – ဘုတ်ပေါ်တွင် ဇယားကိုဆွဲပါ (သို့) ဆလိုက် ၁.၅.၁ ကိုပြပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

၁။ ဖက်ဒရယ်စနစ်တစ်ခုအတွင်းတွင်၊ ပြည်ထောင်စုအဆင့် အစိုးရသို့ မည်သို့သော အာဏာများကို အပ်နှင်းလေ့ရှိသနည်း။

၂။ မည်သို့သော အာဏာများကို တိုင်းပြုပြည်ပြုနယ်မြေများကို ပေးအပ်လေ့ရှိသနည်း။

၃။ မည်သို့သော အာဏာများကို ပြည်ထောင်စုအဆင့် အစိုးရနှင့် တိုင်းပြုပြည်ပြုနယ်မြေအစိုးရများအကြား မျှဝေကျင့်သုံးလေ့ရှိသနည်း။

| ပြည်ထောင်စုအဆင့် အစိုးရ | မျှဝေကျင့်သုံးသည် | တိုင်းပြုပြည်ပြု နယ်မြေအဆင့် အစိုးရ |
|---|---|---|
| | | |

### ပုံမှန်စာသင်ခန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများက မည်သည့်အာဏာများကို ပြည်ထောင်စုအစိုးရသို့အပ်နှင်းမည်၊ မည်သည်ကို တိုင်းပြုပြည်ပြုနယ်မြေအဆင့်အစိုးရ အပ်နှင်းမည်နှင့် မည်သည်တို့ကို မျှဝေသုံးစွဲရမည်ကို ဦးနှောက်မုန်တိုင်းဆင် စဉ်းစားပါ။ ဇယားအတွင်းတွင် အတန်းတစ်ခုလုံး စဉ်းစားရသမျှကိုရေးပါ။

၂။ ဤအပိုင်းကို သင်တန်းသားများ ဖတ်ပြီးသည့်အခါတွင် ဤစဉ်းစားထားခဲ့သည့်အဖြေများကို ပြန်စစ်ကြည့်ပါ။ ပြင်လိုသည်ရှိမရှိကြည့်ခိုင်းပါ။

### အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများက မည်သည့်အာဏာများကို ပြည်ထောင်စုအစိုးရသို့ အပ်နှင်းမည်၊ မည်သည်ကို တိုင်းပြုပြည်ပြုနယ်မြေအဆင့် အစိုးရအပ်နှင်းမည်နှင့် မည်သည်တို့ကို မျှဝေသုံးစွဲရမည်ကို ဦးနှောက်မုန်တိုင်းဆင် စဉ်းစားပါ။ ဇယားအတွင်းတွင် အတန်းတစ်ခုလုံး စဉ်းစားရသမျှကို document (သို့) ဒစ်ဂျစ်တယ်ဂိုက်ဘုတ်တစ်ခုပေါ်တွင် ရေးပါ။ ပုံကို screenshot ရိုက်ထားပါ။ သို့မဟုတ် သိမ်းထားပါ။

၂။ ဤအပိုင်းကို သင်တန်းသားများ ဖတ်ပြီးသည့်အခါတွင် ဤစဉ်းစားထားခဲ့သည့် အဖြေများကို ပြန်စစ်ကြည့်ပါ။ ပြင်လိုသည်ရှိမရှိ ကြည့်ခိုင်းပါ။

သင်တန်းသားများက နမူနာဖြစ်ရပ်လေ့လာချက်အထိဖတ်ပါ။

## ၁.၅ | လေ့ကျင့်ခန်း

**ရည်ရွယ်ချက်** – သင်တန်းသားများက အပိုင်း ၁.၅ တွင် ပါဝင်သည့် အဓိကအကြောင်းအရာများအား ၎င်းတို့၏ နားလည်မှုကို ဆန်းစစ်ရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက တစ်ဦးချင်း လေ့လာလုပ်ကိုင်ရမည်။

**ပြင်ဆင်ရန်** – အဆိုဝါကျများကို ဘုတ်ပေါ်တွင်ရေးပါ (သို့) ဆလိုက် ၁.၅.၂ ပေါ်တွင်ပြပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

အောက်ပါဝါကျများသည် မှန်သလား၊ မှားသလား။ မှားလျှင် အဘယ်ကြောင့်မှားသနည်း။

၁။ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတိုင်းတွင် လုပ်ပိုင်ခွင့်အာဏာစာရင်းနှစ်ခု ပါဝင်သည်။

၂။ ကြွင်းကျန်အာဏာ (residual powers) များသည် တိုင်းပြုပြည်ပြုနယ်မြေအစိုးရများကသာ အမြဲရရှိသည်။

၃။ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်သည် ဗဟိုအဆင့်နှင့် တိုင်းပြုပြည်ပြုနယ်မြေအဆင့် အစိုးရများ၏ လုပ်ပိုင်ခွင့်အာဏာများကို အာမခံသည်။

၄။ အစိုးရအဆင့်နှစ်ဆင့်သည် တူညီသည့်အရာတစ်ခု၏ မတူညီသည့်အပိုင်းများအတွက် လုပ်ပိုင်ခွင့်အာဏာများ ရှိနိုင်သည်။

၅။ ဖက်ဒရယ်စနစ်တစ်ခုတွင် စင်ပြိုင်ကျင့်သုံးသော အာဏာများသည် အစိုးရအဆင့်တစ်ဆင့်နှင့်သာ သက်ဆိုင်သည်။

**ပုံမှန်စာသင်ခန်းတွင်း** **အွန်လိုင်းအတန်းတွင်း** **ညွှန်ကြားချက်များ**

၁။ သင်တန်းသားများက မည်သည့်ဝါကျများ မှန်သည် (သို့) မှားသည်ကို ဖော်ထုတ်ရမည်။

၂။ မှားပါက အကြောင်းပြချက်ပေးရမည်။

### အဖြေများ

၁။ မှားသည် – အမေရိကန် (သို့) ပါကစ္စတန်ကဲ့သို့သော နိုင်ငံအချို့တွင် လုပ်ပိုင်ခွင့်အာဏာများ စာရင်း တစ်ခုသာရှိပြီး ကြွင်းကျန်အာဏာများသည် ပြည်နယ် အစိုးရများသို့သွားသည်။ အိန္ဒိယနှင့် မလေးရှားစသည့် အချို့သောနိုင်ငံများတွင်မူ ပြည်ထောင်စုအဆင့်၊ တိုင်းပြုပြည်ပြုနယ်မြေအဆင့်နှင့် မျှဝေသုံးစွဲသော အာဏာဟူ၍ စာရင်းသုံးခုရှိသည်။

၂။ မှားသည် – မတူညီသော အဆင့်များအတွက် အာဏာ စာရင်းများပါရှိသည့် အိန္ဒိယကဲ့သို့သော အချို့ နိုင်ငံများ၏ အခြေခံဥပဒေများတွင် (မည်သည့် အဆင့်ကိုမှ ခွဲဝေပေးထားခြင်းမရှိသည့်) ကြွင်းကျန် အာဏာများသည် ပြည်ထောင်စုအဆင့်သို့သွားပါသည်။

၃။ မှန်သည်။

၄။ မှန်သည်။

၅။ မှားသည် – စင်ပြိုင်ကျင့်သုံးသော အာဏာများကို အစိုးရအဆင့်များအကြား မျှဝေသုံးစွဲသည်။

# ၁.၅ | လုပ်ဆောင်ချက်

**ရည်ရွယ်ချက်** – ဖက်ဒရယ်စနစ်များရှိ အာဏာများကို သင်တန်းသားများက အမျိုးအစားခွဲရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက တစ်ဦးချင်း လေ့လာလုပ်ကိုင်ပြီး ပြီးသည့်အခါ နှစ်ယောက်တွဲ (သို့) အဖွဲ့လိုက်လုပ်ဆောင်ရမည်။ အတွဲတစ်တွဲ/ အဖွဲ့တစ်ဖွဲ့ချင်းစီတွင် flipchart စာရွက်ကြီး (သို့) ဒစ်ဂျစ်တယ်ပိုက်ဘုတ်ရှိရမည်။ အွန်လိုင်းအဖွဲ့များအတွက် အခန်းခွဲများ breakout rooms လိုအပ်သည်။

**ပြင်ဆင်ရန်** – လုပ်ဆောင်ရမည့်လုပ်ငန်းကို ဘုတ်ပေါ်တွင် ရေးပါ (သို့) ဆလိုက် ၁.၅.၃ ကိုပြပါ။

## သင်တန်းသားများအတွက် မေးခွန်းများ

အောက်ပါလုပ်ပိုင်ခွင့်အာဏာများသည် ပြည်ထောင်စုအဆင့် အစိုးရ (သို့) တိုင်းပြုပြည်ပြုနယ်မြေအစိုးရထံသို့ ရောက်ရှိမည်လား (သို့) အဆင့်နှစ်ဆင့်ကြားတွင် မျှဝေသုံးစွဲမည်လား။ သင်၏ ဆုံးဖြတ်ချက်အတွက် အကြောင်းပြချက်များပေးပါ။

၁။ အခြေခံပညာရေး

၂။ ကာကွယ်ရေး

၃။ မြစ်များ

၄။ တစ်ဦးချင်းအခွန်

၅။ လေကြောင်း


၆။ မော်တော်ယာဉ်လိုင်စင်ခွန်

၇။ တက္ကသိုလ်များ

၈။ ခရီးသွားလုပ်ငန်း

၉။ သစ်တောများ

၁၀။ ငွေကြေး




## ပုံမှန်စာသင်ခန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများက တစ်ဦးချင်းအနေဖြင့် အထက်ပါ လုပ်ပိုင်ခွင့်အာဏာတစ်ခုချင်းစီအတွက် ထိုလုပ်ပိုင်ခွင့် အာဏာသည် ပြည်ထောင်စုအစိုးရက၊ တိုင်းပြုပြည်ပြု နယ်မြေအစိုးရများက ရရှိသင့်သည် (သို့) မျှဝေသုံးစွဲ သင့်သည်ကို ဆုံးဖြတ်ရမည်။ သူတို့၏ ဆုံးဖြတ်ချက်များကို ထောက်ခံပေးရန် အကြောင်းပြချက်များကိုလည်း ပေးရမည်။

၂။ နှစ်ယောက်တွဲ၍ အဖြေများနှင့် အကြောင်းပြချက်များကို နှိုင်းယှဉ်ရမည်။

၃။ ပြည်ထောင်စုအဆင့် တိုင်းပြုပြည်ပြုနယ်မြေများအဆင့်၊ မျှဝေသုံးစွဲသည့် လုပ်ပိုင်ခွင့်များဆိုသည့် ခေါင်းစဉ်တစ်ခုစီ အောက်တွင် ထပ်ထည့်ရန် အနည်းဆုံး လုပ်ပိုင်ခွင့်အာဏာ တစ်ခုကို အတွဲလိုက်စဉ်းစားကြရမည်။ ထိုသို့ ထည့်သည့် တစ်ခုချင်းစီသည် အဘယ်ကြောင့် ပြည်ထောင်စုအဆင့်၊ တိုင်းပြုပြည်ပြုနယ်မြေအဆင့် (သို့) မျှဝေသုံးစွဲသည့် လုပ်ပိုင်ခွင့်အာဏာဖြစ်ရမည်ဆိုသည်ကို အကြောင်းပြချက်များ ပေးရမည်။

၄။ နှစ်ယောက်တစ်တွဲ မတူညီသော အတွဲများထံမှ လုပ်ပိုင်ခွင့် အာဏာတစ်ခုချင်းစီကို မည်သို့ခွဲဝေပေးသင့်ကြောင်းနှင့် ၎င်းအတွက် အကြောင်းပြချက်များကို မေးကြည့်ပါ။ (မြေယာ၊ လမ်းများ၊ သတ္တုစသည့်) အာဏာခွဲဝေရမည့် အခြားထပ်ဆောင်းနယ်ပယ်များအတွက် သူတို့ဖြေဆိုသည့် အကြံပြုချက်များကိုထည့်ပါ။

## အခန်းလိုင်းအတန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများက တစ်ဦးချင်းအနေဖြင့် အထက်ပါ လုပ်ပိုင်ခွင့်အာဏာတစ်ခုချင်းစီအတွက် ထိုလုပ်ပိုင်ခွင့်အာဏာသည် ပြည်ထောင်စုအစိုးရက၊ တိုင်းပြုပြည်ပြုနယ်မြေအစိုးရများက ရရှိသင့်သည် (သို့) မျှဝေသုံးစွဲသင့်သည်ကို ဆုံးဖြတ်ရမည်။ သူတို့၏ ဆုံးဖြတ်ချက်များကို ထောက်ခံပေးရန် အကြောင်းပြချက်များ ကိုလည်း ပေးရမည်။

၂။ အဖွဲ့များဖွဲ့၍ အဖြေများနှင့် အကြောင်းပြချက်များကို နှိုင်းယှဉ်ရမည်။

၃။ ပြည်ထောင်စုအဆင့်၊ တိုင်းပြုပြည်ပြုနယ်မြေများအဆင့်၊ မျှဝေသုံးစွဲသည့် လုပ်ပိုင်ခွင့်များဆိုသည့် ခေါင်းစဉ်တစ်ခုစီ အောက်တွင် ထပ်ထည့်ရန် အနည်းဆုံး လုပ်ပိုင်ခွင့်အာဏာ တစ်ခုကို အဖွဲ့လိုက်စဉ်းစားကြရမည်။ ထိုသို့ ထည့်သည့် တစ်ခုချင်းစီသည် အဘယ်ကြောင့် ပြည်ထောင်စုအဆင့်၊ တိုင်းပြုပြည်ပြုနယ်မြေအဆင့် (သို့) မျှဝေသုံးစွဲသည့် လုပ်ပိုင်ခွင့်အာဏာ ဖြစ်ရမည်ဆိုသည်ကို အကြောင်းပြချက်များပေးရမည်။

၄။ နှစ်ယောက်တစ်တွဲ မတူညီသော အဖွဲ့များထံမှ လုပ်ပိုင်ခွင့် အာဏာတစ်ခုချင်းစီကို မည်သို့ခွဲဝေပေးသင့်ကြောင်းနှင့် ၎င်းအတွက် အကြောင်းပြချက်များကို မေးကြည့်ပါ။ (မြေယာ၊ လမ်းများ၊ သတ္တုစသည့်) အာဏာခွဲဝေရမည့် အခြားထပ်ဆောင်းနယ်ပယ်များအတွက် သူတို့ဖြေဆိုသည့် အကြံပြုချက်များကိုထည့်ပါ။

**အဖြေများ**

ဤလုပ်ပိုင်ခွင့်အာဏာများကို ခွဲဝေရာတွင် မှန်ကန်သော အဖြေများ (သို့) မှားယွင်းသော အဖြေများဟူ၍ ပုံသေမရှိပါ။ အရေးအကြီးဆုံးမှာ သင်တန်းသားများက ထိုအာဏာများကို အဘယ်ကြောင့် ပြည်ထောင်စုအဆင့်၊ တိုင်းပြုပြည်ပြု နယ်မြေအဆင့် (သို့) မျှဝေသုံးစွဲသည့် လုပ်ပိုင်ခွင့်အာဏာ ဖြစ်ရမည်ဆိုသည်ကို အကြောင်းပြချက်များ ပေးနိုင်ရန် ဖြစ်သည်။

## ၁.၅ | ဆွေးနွေးခြင်း/ ပြန်လည်သုံးသပ်ခြင်း

**သင်တန်းသားများအတွက် မေးခွန်းများ**

၁။ ဖက်ဒရယ်စနစ်တစ်ခုတွင် ပြည်ထောင်စုအဆင့်က ရရှိသင့်သည့် အာဏာအချို့မှာ မည်သည်တို့ဖြစ်သည်ဟု သင်ထင်ပါသနည်း။ အဘယ်ကြောင့်နည်း။

၂။ ဖက်ဒရယ်စနစ်တစ်ခုတွင် တိုင်းပြည်ပြည်နယ်မြေ အဆင့်က ရရှိသင့်သည့် အာဏာအချို့မှာ မည်သည်တို့ ဖြစ်သည်ဟု သင်ထင်ပါသနည်း။ အဘယ်ကြောင့်နည်း။

၃။ ဖက်ဒရယ်စနစ်တစ်ခုတွင် မျှဝေကျင့်သုံးရန်သင့်သော အာဏာအချို့မှာ မည်သည်တို့ဖြစ်သည်ဟု သင်ထင်ပါသနည်း။ အဘယ်ကြောင့်နည်း။

**ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း | ညွှန်ကြားချက်များ**

၁။ အဖွဲ့လိုက်ဖြစ်စေ၊ အတန်းတစ်တန်းလုံးဖြစ်စေ၊ သင်တန်းသားများက ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း မေးခွန်းများ (ဆလိုက် ၁.၅.၄ ပေါ်ရှိ) ကို ဆွေးနွေးပါ။

၂။ သို့မဟုတ် သင်တန်းသားများအား ၎င်းတို့၏ အဖြေများကို အီလက်ထရောနစ် ပို့စ်ဘုတ် (သို့) bulletin board ပေါ်တွင် ရေးသားစေပါ။

## အခန်း ၁ နမူနာဖြစ်ရပ် လေ့လာချက်

**ရည်ရွယ်ချက်** – သင်တန်းသားများက မလေးရှားနိုင်ငံ၏ ဖက်ဒရယ်စနစ်ကို ခွဲခြမ်းစိတ်ဖြာပြီး ၂၀၀၈ ဖွဲ့စည်းပုံပေါ် တွင် အခြေခံ၍ မြန်မာနိုင်ငံ၏စနစ်နှင့် နှိုင်းယှဉ်ရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက တစ်ဦးချင်း၊ နှစ်ယောက်တွဲ (သို့) အဖွဲ့လိုက် လုပ်ဆောင်ရမည်။

**ပြင်ဆင်ရန်** – မေးခွန်းများကို ဘုတ်ပေါ်တွင်ရေးပါ (သို့မဟုတ်) ဆလိုက် ၁.၅.၅ ကိုပြပါ။

**ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း | ညွှန်ကြားချက်များ**

၁။ သင်တန်းသားများက နမူနာဖြစ်ရပ်လေ့လာချက်ကို ဖတ်ရမည်။

၂။ သင်တန်းသားများက မေးခွန်းများကို ဖြေဆိုရမည်။

**သင်တန်းသားများအတွက် မေးခွန်းများ**

၁။ စာထဲတွင် ဖော်ပြထားသည့် မည်သည့်ဖြစ်ပေါ် ပြောင်းလဲမှုများက ဖက်ဒရယ်ပြည်ထောင်စု မလေးရှားနိုင်ငံ ဖွဲ့စည်းပေါ်ပေါက်လာခြင်းတွင် သက်ရောက်မှုရှိခဲ့သနည်း။

၂။ စာတွင်ပါဝင်သည့် မည်သည့်အချက်က မလေးရှား နိုင်ငံ၏ စနစ်သည် ပါလီမန်စနစ်ဖြစ်သည်ဟု ဖော်ပြနေ သနည်း။

၃။ ပြည်နယ်များတွင် ရွေးကောက်ခံမဟုတ်သည့် မည်သည့်ရာထူး အမျိုးအစားများက ခေါင်းဆောင်သည့်ရာထူးများ ရှိကြသနည်း။

၄။ မလေးရှားဖက်ဒရယ်စနစ်တွင် မည်သည့် အခြားအစိုးရ အဆင့်ရှိသနည်း။

၅။ မည်သည့်နိုင်ငံရေးပြောင်းလဲတိုးတက်မှုက မလေးရှား နိုင်ငံစနစ်ကို လက်တွေ့တွင် တစ်ပြည်ထောင်စနစ် ပိုဆန်စေသနည်း။

၆။ မလေးရှားနိုင်ငံ၏ ဖက်ဒရယ်စနစ်အပေါ် သက်ရောက်မှုရှိစေရန် နိုင်ငံရေးပါတီကြီးတစ်ခုက လုပ်ဆောင်နိုင်သည့်အရာမှာ အဘယ်နည်း။

၇။ မလေးရှားဖက်ဒရယ်စနစ်၏ မည်သည့်အချက်များမှာ မြန်မာနိုင်ငံနှင့် တူညီသနည်း။

၈။ မလေးရှားဖက်ဒရယ်စနစ်၏ မည်သည့်အချက်များမှာ မြန်မာနိုင်ငံနှင့် ကွဲပြားသနည်း။

**အဖြေများ**

၁။ ● ကိုလိုနီခေတ်အတွင်းတွင် စုစည်းခဲ့သည့် မတူညီသည့် မလေးစုလ်တန်ပြည်နယ်များ
● နောင်တွင် ဆာဘားနှင့် ဆာရာဝက် အရှေ့မလေးရှားပြည်နယ်များ ပေါင်းထည့်ခြင်း
● ထို့အပြင် စင်ကာပူကို ထုတ်ပယ်ခြင်း

၂။ ● ဝန်ကြီးချုပ်တွင် အုပ်ချုပ်ရေးအာဏာအများဆုံးရှိသည်။
● ဘုရင်သည် ပြယုဂ်သဘော/ ပွဲတက်လမ်းတက် နိုင်ငံဦးသျှောင်/ ခေါင်းဆောင်ဖြစ်သည်။

၃။ ● မျိုးရိုးအရိုက်အရာခံခေါင်းဆောင်
● ဘုရင်ခံ
● ဝန်ကြီးချုပ်

၄။ ဒေသဆိုင်ရာအစိုးရများ

၅။ နိုင်ငံတစ်ဝှမ်းလွှမ်းခြုံသည့် နိုင်ငံရေးပါတီကြီးတစ်ခုတည်းက ဗဟိုတွင်ရော၊ ပြည်နယ်များတွင်ပါ အုပ်ချုပ်နေခြင်းက ယေဘုယျခြုံကြည့်လျှင် ပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို လျော့နည်းစေပြီး လက်တွေ့တွင် နိုင်ငံကိုပို၍ တစ်ပြည်ထောင်စနစ်ဆန်စေသည်။

၆။ ဖက်ဒရယ်ပါလီမန်၊ ပြည်ထောင်စုလွှတ်တော်တွင် မဲအရေအတွက် သုံးပုံနှစ်ပုံဖြင့် အခြေခံဥပဒေကို ပြင်ဆင်နိုင်သည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၇။ ● ဖက်ဒရယ်ဖွဲ့စည်းပုံစံရှိသည့် တစ်နိုင်ငံတည်းတွင် မတူညီသည့် နယ်မြေများကို ပေါင်းစည်းပေးခဲ့သည့် ကိုလိုနီသမိုင်းကြောင်း
● လွှတ်တော်နှစ်ရပ်ရှိသည့် ပြည်ထောင်စုလွှတ်တော်
● ပြည်ထောင်စုလွှတ်တော်အတွင်း ခန့်အပ်ခံကိုယ်စားလှယ်များရှိခြင်း
● ၂၀၀၈ အခြေခံဥပဒေတွင် မြန်မာပြည်ရှိ ခန့်အပ်ခံဖြစ်သည့် ပြည်နယ်/တိုင်းဝန်ကြီးချုပ်များကဲ့သို့ ခန့်အပ်ခံဘုရင်ခံများ (သို့) ဝန်ကြီးချုပ်များရှိခြင်း
● တစ်နိုင်ငံလုံးဖြန့်ကျက်ထားသည့် နိုင်ငံရေးပါတီတစ်ပါတီ၏ ကြီးစိုးမှု
● မဲအများဆုံးရသူအနိုင်ရ (FPTP) ရွေးကောက်ပွဲစနစ်

၈။ ● မလေးရှားတွင် တိုင်းပြုပြည်ပြု ပြည်နယ်တစ်ခုဖြစ်သည့် စင်ကာပူကို ထုတ်ပယ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ထိုအဖြစ်မျိုး မဖြစ်ဖူးသေးပါ။
● ခန့်အပ်ခံကိုယ်စားလှယ်များသည် မလေးရှား ဖက်ဒရယ်ပါလီမန်၏ အထက်လွှတ်တော်တွင်သာရှိသည်။ သို့သော် ခန့်အပ်ခံ (တပ်မတော်သား) ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံ ပြည်ထောင်စုလွှတ်တော်၏ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်၊ တိုင်းဒေသကြီးပြည်နယ်လွှတ်တော်များတွင် ပါရှိနေသည်။
● မလေးရှားရှိ ပြည်နယ်လွှတ်တော်များသည် ဖက်ဒရယ်ပါလီမန်၏ အထက်လွှတ်တော်သို့ ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ပြီး ၎င်းတို့ကို ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်ခြင်းမဟုတ်ပါ။ မြန်မာနိုင်ငံအထက်လွှတ်တော်ရှိ စစ်တပ်မှမဟုတ်သော ကိုယ်စားလှယ်များကို ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်သည်။
● မြန်မာနိုင်ငံလွှတ်တော်ရှိ အကြီးမားဆုံးနိုင်ငံရေးပါတီသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြီးကြီးမားမား ပြောင်းလဲနိုင်ခြင်းမရှိပါ။ ၇၅% ကျော်ဆိုသည့် သတ်မှတ်ချက်နှင့် တပ်မတော်သားကိုယ်စားလှယ် ၂၅% ရှိနေသောကြောင့်ဖြစ်သည်။
● မလေးရှားတွင် ပြည်နယ်အစိုးရများအောက်တွင် ဒေသအဆင့်အစိုးရရှိပြီး မြန်မာနိုင်ငံတွင်မူ တိုင်း/ပြည်နယ်အစိုးရများ အောက်တွင် (၂၀၀၈ ဖွဲ့စည်းပုံတွင်) ဗဟိုချုပ်ကိုင်မှုရှိသည့် ထွေအုပ်သာရှိသည်။
● မလေးရှား ဖက်ဒရယ်ပါလီမန်ကို ချုပ်ကိုင်နိုင်ရန် အတူတကွ ကြိုးပမ်းနေသည့် နိုင်ငံရေးပါတီများ၏ ညွန့်ပေါင်းအဖွဲ့များ။

**မှတ်ချက်** ။ ။ မေးခွန်း ၇ နှင့် ၈ ကို ဖြေဆိုရာတွင် သင်တန်းသားများက မလေးရှားနှင့် မြန်မာစနစ်များအကြား အခြားဖြစ်နိုင်ခြေ တူညီမှုများနှင့် ကွဲပြားမှုများကိုလည်း ပြောလာနိုင်ပါသည်။

# စဉ်းစားရန်

### သင်တန်းသားများအတွက် မေးခွန်းများ

ဖက်ဒရယ်စနစ်တစ်ခုအတွင်းတွင် ပြည်ထောင်စုအဆင့် အစိုးရနှင့် တိုင်းပြုပြည်ပြုနယ်မြေအစိုးရများအကြား ဆက်ဆံရေးတွင် မည်သည်က အဓိက အရေးအကြီးဆုံး အစိတ်အပိုင်းဖြစ်သည်ဟု သင်ယုံကြည်သနည်း။

### ပုံမှန်စာသင်ခန်းတွင်း အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ

- အတန်းတစ်ခုလုံးအနေဖြင့် သင်တန်းသားများက အခန်း (၁) အဆုံးရှိ မေးခွန်းကို ဆွေးနွေးရမည်။ (ဆလိုက် ၁.၅.၆ ပေါ်တွင်လည်း ပါရှိသည်။)
- သို့မဟုတ်ပါက သင်တန်းသားများက မေးခွန်းအပေါ်တွင် အခြေခံသည့် စာစဉ်ရေးသား၍ တင်ရမည်။
- သို့မဟုတ် သင်တန်းသားများက မေးခွန်းအပေါ်တွင် အခြားသူများ၏ ထင်မြင်ချက်များကို ကြည့်နိုင်ရန် ပို့က်ဘုတ် (သို့) bulletin board ပေါ်တွင် ရေးတင်ပါ။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

- အာဏာခွဲဝေမှု၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် တိုင်းပြုပြည်ပြုနယ်မြေများသည် ပြည်ထောင်စု အဆင့်နှင့် နှိုင်းယှဉ်လျှင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် မည်မျှ ရရှိသည်ကို ပြသသည်။
- ဗဟိုအဆင့်တွင် တိုင်းပြုပြည်ပြုနယ်မြေများမှ ပြည်သူများအတွက် ကိုယ်စားပြုခွင့်သည် အရေးကြီးသည့်အတွက်ကြောင့် ဗဟိုပြည်ထောင်စု အဆင့်အစိုးရတွင် တိုင်းပြုပြည်ပြုနယ်မြေများ၏ ပါဝင်မှု။
- ဖက်ဒရယ်စနစ်အတွက် လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေမှု၊ အစိုးရဖွဲ့စည်းပုံနှင့် တိုင်းပြုပြည်ပြုနယ်မြေများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် မည်မျှ ရှိသည်ကို ပြဌာန်းပေးသည့်အတွက် အခြေခံဥပဒေ။

# အခန်း (၂) – ဖက်ဒရယ်စနစ်သို့ ဦးတည်ရာ လမ်းကြောင်းများ

## ဤအခန်းကို မစတင်မီ

- ဤအခန်း၏ အဓိကအကြောင်းအရာများကို ခြုံငုံဖော်ပြချက် ဖြစ်သည့် လမ်းညွှန်မေးခွန်းများကို ဖတ်ပါ။
- ဆန္ဒရှိလျှင် ထိုလမ်းညွှန်မေးခွန်းများကို အတန်းသားများအား တစ်မိနစ်ခန့် စဉ်းစားခိုင်းနိုင်ပါသည်။

**သင်တန်းသားများအတွက် လမ်းညွှန်မေးခွန်းများ**

၁။ ဖယ်ဒရယ်စနစ်များ ဖွဲ့စည်းပေါ်ပေါက်လာခြင်းဆီသို့ မည်သည့်အချက်များက ဦးတည်စေသနည်း။

၂။ မတူညီသော ဖက်ဒရယ်စနစ် အမျိုးအစားများကို သမိုင်းက မည်သို့ လွှမ်းမိုးခဲ့သနည်း။

## ၂.၁ ဖက်ဒရယ်ဝါဒဆီသို့ ဦးတည်သည့် သမိုင်းဝင်လမ်းကြောင်းများ

### ၂.၁ | သင်ခန်းစာအကြို

**ရည်ရွယ်ချက်** – သင်တန်းသားများက နိုင်ငံတစ်နိုင်ငံ အနေဖြင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးသည့် အကြောင်းရင်းများကို စဉ်းစားရမည်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက အတန်းတစ်တန်းလုံးအနေဖြင့် လေ့လာကြရမည်။

**ပြင်ဆင်ရန်** – ဘုတ်တစ်ခုပေါ်တွင် မေးခွန်းများကို ရေးထားပါ (သို့) ဆလိုက် ၂.၁.၁ ကိုပြပါ။

**သင်တန်းသားများအတွက် မေးခွန်းများ**

နိုင်ငံတစ်နိုင်ငံကို ဖက်ဒရယ်အစိုးရစနစ် ပေါ်ထွန်းလာစေရန် ဦးတည်စေသည့်အရာများမှာ မည်သည်တို့ဖြစ်သည်ဟု သင်ယုံကြည်သနည်း။ အဘယ်ကြောင့်နည်း။

**ပုံမှန်စာသင်ခန်းတွင်** **အွန်လိုင်းအတန်းတွင်** **ညွှန်ကြားချက်များ**

၁။ သင်တန်းသားများက အတန်းတစ်တန်းလုံးအနေဖြင့် နိုင်ငံများက ဖက်ဒရယ်စနစ်ကို ကျင့်သုံးသည့် အကြောင်းအရင်းများကို ဦးနှောက်မုန်တိုင်းဆင် စဉ်းစားရမည်။ သင်တန်းသားများ၏ အဖြေများကို ဘုတ်ပေါ်တွင်ရေးပါ။

၂။ လူဦးရေများသည့်အတန်းဖြစ်လျှင် ၎င်းတို့၏ အဖြေများကို အဖွဲ့လိုက် စဉ်းစားခိုင်း၍ အလုပ်ရုံဆွေးနွေးပွဲ/ အတန်းသို့ ပြန်လည်တင်ပြခိုင်းပါ။

သင်တန်းသားများက အပိုင်း ၂.၁ အဆုံးအထိ ဖတ်ရမည်။

## ၂.၁ | လေ့ကျင့်ခန်း

**ရည်ရွယ်ချက်** – အပိုင်း ၂.၁ တွင် ပါဝင်သည့် အဓိကသဘောတရားများကို သင်တန်းသားများက သူတို့အနေဖြင့် နားလည်မှုရှိမရှိ ဆန်းစစ်ရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်း တက်ရောက်သူများက တစ်ဦးချင်း လုပ်ဆောင်လေ့လာရမည်။

**ပြင်ဆင်ရန်** – လေ့ကျင့်ခန်းကို ဘုတ်ပေါ်တွင်ရေးပါ (သို့) ဆလိုက် ၂.၁.၂ ကိုပြပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

လက္ခဏာရပ် (၁–၈) တွင် မည်သည်တို့သည် 'အတူပေါင်းစည်း' ဖက်ဒရယ်စနစ် သို့မဟုတ် 'အတူထိန်းစု' ဖက်ဒရယ်စနစ်တွင် ပို၍ဖြစ်လေ့ရှိသည်ကို ခွဲခြားပါ။

၁။ မတူညီသောဒေသများတွင် တည်ရှိသည့် အားကောင်းသည့် ကိုယ်ပိုင်အမှတ်အသားလက္ခဏာရှိသည့် လူမျိုးစုများရှိခြင်း

၂။ ဆင်တူသော လူဦးရေနှင့် မတူညီသောဒေသများ အတူပူးပေါင်းခြင်း

၃။ အများအားဖြင့် ပြည်ထောင်စုအဆင့်အစိုးရတွင် ပို၍ အာဏာရှိခြင်း

၄။ လူမျိုးရေး၊ ဘာသာစကားနှင့် ကိုးကွယ်ယုံကြည်မှု အပေါ်တွင် ပဋိပက္ခများဖြစ်နိုင်ခြေရှိခြင်း

၅။ ကာကွယ်ရေး (သို့) စီးပွားရေးတိုးတက်မှုအတွက် အကျိုးကျေးဇူးများ

၆။ သီးခြားအစိတ်အပိုင်းများအဖြစ် ပြိုကွဲသွားနိုင်သည့် အန္တရာယ်ရှိနေခြင်း

၇။ တိုင်းပြုပြည်ပြုနယ်မြေများတွင် ပို၍အာဏာရှိခြင်း

၈။ စနစ်တွင် ပါဝင်ပူးပေါင်းခြင်းကြောင့် တိုင်းပြုပြည်ပြုနယ်မြေအတွက် အကျိုးကျေးဇူးများရရှိခြင်း

### ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း | ညွှန်ကြားချက်များ

သင်တန်းသားများက လက္ခဏာရပ် (၁–၈) တွင် မည်သည်တို့သည် 'အတူပေါင်းစည်း' ဖက်ဒရယ်စနစ် သို့မဟုတ် 'အတူထိန်းစု' ဖက်ဒရယ်စနစ်တွင် ပို၍ဖြစ်လေ့ရှိသည်ကို ခွဲခြားရမည်။

### အဖြေများ

၁။ အတူထိန်းစု
၂။ အတူပေါင်းစည်း
၃။ အတူထိန်းစု
၄။ အတူထိန်းစု
၅။ အတူပေါင်းစည်း
၆။ အတူထိန်းစု
၇။ အတူပေါင်းစည်း
၈။ အတူပေါင်းစည်း

## ၂.၁ | လုပ်ဆောင်ချက်

အပြန်အလှန် ပြောဆိုလုပ်ဆောင်ရန် ဆွေးနွေးခြင်း/ ပြန်လည်သုံးသပ်ခြင်း မေးခွန်းများကို အသုံးပြုပါ။

**ရည်ရွယ်ချက်** – သင်တန်းသားများက ဖက်ဒရယ်စနစ်များ ဖြစ်ပေါ်လာခြင်း၏ အခြေခံကို စဉ်းစားရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက နှစ်ဦးတွဲ၊ အဖွဲ့လိုက် လုပ်ဆောင်ဆွေးနွေးရမည်။ အွန်လိုင်းအတန်းများတွင် အခန်းခွဲများ breakout rooms လိုအပ်သည်။

**ပြင်ဆင်ရန်** – Flipchart paper နှင့် marker များ (သို့မဟုတ်) breakout rooms များ။ မေးခွန်းများကို ဘုတ်ပေါ်တွင်ရေးပါ (သို့) ဆလိုက် ၂.၁.၃ ကိုပြပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

ဖက်ဒရယ်စနစ်ကို ဖော်ပြရာတွင် မကြာခဏ အသုံးပြုလေ့ရှိသည့် စကားစုနှစ်ခုမှာ

၁။ 'မတူကွဲပြားမှုတွင် စည်းလုံးခြင်း' နှင့်

၂။ 'ကိုယ်ပိုင်အုပ်ချုပ်ခြင်း (self-rule) နှင့် ခွဲဝေအုပ်ချုပ်ခြင်း (share-rule)' တို့ဖြစ်သည်။

ထိုစကားစုတစ်ခုချင်းစီသည် ဖက်ဒရယ်စနစ် အလုပ်လုပ်ပုံကို မည်သို့ သရုပ်ဖော်ပြသသည်ဟု သင်ယုံကြည်ပါသနည်း။

### ပုံမှန်စာသင်ခန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများက နှစ်ယောက်တွဲအလုပ်လုပ်ရမည်။ တွဲဖက် (က) အနေဖြင့် စကားစု (၁) သည် ဖက်ဒရယ်စနစ်နှင့် မည်သို့ ဆက်စပ်နေသည်ကို စဉ်းစားရမည်။ တွဲဖက် (ခ) အနေဖြင့် စကားစု (၂) သည် ဖက်ဒရယ်စနစ်နှင့် မည်သို့ ဆက်စပ်နေသည်ကို စဉ်းစားရမည်။

၂။ သူတို့ စဉ်းစားမိသည်များကို အပြန်အလှန် အချင်းချင်း ရှင်းပြရမည်။

၃။ အတွဲတစ်တွဲက နောက်တစ်တွဲနှင့် ပေါင်း၍ ၎င်းတို့ စဉ်းစားထားသည်များကို နှိုင်းယှဉ်ရမည်။

၄။ စကားစုတစ်ခုစီအတွက် ရှင်းပြချက်အနည်းငယ်ကို အတန်းတစ်တန်းလုံးထံမှ မေးမြန်းကြည့်ပါ။

### အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ

၁။ အတန်းတစ်ဝက် (က အုပ်စု) ကို စကားစု (၁)သည် ဖက်ဒရယ်စနစ်နှင့် မည်သို့ဆက်စပ်နေသည်ကို စဉ်းစားဆုံးဖြတ်ရန် ပြောပါ။ ကျန်အတန်းတစ်ဝက် ('ခ' အုပ်စု) ကို စကားစု (၂) သည် ဖက်ဒရယ်စနစ်နှင့် မည်သို့ ဆက်စပ်နေသည်ကို စဉ်းစားဆုံးဖြတ်ရန်ပြောပါ။

၂။ 'က' အုပ်စုမှ နှစ်ဦးနှင့် 'ခ' အုပ်စုမှ နှစ်ဦးတွဲ၍ အခန်းများခွဲ၍ အဖွဲ့ဖွဲ့ပေးပါ။ အဖွဲ့ဝင်များက သူတို့၏ အကြံဉာဏ်များကို နှိုင်းယှဉ်ဆွေးနွေးပါ။

၃။ စကားစုတစ်ခုစီအတွက် ရှင်းပြချက် အနည်းငယ်ကို အတန်းတစ်တန်းလုံးထံမှ မေးမြန်းကြည့်ပါ။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ မတူကွဲပြားမှုတွင် စည်းလုံးခြင်း ဆိုသည့်စကားရပ်သည် နိုင်ငံတစ်ခုရှိ မတူညီသော ဒေသများမှ မတူညီသော လူမျိုးစုများ (မတူကွဲပြားမှု) သည် ဖက်ဒရယ်စနစ်ကို တည်ထောင်ရန် အတူတကွပေါင်းစည်း (စည်းလုံးခြင်း) နိုင်ကြောင်းကို ဖော်ပြသည်။

၂။ 'ကိုယ်ပိုင်အုပ်ချုပ်ခြင်း (self-rule) နှင့် ခွဲဝေအုပ်ချုပ်ခြင်း (share-rule)' တို့သည် ဖက်ဒရယ်စနစ်အတွင်းရှိ မတူညီသောဒေသများမှ လူများသည် ၎င်းတို့၏ အရေးကိစ္စများကို ၎င်းတို့ကိုယ်ပိုင်အစိုးရများနှင့် စီမံခန့်ခွဲနိုင်ပြီး (ကိုယ်ပိုင်အုပ်ချုပ်ခြင်း)၊ တစ်နိုင်ငံလုံးအတွက် အစိုးရဖြစ်သည့် ဗဟိုအဆင့်တွင်လည်း ပါဝင်နိုင်ကြောင်း (ခွဲဝေအုပ်ချုပ်ခြင်း) ကို ဖော်ပြသည်။

# ၂.၂ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဖက်ဒရယ်စနစ်

## ၂.၂ | သင်ခန်းစာအကြို

**ရည်ရွယ်ချက်** – သင်တန်းသားများက ‘ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်’ ၏ အဓိပ္ပာယ်ကို စဉ်းစားရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများ အတန်းတစ်တန်းလုံးအနေဖြင့် လေ့လာလုပ်ဆောင်ရမည်။ အပိုင်း ၂.၂ အဆုံးအထိ ဘုတ်ပေါ်တွင် အဖြေများကို ထားထားပါ။

**ပြင်ဆင်ရန်** – မေးခွန်းများကို ဘုတ်ပေါ်တွင်ရေးပါ။ သို့မဟုတ် ဆလိုက် ၂.၂.၁ ကိုပြပါ။

**သင်တန်းသားများအတွက် မေးခွန်းများ**

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် သင့်အတွက် မည်သို့ အဓိပ္ပာယ် ရသနည်း။

ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း | **ညွှန်ကြားချက်များ**

အတန်းတစ်တန်းလုံးအနေဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၏ အနက်အဓိပ္ပာယ်ကို ဝိုင်းဝန်းစဉ်းစားပါ။ သင်တန်းသားများ စဉ်းစားရသမျှ အဖြေများကို ဘုတ်ပေါ်တွင်ရေးပါ။ ဘုတ်ပေါ်တွင် အဖြေများကို ဤတိုင်းထားထားပါ။ အပိုင်း ၂.၂ ကို ဖတ်ပြီးသည့်အခါ ဤအဖြေများကို ပြန်ကြည့်ရှုပါ။ ၎င်းတို့ စဉ်းစားထားသည်များသည် စာထဲတွင် ဖော်ပြထားသည်များနှင့် တူညီသလား။

သင်တန်းသားများက နမူနာဖြစ်ရပ်လေ့လာချက်အထိ ဖတ်ပါ။

## ၂.၂ | လေ့ကျင့်ခန်း

**ရည်ရွယ်ချက်** – သင်တန်းသားများ အပိုင်း ၂.၂ တွင် ပါဝင်သည့် အဓိကသဘောတရားများအပေါ် သူတို့၏ နားလည်မှုကို စစ်ဆေးပါ။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက တစ်ဦးချင်းလေ့လာလုပ်ကိုင်ရမည်။

**ပြင်ဆင်ရန်** – လေ့ကျင့်ခန်းကို ဘုတ်ပေါ်တွင်ရေးပါ။ သို့မဟုတ် ဆလိုက် ၂.၂.၂ ကိုပြပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

အောက်ပါမေးခွန်းတစ်ခုချင်းစီကို အကောင်းဆုံးအဖြေပေးနိုင်မည့် ဆောင်းပါးကောက်နုတ်ချက်၏ အစိတ်အပိုင်းများကို ရှာပါ။

၁။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် ဖက်ဒရယ်စနစ်အတွင်းရှိ တိုင်းပြုပြည်ပြုနယ်မြေများတွင် ကိုယ်ပိုင်အစိုးရ ရှိခြင်းနှင့် မည်သို့ဆက်စပ်သနည်း။

၂။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် တိုင်းပြုပြည်ပြုနယ်မြေများကို ခွဲဝေပေးသည့် အာဏာများနှင့် မည်သို့ဆက်စပ်သနည်း။

### ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း | ညွှန်ကြားချက်များ

နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့် နိုင်ငံတကာ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ သဘောတူစာချုပ်မှ အပိုဒ်ကောက်နုတ်ချက်ကို သင်တန်းသားများက ဖတ်ရှုရမည်။ မေးခွန်းများနှင့် သက်ဆိုင်သည့် အပိုင်းများကို ရှာဖွေရမည်။

### အဖြေများ

၁။ ‘၎င်းတို့၏ နိုင်ငံရေးအဆင့်အတန်းကို လွတ်လပ်စွာဆုံးဖြတ်နိုင်’

၂။ ‘၎င်းတို့၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုတိုးတက်ဖွံ့ဖြိုးရေးကို လွတ်လပ်စွာ လုပ်ဆောင်နိုင်သည်။’ ဆိုသည့် အပိုင်းသည် တိုင်းပြုပြည်ပြုနယ်မြေများ လုပ်ပိုင်ခွင့်ရှိမည့်အရာများ ရင်းမြစ်များ၊ ပညာရေးနှင့် ကျန်းမာရေး၊ ဘာသာစကား စသည့်အရာများနှင့် ဆက်စပ်သည်။

## ၂.၂ | ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

### သင်တန်းသားများအတွက် မေးခွန်းများ

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အယူအဆနှင့် ဖက်ဒရယ်စနစ်ကြားမှ ဖြစ်နိုင်ခြေရှိသော ဆက်သွယ်မှုများမှာ အဘယ်နည်း။

### ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း | ညွှန်ကြားချက်များ

နှစ်ယောက်တွဲ၊ အဖွဲ့လိုက် (သို့) အတန်းတစ်တန်းလုံးအနေဖြင့်၊ သင်တန်းသားများက ၂.၂ | သင်ခန်းစာအကြိုတွင် ဖြေကြားခဲ့သည့် အဖြေများကို ပြန်လည်ကြည့်ရှုရမည်။ သင်တန်းသားများ၏ ဖက်ဒရယ်စနစ်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့အပေါ် ထင်မြင်ချက်များနှင့် အကြံဉာဏ်များ ယခင်အတိုင်း မပြောင်းမလဲ ရှိနေသေးသလား။ (ဆွေးနွေးခြင်း/ ပြန်လည်သုံးသပ်ခြင်း မေးခွန်းသည် ဆလိုက် ၂.၂.၃ တွင်လည်း ပါရှိပါသည်။)

# အခန်း ၂ နမူနာဖြစ်ရပ် လေ့လာချက်

**ရည်ရွယ်ချက်** – သင်တန်းသားများက သီရိလင်္ကာနိုင်ငံ၏ ဖက်ဒရယ်စနစ်သို့ သွားရာလမ်းကြောင်းများကို ခွဲခြမ်းစိတ်ဖြာလေ့လာပြီး မြန်မာနိုင်ငံ၏ ဖက်ဒရယ်စနစ်သို့ ပြောင်းလဲတိုးတက်မှုများနှင့် နှိုင်းယှဉ်ရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက တစ်ဦးချင်း (သို့) နှစ်ယောက်တွဲ (သို့) အဖွဲ့လိုက် လေ့လာလုပ်ဆောင်ရမည်။ အတန်းတွင်းတွင်ဖြစ်စေ၊ အိမ်စာအနေဖြင့်ဖြစ်စေ လုပ်ဆောင်နိုင်သည်။

**ပြင်ဆင်ရန်** – ဘုတ်ပေါ်တွင် မေးခွန်းများကိုရေးပါ (သို့) ဆလိုက် ၂.၂.၄ ကိုပြပါ။

## သင်တန်းသားများအတွက် မေးခွန်းများ

၁။ သီရိလင်္ကာနိုင်ငံတွင် ရုံးသုံးဘာသာစကားကို မည်သည့်ကြောင့် ပြောင်းလဲနိုင်ခဲ့သနည်း။

၂။ တမီလ်လူမျိုးများကို ဘေးဖယ်ထုတ်ခြင်းကို ဖြစ်စေခဲ့သည့် ၁၉၇၀ နှစ်များမှ အခြေခံဥပဒေ အစိတ်အပိုင်းများမှာ မည်သည်တို့ဖြစ်သနည်း။

၃။ ဗဟိုချုပ်ကိုင်မှုဖြေလျှော့ခြင်းကို ဆွေးနွေးရာတွင် ဖက်ဒရယ်စနစ်ဆိုသည့် ဝေါဟာရကို မည်သည့် အတွက်ကြောင့် တိုက်ရိုက်မသုံးစွဲခဲ့ကြသနည်း။

၄။ ၁၉၈၀ နှစ်များတွင် ဖက်ဒရယ်စနစ်၏ အင်္ဂါအစိတ်အပိုင်းအချို့ကို မည်သို့ စတင်ကျင့်သုံးလာခဲ့ သနည်း။

၅။ ၎င်းအစိတ်အပိုင်းများသည် မည်သည်တို့ဖြစ်သနည်း။

၆။ ဖက်ဒရယ်စနစ်၏ အင်္ဂါအစိတ်အပိုင်းများ အသက်ဝင်မှုကို မည်သည်က ကန့်သတ်ထားခဲ့သနည်း။

၇။ ၂၀၁၆ အခြေခံဥပဒေရေးဆွဲရေး ညီလာခံက အကြံပြုသည့် ဖက်ဒရယ်စနစ်များတွင် တွေ့ရလေ့ ရှိသော အင်္ဂါအစိတ်အပိုင်းများမှာ မည်သည်တို့ ဖြစ်သနည်း။

၈။ တိုင်းပြုပြည်ပြုနယ်မြေနှစ်ခုကို ပေါင်းပစ်ရန် အကြံပြုချက်များကို အဘယ်ကြောင့် ဆန့်ကျင်ခဲ့ကြ သနည်း။

၉။ သီရိလင်္ကာဖြစ်ရပ်တွင် မြန်မာနိုင်ငံ၏ ဖက်ဒရယ် စနစ်သို့ အပြောင်းအလဲများနှင့် ဆင်တူသည့် အချက်များမှာ မည်သည်တို့ဖြစ်သနည်း။

၁၀။ သီရိလင်္ကာဖြစ်ရပ်တွင် မြန်မာနိုင်ငံ၏ ဖက်ဒရယ် စနစ်သို့ အပြောင်းအလဲများနှင့် ကွဲပြားသည့် အချက်များမှာ မည်သည်တို့ဖြစ်သနည်း။

ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း

## ညွှန်ကြားချက်များ

၁။ သင်တန်းသားများက နမူနာဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုရမည်။

၂။ မေးခွန်းများကို ဖြေရမည်။

### အဖြေများ

၁။ ပါလီမန်အတွင်း ဆင်ဟာလာလူမျိုးစု နိုင်ငံရေးပါတီများ ကြီးစိုးမှု။

၂။ နိုင်ငံအတွက် ဆင်ဟာလာအမည်၊ ရုံးသုံးဘာသာစကားသည် ဆင်ဟာလာ ဘာသာစကား၊ သီရိလင်္ကာကို တစ်ပြည်ထောင်နိုင်ငံအဖြစ်ကြေညာ၊ ဗုဒ္ဓဘာသာသည် အထွဋ်အမြတ်ဆုံး ဘာသာအဖြစ်သတ်မှတ်။

၃။ ဆင်ဟာလာလူမျိုးများက ဖက်ဒရယ်စနစ်ကို တမီလ်ခွဲထွက်ရေး လှုပ်ရှားမှုနှင့် တွဲမြင်ခြင်း။

၄။ ၁၉၈၇ အခြေခံဥပဒေပြင်ဆင်ခြင်းမှတစ်ဆင့်။

၅။ ပြည်နယ်ကောင်စီများ၊ အာဏာများ ခွဲဝေကျင့်သုံးမှု။

၆။ ဗဟိုပါလီမန်သည် ပြည်နယ်ကောင်စီများကို မဲအရေအတွက် သုံးပုံနှစ်ပုံဖြင့် လွှမ်းမိုးပယ်ဖျက်နိုင်ခွင့်ရှိသည်။ ဗဟိုအစိုးရက ပြည်နယ်အုပ်ချုပ်ရေးမှူးများကို ခန့်အပ်သည်။ ဥပဒေစိုးမိုးရေးအာဏာများကို အကောင်အထည်ဖော်မှု မရှိပေ။

၇။ လွှတ်တော်နှစ်ရပ်ရှိသော ဗဟိုပါလီမန်၊ ရှင်းလင်းသော လုပ်ပိုင်ခွင့်အာဏာခွဲဝေမှု၊ ဒေသအာဏာပိုင်များဖြင့် ဖွဲ့စည်းသည့် တတိယအဆင့်အစိုးရ။

၈။ မြောက်ပိုင်းနှင့် အရှေ့ပိုင်းပြည်နယ်များကို ပေါင်းစည်းလိုက်ခြင်းသည် တမီလ်အများစုဖြစ်သည့် ပြည်နယ်တွင် လူနည်းစုဖြစ်သော လူမျိုးစုများကို ပိုမိုသေးငယ်သည့် အစုအဖွဲ့များအဖြစ်သို့ ရောက်ရှိစေနိုင်သည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၉။ အကြီးမားဆုံးလူမျိုးစုက အားပေးထောက်ခံသည့် နိုင်ငံရေးပါတီကြီးတစ်ခုက နိုင်ငံရေးတွင် ကြီးစိုးမှုရှိခြင်း (ဥပမာ – မြန်မာပြည်တွင် NLD)။ လွတ်လပ်ရေးရပြီးသည့်အချိန်မှ ယခုအထိတွင် အခြေခံဥပဒေသုံးခုရှိခြင်း။ အခြေခံဥပဒေတွင် ဘာသာတစ်ခု (ဗုဒ္ဓဘာသာ) ကို ဦးစားပေးထားခြင်း။ အစိုးရအဖွဲ့အစည်းများတွင် လူများစုဖြစ်သည့် လူမျိုးစု၏ ဘာသာစကားကို သုံးစွဲခြင်း။ မြန်မာနိုင်ငံတွင် ပြည်နယ်ဝန်ကြီးချုပ်များကို ခန့်သကဲ့သို့ ပြည်နယ်အုပ်ချုပ်ရေးမှူးများကို ဗဟိုအစိုးရမှ ခန့်အပ်ခြင်း၊ အာဏာခွဲဝေမှုတွင် အကန့်အသတ်ရှိခြင်း၊ ဖယ်ဒရယ်စနစ်အား ပဋိပက္ခများ ချုပ်ငြိမ်းစေနိုင်မည့် နည်းလမ်းအဖြစ်ရှုမြင်ခြင်း၊ လူနည်းစုဖြစ်သည့် လူမျိုးစုများက ဖက်ဒရယ်စနစ်ကို ထောက်ခံခြင်း၊ အကြီးဆုံးလူမျိုးစုက ဖက်ဒရယ်စနစ်ကို လူမျိုးစုငယ်များ ခွဲထွက်ရေးနှင့် တွဲမြင်တတ်ခြင်း။ အချို့သော တိုင်းပြုပြည်ပြုနယ်မြေများကို ပေါင်းစည်းရန် အဆိုပြုချက်များရှိခြင်း။

၁၀။ မြန်မာနိုင်ငံရှိ လူမျိုးစုများစွာနှင့်ယှဉ်လျှင် လူမျိုး/ ဘာသာစကား/ ကိုးကွယ်ယုံကြည်မှု မတူညီသည့် အစုအဖွဲ့ အနည်းငယ်သာရှိခြင်း။ မြန်မာနိုင်ငံရှိ အဖွဲ့များစွာနှင့် ယှဉ်လျှင် အတိုက်အခံလူမျိုးစု လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့သာရှိခြင်း၊ မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအောက်တွင် ဗဟိုချုပ်ကိုင်မှုရှိသည့် ထွေအုပ်နှင့်ယှဉ်လျှင် ပြည်နယ်အစိုးရများအောက် ဒေသအစိုးရရှိခြင်း (သို့ အဆိုပြုခြင်း)၊ ၂၀၂၁ အထိ မြန်မာနိုင်ငံ၏ ၂၀၀၈ အခြေခံဥပဒေပြင်ဆင်မှုနှင့်စာလျှင် သီရိလင်္ကာအခြေခံဥပဒေကို သိသာထင်ရှားသည့် ပြင်ဆင်မှုများရှိခြင်း။

# ၂.၃ မြန်မာနိုင်ငံတွင် ဖက်ဒရယ်ဆီသို့ ဦးတည်ခြင်း

## ၂.၃ | သင်ခန်းစာအကျဉ်း

**ရည်ရွယ်ချက်** – သင်တန်းသားများက အပိုင်း ၂.၃ တွင် ပါဝင်သည့် အဓိကသဘောတရားများအကြောင်း ၎င်းတို့တွင် ရှိနှင့်ပြီးသော ဗဟုသုတများကို နှီးဆွရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက နှစ်ဦးတွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လေ့လာလုပ်ဆောင်ရမည်။ အွန်လိုင်းအဖွဲ့များခွဲပါက အခန်းခွဲများ လိုအပ်သည်။

**ပြင်ဆင်ရန်** – စကားလုံးများနှင့် စကားစုများကို ဘုတ်ပေါ်တွင်ရေးပါ။ သို့မဟုတ် ဆလိုက် ၂.၃.၁ ကိုပြပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

'မြန်မာနိုင်ငံတွင် ဖက်ဒရယ်စနစ်ဆီသို့ ဦးတည်ခြင်း' ဟု ဆိုသည့် နောက်ထပ်ဖတ်ရှုရမည့် စာစုတွင် အောက်ပါ စကားလုံးများနှင့် စကားစုများပါဝင်သည်။ စာစုတွင် ၎င်းတို့ အကြောင်း မည်သို့ ဖော်ပြရေးသားထားမည်ကို ခန့်မှန်းပါ။

၁။ သီးသန့်နေထိုင်ခြင်း

၂။ ကြီးမားသော ဘုရင့်နိုင်ငံများနှင့် အင်ပါယာများ

၃။ တောင်တန်းဒေသများ

၄။ လူများကို လူမျိုးစုကွဲများအဖြစ် အုပ်စုခွဲခြင်း

၅။ ဗမာ၊ ချင်း၊ ကချင်နှင့် ရှမ်းလူမျိုးစုများ၏ ကိုယ်စားလှယ်များ

၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်

### ပုံမှန်စာသင်ခန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများက စကားစုများနှင့် ၎င်းတို့သည် အခန်းခေါင်းစဉ်ဖြင့် မည်သို့ ဆက်စပ်မှုရှိသည်ကို နှစ်ဦးချင်း (သို့) အဖွဲ့လိုက် ခန့်မှန်းရမည်။

၂။ စကားစုတစ်ခုစီအတွက် စဉ်းစားမိသည့်အချက်အချို့ကို အတန်းတစ်ခုလုံးအား မေးကြည့်ပါ။

၃။ အတန်းတစ်တန်းလုံးအနေဖြင့် စာရင်းဖြင့် ရေးထားပြီး သင်တန်းသားများ စာကိုဖတ်ပြီးသည်အထိ ဘုတ်ပေါ်တွင် ထားထားပါ။

၄။ စာကိုဖတ်ပြီးသည့်အခါ၊ သင်တန်းသားများက သူတို့၏ အဖြေများကို ပြန်စစ်ကြည့်ရမည်။ (စာလုံးအတိအကျ ဖြစ်ရန်ထက် အဓိပ္ပာယ်သာ အဓိကဖြစ်ပါသည်။)

### အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများက စကားစုများနှင့် ၎င်းတို့သည် အခန်းခေါင်းစဉ်ဖြင့် မည်သို့ဆက်စပ်မှုရှိသည်ကို အဖွဲ့လိုက် ခန့်မှန်းရမည်။

၂။ စကားစုတစ်ခုစီအတွက် စဉ်းစားမိသည့်အချက်အချို့ကို အတန်းတစ်ခုလုံးအား မေးကြည့်ပါ။

၃။ အတန်းတစ်တန်းလုံးအနေဖြင့် စာရင်းဖြင့်ရေးထားပြီး စခရင် မှတ်တမ်းတင်ခြင်း (သို့) ရေးသားထားသည့် ဘုတ်ကို သိမ်းဆည်းထားခြင်းလုပ်ပါ။

၄။ သင်တန်းသားများ စာကိုဖတ်ပြီးသည်အထိ ဘုတ်ပေါ်တွင် ထားထားပါ။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ ယနေ့ခေတ် မြန်မာပြည်နေရာတွင်၊ အချို့သော အစုအဖွဲ့များသည် အခြားအဖွဲ့များနှင့် သီးခြား နေထိုင်ခဲ့ကြသည်။

၂။ အချိန်ကာလနှင့်အတူ ပေါ်ထွန်း၊ ပျက်သုဉ်းသွားခဲ့သည့် ဘုရင့်နိုင်ငံနှင့် အင်ပါယာကြီးများ များစွာရှိခဲ့သည်။

၃။ ဗြိတိသျှအင်ပါယာက ကချင်၊ ရှမ်းနှင့် ချင်းပါဝင်သည့် ကုန်းမြင့်ဒေသများကို တောင်တန်းဒေသများဟု ခေါ်ဝေါ်ခဲ့သည်။

၄။ ဗြိတိသျှများသည် လူများကို လူမျိုးစုအမျိုးမျိုးအဖြစ် အုပ်စုခွဲခဲ့ကြသည်။ ၎င်းသည် ယခုအချိန်အထိ ရှိနေဆဲ ဖြစ်သော ပြဿနာများကို ဖြစ်ပေါ်စေခဲ့သည်။

၅။ ဗမာ၊ ချင်း၊ ကချင်နှင့် ရှမ်းလူမျိုးစု ကိုယ်စားလှယ်များက ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

၆။ ပင်လုံစာချုပ်သည် ရှမ်း၊ ကချင်နှင့် ချင်းဒေသများကို ပြည်တွင်းအုပ်ချုပ်ရေးအတွက် အပြည့်အဝ ကိုယ်ပိုင်အုပ်ချုပ်ရေး ကတိကဝတ်ပေးထားခဲ့သည်။

သင်တန်းသားများက အပိုင်း ၂.၃ ဆုံးသည်အထိ ဖတ်ရမည်။

## ၂.၃ | လေ့ကျင့်ခန်း

**ရည်ရွယ်ချက်** – သင်တန်းသားများ အပိုင်း ၂.၃ တွင် ပါဝင်သည့် အဓိကသဘောတရားများအပေါ် သူတို့၏ နားလည်မှုကို စစ်ဆေးပါ။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက တစ်ဦးချင်းလေ့လာလုပ်ကိုင်ရမည်။

**ပြင်ဆင်ရန်** – ဘုတ်ပေါ်တွင် မေးခွန်းများကိုရေးပါ။ သို့မဟုတ် ဆလိုက် ၂.၃.၂ ကိုပြပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

၁။ ယနေ့ခေတ်မြန်မာဖြစ်လာမည့် ဧရိယာများတွင် ကိုလိုနီခေတ်မတိုင်မီက နေထိုင်ကြသူလူများအကြား မတူကွဲပြားမှုဖြစ်ပေါ်ရာတွင် လွှမ်းမိုးမှုရှိခဲ့သည့် အကြောင်းအရင်းသုံးခုကို ဖော်ထုတ်ပါ။

၂။ မည်သည့်ပထဝီဝင်အနေအထားများက မတူညီသော အုပ်စုများအကြား ထိတွေ့ဆက်ဆံမှုများကို သက်ရောက်စေခဲ့သနည်း။

၃။ ကိုလိုနီခေတ်တွင် ဗြိတိသျှများ အသုံးပြုခဲ့သည့် အုပ်ချုပ်ရေး ဧရိယာနှစ်ခုမှာ မည်သည်တို့ဖြစ်သနည်း။

၄။ ကိုလိုနီခေတ်တွင် အစုအဖွဲ့များအကြား ကွဲပြားမှုများကို ပိုမိုမြင့်မားလာစေသည့် အကြောင်းအရင်းနှစ်ခုကို ဖော်ထုတ်ပါ။

**ပုံမှန်စာသင်ခန်းတွင်း** **အွန်လိုင်းအတန်းတွင်း** **ညွှန်ကြားချက်များ**

သင်တန်းသားများ မေးခွန်းများကို ဖြေရမည်။

### အဖြေများ

၁။ ကွဲပြားသော လူမျိုးများ၊ ဘာသာစကားများနှင့် ဘာသာရေးများ – ပထဝီ (မြစ်ဝှမ်းများနှင့် တောင်တန်းများ)၊ သီးသန့်နေထိုင်ခြင်း (သို့) အုပ်စုများအကြား ထိတွေ့ဆက်ဆံခြင်း၊ ဘုရင့်နိုင်ငံများနှင့် အင်ပါယာများ ကျယ်ပြန့်လာခြင်းနှင့် ပျက်သုဉ်းခြင်း၊ အခြားအုပ်စုမှ လူများနှင့် အိမ်ထောင်ပြုခြင်း၊ အခြားဒေသများသို့ ရွှေ့ပြောင်းခြင်း။

၂။ မြစ်ဝှမ်းများနှင့် တောင်တန်းများ။

၃။ ပြည်မဒေသနှင့် တောင်တန်းဒေသ။

၄။ အချို့သော ဒေသများတွင် ကိုလိုနီအာဏာစက် သက်ရောက်မှုနည်းပါးခဲ့ခြင်း၊ လူမျိုးစုများကို လူမျိုးခွဲ သတ်မှတ်ခြင်း၊ ပြည်မဒေသနှင့် တောင်တန်းဒေသ အကြား မတူညီသည့် အုပ်ချုပ်ပုံစံသည့် အဖြေများ ပါဝင်နိုင်ပါသည်။

## ၂.၃ | လုပ်ဆောင်ချက် ၁

**ရည်ရွယ်ချက်** – သင်တန်းသားများက ဒေါ်အောင်ဆန်းစုကြည်၏ 'ပင်လုံစိတ်ဓာတ်' အကြောင်း မှတ်ချက်များကို ခွဲခြမ်းစိတ်ဖြာရန်။
**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက တစ်ဦးချင်းလေ့လာလုပ်ဆောင်ရမည်။ ပြီးသည့်အခါ နှစ်ယောက်တွဲ (သို့) အဖွဲ့လိုက်လေ့လာရမည်။ သင်တန်းသားတိုင်းတွင် လက်ကမ်းစာစောင်ရှိရမည်။ အွန်လိုင်းအတန်းများတွင် အခန်းခွဲများလိုနိုင်ပါသည်။
**ပြင်ဆင်ရန်** – လက်ကမ်းစာစောင် ၂.၃ ကို မိတ္တူများ ဆွဲထားပါ။ (တစ်ဖက်စာမျက်နှာ)

### ပုံမှန်စာသင်ခန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများက တစ်ဦးချင်းအနေဖြင့် လက်ကမ်းစာစောင်ကို ဖတ်ရှု၍ သူတို့၏ အဖြေများကို မှတ်စုအဖြစ်ချရေးရမည်။
၂။ နှစ်ယောက်တစ်တွဲတွဲ၍ သူတို့၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရမည်။
၃။ အတန်းမှ အဖြေအနည်းငယ် မေးကြည့်ပါ။

### အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများက တစ်ဦးချင်းအနေဖြင့် လက်ကမ်းစာစောင်ကို ဖတ်ရှု၍ သူတို့၏ အဖြေများကို မှတ်စုအဖြစ် ချရေးရမည်။
၂။ ဆန္ဒရှိပါက အခန်းခွဲများ ခွဲပေး၍ သူတို့၏ အဖြေများကို နှိုင်းယှဉ်ကြည့်စေပါ။
၃။ အတန်းမှ အဖြေအနည်းငယ် မေးကြည့်ပါ။

### အဖြေများ

၁။ ပင်လုံစာချုပ်၏ မူလရည်ရွယ်ချက်သည် လွတ်လပ်ရေး ရရန် ဖြစ်သည်ဟု သူမကဆိုသည်။ (ပင်လုံစာချုပ်ကို ဖွင့်ဆိုမှုအမျိုးမျိုးရှိကြောင်းကို သတိပြုပါ။ အချို့က ပင်လုံ၏ ရည်ရွယ်ချက်သည် လွတ်လပ်ရေးရရန်ဟု ယုံကြည်ယူဆကြသော်လည်း အခြားသူများကမူ ၎င်းတို့ ဒေသများတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ဆက်လက် ထိန်းသိမ်းထားပြီး ပြည်ထောင်စုဗမာနိုင်ငံ၏ အစိတ်အပိုင်းအဖြစ် ရပ်တည်ရန် တိုင်းရင်းသား ခေါင်းဆောင်များက သဘောတူညီခဲ့သည်ဟု မှတ်ယူကြသည်။
၂။ 'မတူကွဲပြားမှုတွင် စည်းလုံးခြင်း'။
၃။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ထိုးထားသည့် လူမျိုးစု လက်နက်ကိုင် ကိုယ်စားလှယ်များ။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၄။ ဖက်ဒရယ်စနစ်ကို (ထိုအချိန်တွင်) မရရှိသေးပေ။ သို့သော် ၎င်းသည် NCA ဆွေးနွေးမှုများ၏ အဓိက အချက်ဖြစ်သည်။ ဒေါ်စုက ပင်လုံစာချုပ်ထက် ပင်လုံစိတ်ဓာတ်သည် ပိုမိုအရေးကြီးသည်ဟု ညွှန်းဆိုခဲ့သည်။
၅။ ဗြိတိသျှများက ကိုလိုနီခေတ်အတွင်းတွင် မတူညီသော ဒေသများကို ကွဲပြားစွာအုပ်ချုပ်ခဲ့ကြသည်။ ၎င်းသည် ဖက်ဒရယ်စနစ်အပေါ် မတူညီသည့် မျှော်မှန်းချက်များ ဖြစ်ပေါ်စေသည့် သက်ရောက်မှုများရှိသည်။ (ဥပမာ – ဒေါ်စု၏ အမြင်နှင့် လူမျိုးစုခေါင်းဆောင်များ စသည်တို့၏ အမြင်)

# လက်ကမ်းစာစောင် ၂.၃

**ပင်လုံစိတ်ဓာတ်ဆိုသည်မှာ အဘယ်နည်း။**

'ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံအတွက် 'ပင်လုံ' ဆိုတဲ့ စကားလုံးကို ဘာအဓိပ္ပာယ်နဲ့ သုံးတာလဲလို့ ကျွန်မကို လူတွေကမေးကြတယ်။ မူလစိတ်ဓာတ်၊ သဘောတူညီချက်နဲ့ ကတိကဝတ်ပေါ်မှာ အခြေခံရမယ်လို့ ဆိုလိုတာလားပေါ့။ ကျွန်မပြောချင်တာကတော့ အဲ့တာဟာ လွတ်လပ်ရေးရဖို့ ရည်ရွယ်ချက်နဲ့ ချုပ်ထားတဲ့' ပင်လုံစာချုပ်ပေါ်မှာ အခြေခံမှာ မဟုတ်ဘူး။ မတူကွဲပြားမှုမှာ ငြိမ်းချမ်းစွာ နေထိုင်ခြင်းကို ထိန်းသိမ်းတဲ့ ပင်လုံစိတ်ဓာတ်ပေါ်မှာ အခြေခံရမယ်လို့ ကျွန်မယုံကြည်ပါတယ်။

(၂၀၁၆ ခုနှစ်၊ ဇွန် ၂၈ ရက်နေ့တွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ထိုး ထားသည့် လူမျိုးစုလက်နက်ကိုင် ကိုယ်စားလှယ်များနှင့် တွေ့ဆုံရာတွင် ဒေါ်အောင်ဆန်းစုကြည် ပြောဆိုခဲ့သည်။)

၁။ မူလပင်လုံစာချုပ်၏ ရည်ရွယ်ချက်ကို မည်သည် ဖြစ်သည်ဟု တင်ပြထားသနည်း။

၂။ ဤကိုးကားကောက်နုတ်ချက်တွင် ဖက်ဒရယ် စနစ်၏ အဓိကအယူအဆကို ညွှန်းဆိုသည့် စကားစုမှာ မည်သည်ဖြစ်သနည်း။

၃။ ဤစကားရပ်ကို မည်သူတို့ကို ပြောခဲ့သနည်း။

၄။ ဤစကားရပ်၏ အသွားအလာအရသည် ထိုအချိန်က (၂၀၁၆) မြန်မာနိုင်ငံ၏ ဖက်ဒရယ် စနစ် အခြေအနေနှင့် ပတ်သက်၍ မည်သည်ကို ညွှန်းဆိုဖော်ပြနေသနည်း။

၅။ ၂.၃ ရှိ 'တောင်တန်းဒေသ' နှင့် 'ပြည်မ' အကြောင်းစာပိုဒ်ကို ပြန်ကြည့်ပါ။ မြန်မာနိုင်ငံ၏ ဖက်ဒရယ်စနစ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များ၊ ဒေါ်စု၏ မိန့်ခွန်းတို့နှင့် သမိုင်းသည် မည်သို့ မည်ပုံ ဆက်စပ်နေသနည်း။

## ၂.၃ | လုပ်ဆောင်ချက် ၂

ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်းမှ မေးခွန်းများကို အပြန်အလှန် ပြောဆိုလုပ်ဆောင်ရသည့် လုပ်ဆောင်ချက်တွင် အသုံးပြုပါ။

**ရည်ရွယ်ချက်** – မြန်မာနိုင်ငံ၏ ဖက်ဒရယ်စနစ်ဆီသို့ သွားရာလမ်းကြောင်းကို လွှမ်းမိုးခဲ့ကြသည့် အကြောင်းအရာများကို သင်တန်းသားများက အကဲဖြတ်သုံးသပ်ရန်

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက အဖွဲ့လိုက်လေ့လာလုပ်ဆောင်ရမည်။ အွန်လိုင်းအတန်းများတွင် အခန်းခွဲများ လိုအပ်မည်။

**ပြင်ဆင်ရန်** – Flipchart စာရွက်များနှင့် marker များ၊ (သို့) ဒစ်ဂျစ်တယ်ပို့စ်ဘုတ်များ မေးခွန်းကို ဘုတ်ပေါ်တွင်ရေးပါ။ သို့မဟုတ် ဆလိုက် ၂.၃.၃ ကိုပြပါ။။

### သင်တန်းသားများအတွက် မေးခွန်းများ

မြန်မာနိုင်ငံ၏ ဖက်ဒရယ်စနစ်ဆီသို့ သွားရာလမ်းကြောင်းတွင် မည်သည့်အကြောင်းအရာများသည် လွှမ်းမိုးမှု အရှိဆုံး ဖြစ်သည်ဟု သင်ယုံကြည်သနည်း။

### ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း | ညွှန်ကြားချက်များ

၁။ မြန်မာနိုင်ငံ၏ ဖက်ဒရယ်စနစ်ဆီသို့ သွားရာလမ်းကြောင်းကို လွှမ်းမိုးခဲ့ကြသည့် အကြောင်းအရာများကို သင်တန်းသားများက အဖွဲ့လိုက် စာရင်းချရေးရမည်။

၂။ ထိုလွှမ်းမိုးမှုများကို တစ်တန်းလုံးစုပေါင်းစာရင်းအဖြစ် ပြုစုရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

- မြစ်ဝှမ်းတောင်တန်းများ၏ ပထဝီအနေအထားကြောင့် လူများဝေးကွာ ကွဲပြားနေခြင်း
- အတိတ်မှ ဘုရင့်နိုင်ငံများနှင့် အင်ပါယာများ
- ပြည်မနှင့် တောင်တန်းဒေသများကြား ကွဲပြားသည့် ကိုလိုနီအုပ်ချုပ်ပုံ
- ကိုလိုနီခေတ် လူများအား လူမျိုးစုအုပ်စုခွဲ သတ်မှတ်ခြင်း
- ပင်လုံစာချုပ်

သင်တန်းသားများက ဖက်ဒရယ်စနစ် ဆွေးနွေးမှုကို နှောင့်နှေးစေသည့်

- ပြည်တွင်းစစ်
- စစ်အာဏာသိမ်းမှုများနှင့် အာဏာရှင်စနစ်များစသည်

(သို့မဟုတ်)

ဖက်ဒရယ်စနစ်ကို အားပေးသည့်

- အပစ်အခတ်ရပ်စဲရေး ကာလများ
- ငြိမ်းချမ်းရေးဖြစ်စဉ်များ
- ၂၀၁၀ နောက်ပိုင်း အကန့်အသတ်ဖြင့် နိုင်ငံရေး ပွင့်လင်းလာမှု စသည်တို့ကိုလည်း ဆွေးနွေးနိုင်ပါသည်။

# ၂.၄ မြန်မာနိုင်ငံရှိ အခြေခံဥပဒေများနှင့် ဖက်ဒရယ်ဆိုင်ရာ တိုးတက်ပြောင်းလဲမှုများ

## ၂.၄ | သင်ခန်းစာအကျဉ်း

**ရည်ရွယ်ချက်** – သင်တန်းသားများက မြန်မာနိုင်ငံရှိ အခြေခံဥပဒေနှင့် ပတ်သက်၍ သိရှိပြီးသည်များကို စစ်ဆေးရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက တစ်ဦးချင်း လေ့လာလုပ်ဆောင်ရမည်။

**ပြင်ဆင်ရန်** – မေးခွန်းများကို ဘုတ်ပေါ်တွင်ရေးပါ။ သို့မဟုတ် ဆလိုက် ၂.၄.၁ ကိုပြပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

၁။ လွှတ်လပ်ရေးရသည်မှစ၍ မြန်မာနိုင်ငံတွင် အခြေခံဥပဒေ မည်မျှရှိပြီး ဖြစ်သနည်း။

၂။ ၁၉၄၇ အခြေခံဥပဒေတွင် ရှမ်းနှင့် ကယားအား နှစ်မည်မျှကြာသည့်အခါတွင် ခွဲထွက်ခွင့် ပြုထားသနည်း။

၃။ '၁၉၆၁–၆၂ ရှမ်းဖက်ဒရယ်မူ' တွင် လူမျိုးစုပြည်နယ် မည်မျှ အဆိုပြုခဲ့သနည်း။

၄။ ၁၉၇၄ အခြေခံဥပဒေတွင် ပြည်နယ်နှင့်တိုင်း မည်မျှ ပါဝင်ခဲ့သနည်း။

၅။ ၂၀၀၈ အခြေခံဥပဒေကို မည်သည့်အချိန်က စတင်ရေးဆွဲခဲ့ကြသနည်း။

၆။ ၂၀၀၅–၂၀၀၈ အတွင်းတွင် ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးနှင့် ညှိနှိုင်းမှုကော်မတီ (FCDCC) က မည်သည်ကို ရေးဆွဲခဲ့သနည်း။

### ပုံမှန်စာသင်ခန်းတွင်း / အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများက မေးခွန်းများကို ဖြေဆိုရမည်။

၂။ ဖတ်ရှုရန်စာပိုဒ်ကို ဖတ်၍ သူတို့၏ အဖြေများကို စစ်ရမည်။

### အဖြေများ

၁။ သုံး

၂။ တစ်ဆယ်

၃။ ရှစ် (ဗမာပြည်နယ်အပါအဝင်)

၄။ ဆယ့်လေး

၅။ ၁၉၉၃

၆။ ဖက်ဒရယ်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ စင်ပြိုင်အခြေခံဥပဒေ

သင်တန်းသားများက အပိုင်း ၂.၄ အဆုံးအထိ ဖတ်ရမည်။

## ၂.၄ | လေ့ကျင့်ခန်း

**ရည်ရွယ်ချက်** – သင်တန်းသားများက အပိုင်း ၂.၄ တွင် ပါဝင်သော အဓိကသဘောတရားများအပေါ် သူတို့၏ နားလည်မှုကို စစ်ဆေးရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက တစ်ဦးချင်း (သို့) နှစ်ယောက်တွဲ (သို့) အဖွဲ့လိုက် လေ့လာလုပ်ဆောင်ရမည်။ သင်တန်းသားတိုင်းတွင် လက်ကမ်းစာစောင်ရှိရမည်။

**ပြင်ဆင်ရန်** – လက်ကမ်းစာစောင် ၂.၄ (တစ်ဖက်တွင်) ကို မိတ္တူများဆွဲထားပါ။

ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း **ညွှန်ကြားချက်များ**

သင်တန်းသားများက အခြေခံဥပဒေများနှင့် အခြေခံဥပဒေမူကြမ်းများ၏ အချက်များကို အုပ်စုခွဲရမည်။

### အဖြေများ

၁။

| အခြေခံဥပဒေ | အချက် |
|---|---|
| ၁၉၄၇ အခြေခံဥပဒေ | ဃ၊ ဇ |
| ၁၉၆၁ ရှမ်းဖက်ဒရယ်မူ | စ၊ ဈ၊ ဋ |
| ၁၉၇၄ အခြေခံဥပဒေ | က၊ ည၊ ဌ |
| ၂၀၀၈ အခြေခံဥပဒေ | ဂ၊ င |
| ၂၀၀၈ FCDCC အခြေခံဥပဒေမူကြမ်း | ခ၊ ဆ |

၂။ (က) ၁၉၆၁ ရှမ်းဖက်ဒရယ်မူ/ ၂၀၀၈ FCDCC အခြေခံဥပဒေမူကြမ်း

(ခ) ၁၉၇၄ အခြေခံဥပဒေ/ ၂၀၀၈ အခြေခံဥပဒေ

(ဂ) ၁၉၆၁ ရှမ်းဖက်ဒရယ်မူ/ ၂၀၀၈ FCDCC အခြေခံဥပဒေမူကြမ်း

## ၂.၄ | ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

### သင်တန်းသားများအတွက် မေးခွန်းများ

ဗမာ/မြန်မာနိုင်ငံ၏ ၁၉၄၇, ၁၉၇၄ နှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ရှမ်းဖက်ဒရယ်မူ/ FCDCC မူတို့သည် အဓိကအားဖြင့် မည်သည့် ကွာခြားချက်များ ရှိသနည်း။ အဘယ်ကြောင့်နည်း။

ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း **ညွှန်ကြားချက်များ**

၁။ အဖွဲ့လိုက်ဖြစ်စေ တစ်တန်းလုံးဖြစ်စေ သင်တန်းသားများက ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်းအောက်ရှိ မေးခွန်းကို ဆွေးနွေးရမည်။ ဆလိုက် (၂.၄.၂)

၂။ သို့မဟုတ် သင်တန်းသားများအား သူတို့၏ အဖြေများကို အီလက်ထရောနစ်ပို့စ်ဘုတ် (သို့) bulletin board ပေါ်တွင် ရေးသားစေပါ။

**မှတ်ချက်** – အကယ်၍ သင်တန်းသားများက ပြီးခဲ့သည့် လေ့ကျင့်ခန်းကို လုပ်ဆောင်ခဲ့ပါက၊ ဆွေးနွေးသည့် မေးခွန်းမှာ အလွန်တူသဖြင့် ဤလုပ်ငန်းကို လုပ်ဆောင်ရန် မလိုနိုင်ပါ။

# လက်ကမ်းစာစောင် ၂.၄

၁။ မြန်မာနိုင်ငံ၏ ယခင်အခြေခံဥပဒေများနှင့် အဆိုပြုသည့် အခြေခံဥပဒေမူကြမ်းများ၏ အချက်အလက်များပေါ်တွင် အခြေခံ၍ အောက်ပါအချက်များကို အုပ်စုခွဲပါ။

(က) ပြည်နယ်/ တိုင်း လွှတ်တော်များမရှိဘဲ ပြည်နယ် (၇) ခုနှင့် တိုင်း (၇) ခု

(ခ) ပြည်နယ်ဆယ်ခုစလုံးအတွက် အခြေခံဥပဒေများ ရှိခြင်း

(ဂ) ဝန်ကြီးဌာနသုံးခုမှာ စစ်တပ်ကွပ်ကဲမှုအောက်တွင် ရှိပြီး အခြားဝန်ကြီးဌာနများက အရပ်ဖက်ကွပ်ကဲမှု အောက်တွင်ရှိခြင်း

(ဃ) ရှမ်းနှင့် ကယားပြည်နယ်တို့အတွက် ဆယ်နှစ် ကြာပြီးနောက် ခွဲထွက်ခွင့်ပါရှိခြင်း

(င) ကိုယ်ပိုင်လွှတ်တော်ရှိသည့် ပြည်နယ် (၇) ခုနှင့် တိုင်းဒေသကြီး (၇) ခု

(စ) လူမျိုးစုပြည်နယ် ရှစ်ခုစလုံးအတွက် အခြေခံဥပဒေများရှိခြင်း

(ဆ) အမျိုးသားပြည်နယ်နှစ်ခု အပါအဝင် ပြည်နယ်ဆယ်ခု

(ဇ) ယခင် ပြည်မအစိုးရက ပြည်ထောင်စုအစိုးရအဖြစ် ထမ်းဆောင်ခြင်း။

(ဈ) ဗမာပြည်နယ်တစ်ခု အပါအဝင် လူမျိုးစုအခြေခံ ပြည်နယ်ရှစ်ခု

(ည) နိုင်ငံတော်သမ္မတက ခန့်အပ်သည့် ပြည်နယ်နှင့်တိုင်းဝန်ကြီးချုပ်များ

(ဋ) ရှိနှင့်ပြီး အခြေခံဥပဒေကို အဆိုပြုသည့် ပြင်ဆင်ချက်များ

(ဌ) ဗဟိုအစိုးရ၏ မူဝါဒများကို ပြည်သူ့ကောင်စီက အကောင်အထည်ဖော်ခြင်း

| အခြေခံဥပဒေ | အချက် |
|---|---|
| ၁၉၄၇ အခြေခံဥပဒေ | |
| ၁၉၆၁ ရှမ်းဖက်ဒရယ်မူ | |
| ၁၉၇၄ အခြေခံဥပဒေ | |
| ၂၀၀၈ အခြေခံဥပဒေ | |
| ၂၀၀၈ FCDCC အခြေခံဥပဒေမူကြမ်း | |

၂။ မည်သည့် အခြေခံဥပဒေ (သို့) အဆိုပြုအခြေခံဥပဒေမူကြမ်းသည် အောက်ပါတို့မှ မည်သည့်အချက် ဘုံတူညီပါရှိ သနည်း။

(က) တိုင်းပြုပြည်ပြုနယ်မြေ အားလုံးအတွက် အခြေခံဥပဒေ

(ခ) လူမျိုးစုအခြေခံနှင့် နယ်နိမိတ်အခြေခံ တိုင်းပြုပြည်ပြုနယ်မြေ အရေအတွက် တူညီခြင်း

(ဂ) ဗမာလူမျိုးစုအတွက် သီးသန့်ပြည်နယ်တစ်ခု

# ၂.၅ ဖက်ဒရယ်စနစ်အပေါ် ကွဲပြားသည့် အမြင်များ

## ၂.၅ | သင်ခန်းစာအကျဉ်း

**ရည်ရွယ်ချက်** – သင်တန်းသားများက မြန်မာနိုင်ငံရှိ ဖက်ဒရယ်စနစ်နှင့် ပတ်သက်သည့် ထင်မြင်ချက်များနှင့် ရှုထောင့်များကို နှိုင်းယှဉ်ရန်။
**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက အဖွဲ့လိုက်ဖြစ်စေ၊ အတန်းတစ်တန်းလုံးအနေဖြင့်ဖြစ်စေ လေ့လာလုပ်ဆောင်ရမည်။
**ပြင်ဆင်ရန်** – မေးခွန်းကို ဘုတ်ပေါ်တွင်ရေးပါ။ သို့မဟုတ် ဆလိုက် ၂.၅.၁ ကိုပြပါ။

**သင်တန်းသားများအတွက် မေးခွန်းများ**

မြန်မာနိုင်ငံတွင် မတူညီသည့် အစုအဖွဲ့များက ဖက်ဒရယ်စနစ်ကို မည်သို့ရှုမြင်နိုင်သနည်း။

### ပုံမှန်စာသင်ခန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများက နှစ်ယောက်တွဲ (သို့) အဖွဲ့လိုက် လေ့လာလုပ်ဆောင်ရမည်။ မေးခွန်းကို ဆွေးနွေး၍ ဖြစ်နိုင်ခြေရှိသော အဖြေများကို စာရင်းအနေဖြင့်ချရေးရမည်။
၂။ အတန်းမှ အဖြေအနည်းငယ် မေးကြည့်ပါ။
၃။ အတန်းတစ်တန်းလုံး၏ အဖြေများကို စာရင်းအနေဖြင့် ရေးသားထားပါ။

### အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများက အဖွဲ့လိုက် လေ့လာလုပ်ဆောင်ရမည်။ မေးခွန်းကို ဆွေးနွေး၍ ဖြစ်နိုင်ခြေရှိသောအဖြေများကို စာရင်းအနေဖြင့်ချရေးရမည်။
၂။ အတန်းမှ အဖြေအနည်းငယ် မေးကြည့်ပါ။
၃။ အတန်းတစ်တန်းလုံး၏ အဖြေများကို စာရင်းအနေဖြင့် ရေးသားထားပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

- စစ်တပ်က ဖက်ဒရယ်စနစ်ကို 'ပြည်ထောင်စု' ၏ အန္တရာယ်အဖြစ် မြင်နိုင်သည်။
- အချို့သော လူမျိုးစုများက ဖက်ဒရယ်စနစ်ကို တန်းတူညီမျှရေးနှင့် ကိုယ်စားပြုမှုအတွက် အကောင်းဆုံးနိုင်ငံရေး အစီအစဉ်အဖြစ် ရှုမြင်ကြသည်။
- အချို့သော အဖွဲ့များက ဖက်ဒရယ်စနစ်ကို မထူထောင်မီ ပြည်ထောင်စုနှင့် တိုင်းပြည်ပြည်ပြ နယ်မြေများတွင် ဒီမိုကရေစီစစ်စစ်ကို ထူထောင်ရန် လိုအပ်သည်ဟု ယုံကြည်နိုင်သည်။
- အချို့သောအဖွဲ့များက ယခုအချိန်တွင် ဖက်ဒရယ်စနစ်ထက်အရေးကြီးသော အခြား နိုင်ငံရေး (သို့) လူမှုရေးပြဿနာများရှိသည်ဟု ယုံကြည်နိုင်သည်။

သင်တန်းသားများက အပိုင်း ၂.၅ အဆုံးအထိ ဖတ်ရမည်။

## ၂.၅ | လုပ်ဆောင်ချက်

**ရည်ရွယ်ချက်** – သင်တန်းသားများက အပိုင်း ၂.၅ ရှိ အဓိကသဘောတရားများအပေါ် အမြင်ရှုထောင့်များကို အကဲဖြတ်သုံးသပ်ရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက နှစ်ယောက်တွဲ၍ လုပ်ဆောင်ရမည်ဖြစ်ပြီး လုပ်ငန်း လုပ်ဆောင်စဉ်အတွင်း အတွဲပြောင်းသွားမည်ဖြစ်သည်။ အွန်လိုင်းတွင် နှစ်ယောက်တွဲ ပြုလုပ်ရန် အခန်းခွဲများ လိုအပ်မည်။

**ပြင်ဆင်ရန်** – မေးခွန်းကို ဘုတ်ပေါ်တွင်ရေးပါ။ သို့မဟုတ် ဆလိုက် ၂.၅.၂ ကိုပြပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

**ထောက်ခံသလား (သို့) ဆန့်ကျင်သလား။**

(က) စစ်မှန်သည့် ဒီမိုကရေစီကို အရင်ထူထောင်မှသာ ဖက်ဒရယ်စနစ် ဖြစ်နိုင်ခြေရှိမည်။

(ခ) စစ်မှန်သည့် ဖက်ဒရယ်စနစ်ကို ထူထောင်မှသာ တိုင်းပြုပြည်ပြုနယ်မြေများအကြား တန်းတူညီမျှမှု ရှိမည်ဖြစ်သည်။

(ဂ) ၂၀၀၈ အခြေခံဥပဒေသည် စစ်မှန်သည့် ဒီမိုကရေစီ ဖက်ဒရယ်စနစ်ပေါ်ထွန်းလာစေမည့် အခြေခံဖြစ်ခဲ့နိုင်သည်။

### ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း | ညွှန်ကြားချက်များ

၁။ သင်တန်းသားများက နှစ်ယောက်တွဲ၍ လုပ်ဆောင်ရမည် ဖြစ်သည်။ ရပ်တည်ချက် က–ဂ ကို မည်သူက ထောက်ခံပြီး မည်သူက ဆန့်ကျင်မည်ကို ရွေးချယ်ရမည်။

၂။ (က–ဂ) ရပ်တည်ချက်များကို ထောက်ခံမည့် အကြောင်းပြချက်များကို သူတို့၏ တွဲဖက်နှင့် စကားမပြောဘဲ တစ်ဦးချင်းစဉ်းစားရမည်။ သူတို့၏ အကြောင်းပြချက်များကို မှတ်မိနိုင်စေရန် မှတ်စုများ ရေးထားရမည်။

၃။ ရပ်တည်ချက်တစ်ခုချင်းစီအတွက် ထောက်ခံသည့် (သို့) ဆန့်ကျင်သည့် အကြောင်းပြချက်များကို တစ်ဦးနှင့် တစ်ဦး အလှည့်ကျရှင်းပြရမည်။ သူတို့တွဲဖက်၏ ရပ်တည်ချက်များကို မှတ်စုရေးသားထားရမည်။

၄။ အတွဲနှင့် ရှုထောင့်များကို ပြောင်းရမည်။ ဤအကြိမ်တွင် ထောက်ခံသူများသည် ဆန့်ကျင်သူများဖြစ်ပြီး ဆန့်ကျင်သူများက ထောက်ခံသူများဖြစ်သွားမည်။ အတွဲအသစ်များတွဲ၍ သူတို့၏ ထောက်ခံသည့် (သို့) ဆန့်ကျင်သည့် ရပ်တည်ချက်အသစ်ကို ယခင်အတွဲမှ တွဲဖက်က ရှင်းပြခဲ့သည်နှင့် ၎င်းတို့ကိုယ်တိုင် စဉ်းစားမိသည် တို့အပေါ် အခြေခံ၍ အတွဲအသစ်မှ လူကိုရှင်းပြရမည်။ ၎င်းသည် သူတို့နှင့် ရပ်တည်ချက် ဆန့်ကျင်ဘက်ရှိသူ ဖြစ်မည်ဖြစ်သည်။

## ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

### သင်တန်းသားများအတွက် မေးခွန်းများ

ဤအနာဂတ်ဖြစ်နိုင်ခြေသုံးမျိုးအနက်မှ တစ်ခုစီတွင် မြန်မာနိုင်ငံအတွက် မည်သည့် အားသာချက်များနှင့် အားနည်းချက်များ ဖြစ်နိုင်ခြေရှိသည်ဟု သင်ယုံကြည်သနည်း။

၁။ တစ်ပြည်ထောင်စနစ်ကို ဆက်လက်ထိန်းသိမ်းခြင်း

၂။ ဖယ်ဒရယ်စနစ် ထူထောင်ခြင်း

၃။ တိုင်းပြည်၏ အစိတ်အပိုင်းအချို့ လုံးဝခွဲထွက်ခြင်း

### ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း | ညွှန်ကြားချက်များ

၁။ အဖွဲ့လိုက်ဖြစ်စေ၊ အတန်းလိုက်ဖြစ်စေ သင်တန်းသားများက (ဆလိုက် ၂.၅.၃ တွင်လည်းရှိသည့်) ဆွေးနွေးခြင်း/ ပြန်လည်သုံးသပ်ခြင်း မေးခွန်းများကို ဆွေးနွေးရမည်။

၂။ သို့မဟုတ်ပါက သင်တန်းသားများအား သူတို့၏ အဖြေများကို အီလက်ထရောနစ် ဂိုက်ဘုတ် (သို့) bulletin board ပေါ်တွင် ရေးသားစေနိုင်ပါသည်။

## စဉ်းစားရန်

**သင်တန်းသားများအတွက် မေးခွန်းများ**

အောင်မြင်သည့် ဖက်ဒရယ်စနစ်ပေါ်ထွန်းရေးအတွက် အရေးကြီးဆုံးသော အစိတ်အပိုင်းများသည် မည်သည်တို့ဖြစ်သည်ဟု သင်ယုံကြည်သနည်း။

**ပုံမှန်စာသင်ခန်းတွင်း** **အွန်လိုင်းအတန်းတွင်း** **ညွှန်ကြားချက်များ**

- အတန်းတစ်တန်းလုံးအနေဖြင့် သင်တန်းသားများက (ဆလိုက်၂.၅.၄ တွင်လည်းရှိသည့်) အခန်း ၂ အဆုံးရှိ မေးခွန်းကို ဆွေးနွေးရမည်။
- သို့မဟုတ်ပါက သင်တန်းသားများအား မေးခွန်းပေါ်တွင် အခြေခံကာ စာစဉ်ရေးသား၍ တင်ပြစေနိုင်ပါသည်။
- သို့မဟုတ်ပါက မေးခွန်းအပေါ် အခြားသူများ၏ အမြင်ကို ကြည့်ရှုနိုင်ရန်အတွက် သင်တန်းသားများက သူတို့၏ အဖြေများကို အီလက်ထရောနစ် ပို့က်ဘုတ် (သို့) bulletin board ပေါ်တွင် ရေးသားရမည်။

# အခန်း (၃) – ဖက်ဒရယ်ဒီဇိုင်းဆိုင်ရာ ကိစ္စရပ်များ

## ဤအခန်းကို မစတင်မီ

- ဤအခန်း၏ အဓိကအကြောင်းအရာများကို ဖြင့်ဖော်ပြချက်ဖြစ်သည့် လမ်းညွှန်မေးခွန်းများကို ဖတ်ပါ။
- ဆန္ဒရှိလျှင် ထိုလမ်းညွှန်မေးခွန်းများကို အတန်းသားများအား တစ်မိနစ်ခန့် စဉ်းစားခိုင်းနိုင်ပါသည်။

**သင်တန်းသားများအတွက် လမ်းညွှန်မေးခွန်းများ**

၁။ ဖက်ဒရယ်ပြည်ထောင်စုစနစ် ထူထောင်ရေးနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များကို မည်သို့ ချမှတ်သင့်သနည်း။

၂။ ဖယ်ဒရယ်စနစ် ဒီဇိုင်းတွင် မည်သည့်အချက်များက အရေးကြီးသနည်း။

# ၃.၁ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းနှင့် ဖက်ဒရယ်ဒီဇိုင်း

## ၃.၁ | သင်ခန်းစာအကြို

**ရည်ရွယ်ချက်** – သင်တန်းသားများက ဖက်ဒရယ်စနစ် ဒီဇိုင်းနှင့် ပတ်သက်၍ သူတို့ ယခင်သိနှင့်ပြီးသည်များကို ပြန်လည်နှိုးဆွရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက နှစ်ယောက်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လေ့လာလုပ်ဆောင်ရမည်။ အွန်လိုင်းအတန်းများတွင် အခန်းခွဲများ လိုအပ်သည်။

**ပြင်ဆင်ရန်** – မေးခွန်းများကို ဘုတ်ပေါ်တွင်ရေးပါ။ သို့မဟုတ် ဆလိုက် ၃.၁.၁ ကိုပြပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

အခြေခံဥပဒေတစ်ရပ်ကို ပြုစုခြင်းသည် ဖက်ဒရယ်စနစ်တစ်ခု၏ ဒီဇိုင်းအတွက် အရေးကြီးရသည့် ဖြစ်နိုင်ခြေရှိသော အကြောင်းအရင်းများမှာ မည်သည်တို့ဖြစ်သနည်း။

### ပုံမှန်စာသင်ခန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများက နှစ်ယောက်တစ်တွဲတွဲ၍ အခြေခံဥပဒေတစ်ရပ်ကို ပြုစုခြင်းသည် ဖက်ဒရယ်စနစ်တစ်ခု၏ ဒီဇိုင်းအတွက် အရေးကြီးရသည့် အကြောင်းအရင်းများကို ဆွေးနွေးရမည်။

၂။ အတွဲများသည် အခြားတစ်တွဲနှင့် ပေါင်း၍ သူတို့တွေးမိသည့် အချက်များကို နှိုင်းယှဉ်ရမည်။

၃။ အတန်းတစ်တန်းလုံးအနေဖြင့် အခြေခံဥပဒေတစ်ရပ်ကို ပြုစုခြင်းသည် ဖက်ဒရယ်စနစ်တစ်ခု၏ ဒီဇိုင်းအတွက် အရေးကြီးရသည့် ဖြစ်နိုင်ခြေရှိသော အကြောင်းအရင်းများကို စာရင်းတစ်ခုပြုလုပ်ရမည်။

### အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများက အခြေခံဥပဒေတစ်ရပ်ကို ပြုစုခြင်းသည် ဖက်ဒရယ်စနစ်တစ်ခု၏ ဒီဇိုင်းအတွက် အရေးကြီးရသည့် အကြောင်းအရင်းများကို အဖွဲ့လိုက် ဆွေးနွေးရမည်။ ထိုအကြောင်းအရင်းများကို အဖွဲ့လိုက်စာရင်းများပြုစုရမည်။

၂။ အဖွဲ့များက အတန်းတစ်ခုလုံးသို့ သူတို့၏ စာရင်းများကို ရှင်းလင်းတင်ပြရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

- အခြေခံဥပဒေသည် ဖက်ဒရယ်စနစ်နှင့် တိုင်းပြုပြည်ပြုနယ်မြေများ၏ အုပ်ချုပ်ရေး ဖွဲ့စည်းပုံကို ပြဋ္ဌာန်းပေးသည်။
- ၎င်းသည် အစိုးရအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံများနှင့် လုပ်ငန်းစဉ်များကို ပြဋ္ဌာန်းသည်။
- ၎င်းသည် နိုင်ငံသားများ၏ မူလအခွင့်အရေးကို ပြဋ္ဌာန်းသည်။
- ၎င်းသည် ပြည်ထောင်စုအဆင့်နှင့် တိုင်းပြုပြည်ပြုနယ်မြေအဆင့်များအကြား အာဏာခွဲဝေမှုကို ပြဋ္ဌာန်းသည်။
- ၎င်းသည် အခြေခံဥပဒေကို ပြင်ဆင်နိုင်သည့် လုပ်ငန်းစဉ်များကို ပြဋ္ဌာန်းသည်။

သင်တန်းသားများက အပိုင်း ၃.၁ ဆုံးသည်အထိ ဖတ်ရမည်။

## ၃.၁ | လေ့ကျင့်ခန်း

**ရည်ရွယ်ချက်** – သင်တန်းသားများက အပိုင်း ၃.၁ တွင် ပါဝင်သော အဓိကသဘောတရားများကို သူတို့ နားလည်မှုရှိမရှိ စစ်ဆေးရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက တစ်ဦးချင်း လေ့လာလုပ်ဆောင်ရမည်။ သင်တန်းသားများ အားလုံးက ဘုတ် (သို့မဟုတ်) ဆလိုက် ၃.၁ ကို မြင်နိုင်ရမည်။

**ပြင်ဆင်ရန်** – မေးခွန်းများကို ဘုတ်ပေါ်တွင်ရေးပါ၊ သို့မဟုတ် ဆလိုက် ၃.၁.၂ ကိုပြပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

၁။ အခြေခံဥပဒေမူကြမ်းရေးဆွဲရေး လုပ်ငန်းစဉ်သည် မည်သည့်အတွက်ကြောင့် ဖက်ဒရယ်စနစ်အတွက် အရေးကြီးသနည်း။

၂။ အခြေခံဥပဒေမူကြမ်းရေးဆွဲရေး လုပ်ငန်းစဉ်တွင် မည်သည့် လူပုဂ္ဂိုလ်များ ပါဝင်နိုင်သနည်း။

၃။ အခြေခံဥပဒေမူကြမ်းရေးဆွဲရေး လုပ်ငန်းစဉ် ပြည်သူလူထုက မည်သည့်အတွက်ကြောင့် ပါဝင်သင့်သနည်း။

၄။ အခြေခံဥပဒေပြုစုသည့် အဓိကနည်းလမ်းနှစ်ခုမှာ အဘယ်နည်း။

ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း | **ညွှန်ကြားချက်များ**

သင်တန်းသားများက မေးခွန်းများကို ဖြေရမည်။

### အဖြေများ

၁။ အဘယ်ကြောင့်ဆိုသော် အခြေခံဥပဒေသည် ဖက်ဒရယ်စနစ်၏ ယေဘုယျဖွဲ့စည်းပုံ၊ အစိုးရ၏ အဖွဲ့အစည်းများ၊ အာဏာခွဲဝေမှုနှင့် နိုင်ငံသား အခွင့်အရေးများ၏ အခြေခံဖြစ်သောကြောင့်ဖြစ်သည်။

၂။ ကျွမ်းကျင်သူများ၊ နိုင်ငံရေးပါတီများ၊ လူမျိုးစုများ၊ လူမှုရေးအဖွဲ့အစည်းများ။

၃။ အခြေခံဥပဒေတွင် အစိုးရဥပဒေများ၊ နိုင်ငံရေးစနစ်နှင့် နိုင်ငံသားအခွင့်အရေးများ ပါရှိသည့်အတွက် ၎င်းသည် ပြည်သူလူထုအပေါ်တွင် သက်ရောက်မှုရှိသည်။

၄။ ရှိနှင့်ပြီးသည့် အခြေခံဥပဒေကို ပြင်ဆင်ခြင်း (သို့) အသစ်ရေးဆွဲခြင်း။

## ၃.၁ | လုပ်ဆောင်ချက်

ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း မေးခွန်းများကို အပြန်အလှန် ပြောဆိုတုံ့ပြန်လုပ်ဆောင်ရသည့် လုပ်ဆောင်ချက်တွင် အသုံးပြုပါ။

**ရည်ရွယ်ချက်** – သင်တန်းသားများက အခြေခံဥပဒေမူကြမ်း ရေးဆွဲရေး လုပ်ငန်းစဉ်တွင် မတူညီသော အဖွဲ့စည်းများ၏ ပါဝင်မှုကို အကဲဖြတ်သုံးသပ်ရမည်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက အဖွဲ့လိုက်ဖြစ်စေ၊ အတန်းတစ်တန်းလုံးအနေဖြင့်ဖြစ်စေ လေ့လာလုပ်ဆောင်ရမည်။ အွန်လိုင်းအတန်းများတွင် အခန်းခွဲများ လိုအပ်သည်။

**ပြင်ဆင်ရန်** – Flipchart စာရွက်များနှင့် markers, သို့မဟုတ် ဒစ်ဂျစ်တယ်ပို့ကိဘုတ်များနှင့် အခန်းခွဲများ။ မေးခွန်းများကို ဘုတ်ပေါ်တွင်ရေးပါ။ သို့မဟုတ် ဆလိုက် ၃.၁.၃ ကိုပြပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး၏ မည်သည့်ကဏ္ဍတွင် အောက်ပါအဖွဲ့အစည်းများက ပါဝင်အကျိုးပြုနိုင်မည်ဟု ယုံကြည်ပါသနည်း။

- ဥပဒေပညာရှင်များ
- နိုင်ငံရေးပါတီများ
- လူမျိုးစုအဖွဲ့များ
- အရပ်ဖက်အဖွဲ့အစည်းများ

၂။ အခြားမည်သည့်အဖွဲ့များ ပါဝင်နိုင်သနည်း၊ ၎င်းတို့က မည်သည့်အရာများကို ထည့်ဝင်အကျိုးပြုနိုင်မည်နည်း။

### ပုံမှန်စာသင်ခန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများက လေးယောက်တစ်ဖွဲ့ဖွဲ့၍ အဖွဲ့ဝင်တစ်ဦးချင်းစီက အခြေခံဥပဒေမူကြမ်းရေးဆွဲရေးတွင် ထည့်သွင်းထားသည့် အဖွဲ့အစည်းလေးဖွဲ့မှ တစ်ဖွဲ့အတွက် ၎င်းတို့စဉ်းစားမိသည့် အကြောင်းအရင်းများကို စဉ်းစားပေးရမည်။

၂။ အဖွဲ့လိုက် အခြေခံဥပဒေမူကြမ်းရေးဆွဲရေးတွင် ပါဝင်နိုင်သည့် အခြားအဖွဲ့များနှင့် ၎င်းတို့က မည်သို့ထည့်ဝင်အားဖြည့်နိုင်သည်ကို စဉ်းစားဖော်ထုတ်ရမည်။

၃။ အခြားအဖွဲ့တစ်ဖွဲ့နှင့်ပေါင်း၍ ၎င်းတို့ စဉ်းစားထားသည့် အကြောင်းအရင်းများကို နှိုင်းယှဉ်ရမည်။

၄။ အတန်းတစ်တန်းလုံးအနေဖြင့် ၎င်းတို့ စဉ်းစားထားသည့် အကြောင်းအရင်းများကို ဆွေးနွေးရမည်။ အတန်းတစ်တန်းလုံး၏ စာရင်းအဖြစ် ပြုစုရမည်။

### အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများက လေးယောက်တစ်ဖွဲ့ဖွဲ့၍ အဖွဲ့ဝင်တစ်ဦးချင်းစီက အခြေခံဥပဒေမူကြမ်းရေးဆွဲရေးတွင် ထည့်သွင်းထားသည့် အဖွဲ့အစည်းလေးဖွဲ့မှ တစ်ဖွဲ့အတွက် ၎င်းတို့စဉ်းစားမိသည့် အကြောင်းအရင်းများကို စဉ်းစားပေးရမည်။

၂။ အဖွဲ့လိုက် အခြေခံဥပဒေမူကြမ်းရေးဆွဲရေးတွင် ပါဝင်နိုင်သည့် အခြားအဖွဲ့များနှင့် ၎င်းတို့က မည်သို့ ထည့်ဝင်အားဖြည့်နိုင်သည်ကို စဉ်းစားဖော်ထုတ်ရမည်။

၃။ အဖွဲ့များက ၎င်းတို့စဉ်းစားထားသည့် အကြောင်းအရင်းများကို အတန်းသို့ တင်ပြရမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ ● **ဥပဒေရေးရာ ပညာရှင်များ** – ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ အစိတ်အပိုင်းများနှင့် ၎င်း၏အခြေခံ ဥပဒေများ အချင်းချင်းဆန့်ကျင်ခြင်း၊ ကွဲပြားခြင်းမရှိစေရန်။
- **နိုင်ငံရေးပါတီများ** – လက်သင့်ခံနိုင်သည့် ရွေးကောက်ပွဲစနစ်နှင့် ဥပဒေပြုရေး လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန်။
- **လူမျိုးစုများ** – လူမျိုးစုအဖွဲ့များအားလုံး ပါဝင်နိုင်စေရန်နှင့် မတူကွဲပြားသည့် ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှုများနှင့် ယဉ်ကျေးမှုများကို ထည့်သွင်းစဉ်းစားခြင်းနှင့် ကာကွယ်ခြင်းရှိစေရန်။
- **လူမှုအရပ်ဖက်အဖွဲ့အစည်းများ** – လူနည်းစု (သို့) ဘေးဖယ်ထုတ်ခံရသည့်အစုအဖွဲ့များ၊ သဘာဝပတ်ဝန်းကျင်နှင့် အခြေခံအခွင့်အရေးများကို ကာကွယ်နိုင်စေရန်။

၂။ ● **အမျိုးသမီးအဖွဲ့အစည်းများ** – အမျိုးသမီးများ အပေါ် သက်ရောက်မှုရှိသည့် ကိစ္စရပ်များတွင် ထည့်ဝင်မှုပြုလုပ်နိုင်ရန်နှင့် အမျိုးသမီးများ ကိုယ်စားပြုမှုရှိစေရန်။
- **ပညာရပ်ဆိုင်ရာ ပညာရှင်များ** – ဖက်ဒရယ်စနစ် အပေါ် လွှမ်းမိုးနိုင်သည့် သမိုင်း၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ ဘာသာစကားအစရှိသည်တို့အပေါ် ပညာရှင်တို့၏ အသိပညာများ။
- **နိုင်ငံတကာအဖွဲ့အစည်းများ** – ကျန်းမာရေး၊ ပညာရေးကဲ့သို့သော ကိစ္စရပ်များနှင့် အခြား နိုင်ငံများတွင် ၎င်းကိစ္စရပ်များကို မည်သို့ ကိုင်တွယ် ဖြေရှင်းကြသည်ကို အကြံ ထပ်ဆောင်းပေးနိုင်သည်။
- **နိုင်ငံတကာ အကြံပေးများ** – ဥပဒေများ၊ အခြေခံဥပဒေများနှင့် အခြားနိုင်ငံများမှ ဖက်ဒရယ်စနစ်များအကြောင်း အကြံဉာဏ်။

# ၃.၂ ကိုယ်ပိုင်အမှတ်အသားလက္ခဏာနှင့် ဖက်ဒရယ်စနစ်

## ၃.၂ | သင်ခန်းစာအကြို

**ရည်ရွယ်ချက်** – သင်တန်းသားများက မြန်မာနိုင်ငံတွင် ပြောဆိုသော ဘာသာစကားများနှင့် ကျင့်သုံးသည့် ကိုးကွယ်ယုံကြည်မှုများအပေါ်ရှိသည့် သူတို့၏ ယုံကြည်မှုများကို ဆန်းစစ်ရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက လေ့လာလုပ်ဆောင်ရမည်။ နှစ်ယောက်တွဲဖြစ်စေ၊ အဖွဲ့လိုက် ဖြစ်စေ အွန်လိုင်းအတန်းများတွင် အခန်းခွဲများလိုအပ်သည်။

**ပြင်ဆင်ရန်** – မေးခွန်းများကို ဘုတ်ပေါ်တွင်ရေးပါ၊ သို့မဟုတ် ဆလိုက် ၃.၂.၁ ကိုပြပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

၁။ မြန်မာနိုင်ငံတွင် မည်သည့်ဘာသာစကားများကို ပြောဆိုကြသနည်း။

၂။ မြန်မာနိုင်ငံတွင် မည်သည့် ကိုးကွယ်ယုံကြည်မှုများကို ကျင့်သုံးကြသနည်း။

၃။ မည်သည့်ရာခိုင်နှုန်းသော လူဦးရေက မည်သည့် ကိုးကွယ်ယုံကြည်မှုကို ကျင့်သုံးသနည်း။

**ပုံမှန်စာသင်ခန်းတွင်း** **အွန်လိုင်းအတန်းတွင်း** **ညွှန်ကြားချက်များ**

၁။ အတန်းတစ်တန်းလုံးအနေဖြင့် မြန်မာနိုင်ငံတွင် ပြောဆိုသော စကားများကို ရသမျှစဉ်းစားရမည်။ ဘုတ်ပေါ်တွင် အတန်းတစ်တန်းလုံး စဉ်းစားရသမျှကို ရေးချရမည်။ အဖြေက ရာနှင့်ချီရှိနိုင်သည့်အတွက် လေးငါးမိနစ်နေလျှင် ရပ်နိုင်ပါသည်။

၂။ အတန်းတစ်တန်းလုံးအနေဖြင့်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ သင်တန်းသားများက မြန်မာပြည်တွင် ကျင့်သုံးသည့် အဓိက ဘာသာများနှင့် လူဦးရေ၏ မည်သည့်ရာခိုင်နှုန်းက ၎င်းတို့ကို ကိုးကွယ်သည်ကို စာရင်းထုတ်ရမည်။ ဆန္ဒရှိပါက pie chart အနေဖြင့် ပြစေနိုင်သည်။

၃။ အတန်းတစ်တန်းလုံး ညှိနှိုင်း၍ အဖြေထုတ်ပါ။

၄။ ဤစာအုပ်ပါ အဖြေနှင့်စစ်ကြည့်ပါ။ (သို့မဟုတ်) လက်ရှိ အချိန်နှင့် ပိုမိုနီးစပ်သည့် အချက်အလက် သင့်မှာရှိပါက ၎င်းနှင့် စစ်ကြည့်ပါ။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ ‘အရှေ့နှင့် အရှေ့တောင်အာရှ၏ ဘာသာစကားများ’ စာအုပ်တွင် ဘာသာဗေဒပါမောက္ခ ကလစ်ဖ် ဂေါ့ဒတ် (Cliff Goddard) ၏ ရေးသားအချက်အရ၊ မြန်မာနိုင်ငံတွင် ပြောဆိုသည့် မတူညီသော ဘာသာ စကားများ အရေအတွက်မှာ ၁၀၀ ဝန်းကျင်တွင်ရှိသည်။

၂။ ဤသတင်းအချက်အလက်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၂၀၁၄ မြန်မာ့လူဦးရေနှင့် အိုးအိမ် သန်းခေါင်စာရင်းမှ ရရှိခြင်းဖြစ်သည်။ https://myanmar.unfpa.org/sites/default/files/pubpdf/UNION_2C_Religion_EN.pdf

- ဗုဒ္ဓဘာသာ – ၈၉.၈ %
- ခရစ်ယာန် – ၆.၃ %
- အစ္စလာမ် (မွတ်ဆလင်) – ၂.၃ %
- နတ်ကိုးကွယ်သူ – ၀.၈%
- ဟိန္ဒူ – ၀.၅ %
- အခြား – ၀.၂ %
- ဘာသာမဲ့ – ၀.၁ %

သင်တန်းသားများက အပိုင်း ၃.၂ ဆုံးသည်အထိ ဖတ်ရမည်။

# ၃.၂ | လေ့ကျင့်ခန်း ၁

**ရည်ရွယ်ချက်** – သင်တန်းသားများက အပိုင်း ၃.၂ ဘာသာစကားအပိုင်းခွဲတွင် ပါဝင်သော အဓိက သဘောတရားများကို သူတို့နားလည်မှုရှိမရှိ စစ်ဆေးရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တွဲဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လေ့လာလုပ်ဆောင်ရမည်။ သင်တန်းသားအားလုံးတွင် လက်ကမ်းစာစောင်ရှိနေရမည်။

**ပြင်ဆင်ရန်** – လက်ကမ်းစာစောင် ၃.၂ ကို မိတ္တူများကူးထားရန်။ (တစ်ဖက်စာမျက်နှာ)

ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း

## ညွှန်ကြားချက်များ

၁။ သင်တန်းသားများက မေးခွန်း (၁) တွင် ပါဝင်သော ဝါကျများသည် မှန်သည် (သို့) မှားသည်ကို ဆုံးဖြတ်ရမည်။ မှားသည်ဆိုပါက၊ မည်သည့်အတွက် မှားကြောင်း ရှင်းပြရမည်။

၂။ မေးခွန်း (၂) တွင် ပါဝင်သည့် ဝါကျများတွင် မည်သည့် အချက်များသည် ဗမာစကားကို တစ်ခုတည်းသော ရုံးသုံး ဘာသာစကားအဖြစ် အသုံးပြုခြင်း (သို့) အခြားဘာသာ စကားများ အသုံးပြုခြင်းကို အားပေးခြင်းဖြစ်သည်ကို အုပ်စုခွဲ ရမည်။

## အဖြေများ

၁။ (က) မှန်

(ခ) မှား – အချို့နိုင်ငံများတွင် ပြင်ပ (သို့) လူများစု၏ ဘာသာစကားမဟုတ်သည့် ဘာသာစကားကို အသုံးပြုသည်။ ဥပမာ အိန္ဒိယတွင် အင်္ဂလိပ်စကားကိုအသုံးပြုခြင်း (သို့မဟုတ်) အင်ဒိုနီးရှင်းတွင် ဘဟာဆာကို အသုံးပြုခြင်း (သို့မဟုတ်) ပြည်နယ်များကို အခြားဘာသာစကားများ ရွေးချယ်ခွင့်ကိုလည်း ပေးထားခြင်း။

(ဂ) မှား – အင်္ဂလိပ်စကားသည် လွတ်လပ်ရေးမရမီ ကိုလိုနီပြုသူ အင်အားကြီးနိုင်ငံ၏ ဘာသာစကား ဖြစ်ပြီး အကြီးမားဆုံးသော လူမျိုးစု၏ ဘာသာစကားမဟုတ်ပါ။

(ဃ) မှန်

၂။ (က) ဗမာစကားကို တစ်ခုတည်းသော ရုံးသုံးဘာသာ စကားအဖြစ် အသုံးပြုခြင်း

(ခ) အခြားဘာသာစကားများ အသုံးပြုခြင်းကို အားပေးခြင်း

(ဂ) ဗမာစကားကို တစ်ခုတည်းသော ရုံးသုံးဘာသာ စကားအဖြစ် အသုံးပြုခြင်း

(ဃ) အခြားဘာသာစကားများ အသုံးပြုခြင်းကို အားပေးခြင်း

(င) အခြားဘာသာစကားများ အသုံးပြုခြင်းကို အားပေးခြင်း

(စ) ဗမာစကားကို တစ်ခုတည်းသော ရုံးသုံးဘာသာ စကားအဖြစ် အသုံးပြုခြင်း

(ဆ) ဗမာစကားကို တစ်ခုတည်းသော ရုံးသုံးဘာသာ စကားအဖြစ် အသုံးပြုခြင်း

(ဇ) ဗမာစကားကို တစ်ခုတည်းသော ရုံးသုံးဘာသာ စကားအဖြစ် အသုံးပြုခြင်း

(ဈ) အခြားဘာသာစကားများ အသုံးပြုခြင်းကို အားပေးခြင်း

(ည) အခြားဘာသာစကားများ အသုံးပြုခြင်းကို အားပေးခြင်း

# လက်ကမ်းစာစောင် ၃.၂

၁။ အောက်ပါအချက်များသည် မှန်သလား၊ မှားသလား။ မှားသည်ဆိုပါက အဘယ်ကြောင့်မှားကြောင်း အကြောင်းပြချက်ပေးပါ။

(က) ဖက်ဒရယ်နိုင်ငံတစ်ခုတွင် အသုံးပြုသည့် ဘုံဘာသာစကားသည် ကျောင်းများ၊ လုပ်ငန်းခွင်များနှင့် နိုင်ငံရေးအပေါ် သက်ရောက်သည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံများတွင် လူအများစုကပြောသည့် ဘာသာစကားကို ရုံးသုံးဘာသာစကားအဖြစ် အများအားဖြင့် သတ်မှတ်လေ့ရှိသည်။

(ဂ) အိန္ဒိယနိုင်ငံတွင် အင်္ဂလိပ်ဘာသာစကားကို ရုံးသုံးဘာသာစကားတစ်ခုအနေဖြင့် အသုံးပြုသည်။ အဘယ်ကြောင့် ဆိုသော် ၎င်းသည် လူဦးရေအများစုဖြစ်သော လူမျိုးစု၏ ဘာသာစကားဖြစ်သောကြောင့်ဖြစ်သည်။

(ဃ) သီရိလင်္ကာနိုင်ငံ၏ ရုံးသုံးဘာသာစကားသည် လူဦးရေအများစုဖြစ်သော လူမျိုးစုက ပြောဆိုသော ဘာသာစကားဖြစ်သည်။

၂။ အောက်ပါအချက်များကို မြန်မာပြည်တွင် ဗမာစကားကို တစ်ခုတည်းသော ရုံးသုံးဘာသာစကားအဖြစ် ထောက်ခံသော အချက် (သို့) အခြားဘာသာစကားများ အသုံးပြုမှုကို ထောက်ခံသောအချက်ဟူ၍ ခွဲပါ။

(က) ကျောင်းတွင် လူတိုင်းဘာသာစကားတစ်မျိုးတည်းဖြင့်သာ သင်ယူရမည်။

(ခ) ဝန်ဆောင်မှုများကို လူမျိုးစုဒေသများတွင် ဒေသအလိုက် သင့်လျော်ရာဘာသာစကားများဖြင့် ဝန်ဆောင်မှုပေးမည်။

(ဂ) ပြည်ထောင်စုတစ်ခုလုံးတွင် လူအားလုံး ဘာသာစကားတစ်ခုတည်း အသုံးပြုပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပိုမိုလျင်မြန်မည်။

(ဃ) ပညာသင်စနစ်များတွင် ကိုယ်ပိုင်မိခင်ဘာသာစကားဖြင့် ပညာသင်ကြားရခြင်းက နောက်လာမည့် လေ့လာသင်ယူမှုများအတွက် အထောက်အကူဖြစ်စေသည်။

(င) လူမျိုးစုအမျိုးမျိုး၏ ထူးခြားသည့် စရိုက်လက္ခဏာများကို လေးစားမှုပြရာရောက်သည်။

(စ) လူတစ်ယောက်သည် နိုင်ငံ၏ အခြားဒေသတစ်ခုသို့ ရွှေ့ပြောင်းသည့်အခါတွင်လည်း ၎င်း၏ကျောင်း (သို့) အလုပ်တွင် အသုံးပြုသည့်ဘာသာစကားမှာ အတူတူပင်ဖြစ်နေမည်။

(ဆ) ပြည်ထောင်စုအစိုးရ၏ ဝန်ဆောင်မှုများသည် တစ်သမတ်တည်းရှိသော ဘာသာစကားကို အသုံးပြုရန် လိုအပ်သည်။

(ဇ) မတူညီသော လူမျိုးစုများသည် အချင်းချင်း ဘုံဘာသာစကားဖြင့် ဆက်သွယ်ပြောဆိုနိုင်မည်။

(ဈ) မိခင်ဘာသာစကား အခြေခိုင်သည့်အခါမှ ဒုတိယဘာသာစကား လေ့လာခြင်းကို ကျောင်းတွင်သင်ခြင်းကို နောက်ဆုတ်၍ မိတ်ဆက်နိုင်ပါသည်။

(ည) လူမျိုးစုငယ်များအနေဖြင့် ၎င်းတို့ ဘာသာစကားများနှင့် ယဉ်ကျေးမှုများကို အများစု၏ ဘာသာစကား/ယဉ်ကျေးမှုက လျစ်လျူရှုထားခြင်းအပေါ် မကျေနပ်မှုကိုလည်း လျှော့ချပေးနိုင်သည်။

## ၃.၂ | လုပ်ဆောင်ချက် ၁

ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း (၁) မေးခွန်းများကို အပြန်အလှန်ပြောဆို တုံ့ပြန်လုပ်ဆောင်ရသည့် လုပ်ဆောင်ချက်တွင် အသုံးပြုပါ။

**ရည်ရွယ်ချက်** – သင်တန်းသားများက ဖက်ဒရယ် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ရုံးသုံးဘာသာစကားမူဝါဒ အတွက် ရွေးချယ်စရာအမျိုးမျိုးကို အကဲဖြတ်သုံးသပ်ပါ။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက အဖွဲ့လိုက် လေ့လာလုပ်ဆောင်ရမည်။ အွန်လိုင်း အတန်းများတွင် အခန်းခွဲများနှင့် အွန်လိုင်းဆန္ဒ ကောက်ယူရန် သုံးမည့်နည်းလမ်းများ လိုအပ်သည်။

**ပြင်ဆင်ရန်** – Flipchart စာရွက်များနှင့် markers, သို့မဟုတ် ဒစ်ဂျစ်တယ်ဝိုက်ဘုတ်များနှင့် အခန်းခွဲများ။ မေးခွန်းများကို ဘုတ်ပေါ်တွင်ရေးပါ၊ သို့မဟုတ် ဆလိုက် ၃.၂.၂ ကိုပြပါ။

**မှတ်ချက်။** ဤခေါင်းစဉ် ဆွေးနွေးသည့်အခါ အယူအဆ ကွဲလွဲနိုင်သည့် ခေါင်းစဉ်တစ်ခုဖြစ်သည်။ ဆွေးနွေးပွဲများ အတွက် အခြေခံစည်းမျဉ်းများ၊ အခြားသူများ၏ ရှုထောင့်များကို နားထောင်ပေးခြင်းနှင့် ထည့်သွင်း စဉ်းစားပေးခြင်း၏ အရေးကြီးပုံကို ပြန်လည်သတိပေးပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

မြန်မာနိုင်ငံ၏ ဖက်ဒရယ်စနစ်တွင် ဘာသာစကားကို မည်သို့ ကိုင်တွယ်သင့်သည်ဟု သင်ထင်ပါသနည်း။

### ပုံမှန်စာသင်ခန်းတွင် ညွှန်ကြားချက်များ

၁။ သင်တန်းသားများက အဖွဲ့များဖွဲ့၍ ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတွင် ဘာသာစကားမူဝါဒအပေါ် ချဉ်းကပ်ပုံ အမျိုးမျိုးကို စာရင်းချကြည့်ရပါမည်။

၂။ ထိုချဉ်းကပ်ပုံများ၏ အားသာချက်နှင့် အားနည်းချက်များကို သူတို့က ဆွေးနွေးရမည်။

၃။ လူကြိုက်အများဆုံးဖြစ်သည့် နည်းလမ်းနှစ်ခု၊ သုံးခုကို မှတ်သားထားပါ။

၄။ ဆွေးနွေးမှုများကို နိဂုံးချုပ်ရန် အမည်ဖော်ပြရန်မလိုသည့် ဆန္ဒကောက်ခံမှုပြုလုပ်ပါ။ အပြောအများဆုံးဖြစ်သည့် မူဝါဒနှစ်ခု၊ သုံးခုကို ဘုတ်ပေါ်တွင် တစ်ခုချင်းချရေးပါ။ ထိုမူဝါဒများသည် အဖွဲ့လိုက်ဆွေးနွေးမှုများ ရရှိလာခြင်း ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းရှိပါစေ။

၅။ မူဝါဒအဆိုပြုချက် တစ်ခုချင်းစီအတွက် 'ထောက်ခံ' (သို့) 'မထောက်ခံ' ကို စာရွက်ပိုင်းများပေါ်တွင် အမည်ဖော်ပြခြင်း မရှိဘဲ သင်တန်းသားများက ရေးရမည်။

၆။ အဆိုပြုချက် တစ်ခုချင်းစီကို တင်ပြရှင်းလင်းပြီးသည့်အခါ မူဝါဒအဆိုပြုချက် တစ်ခုစီအတွက် ထောက်ခံမဲမည်မျှ ကန့်ကွက်မဲမည်မျှကို ကြေညာပါ။

### အွန်လိုင်းအတန်းတွင် ညွှန်ကြားချက်များ

၁။ သင်တန်းသားများက အဖွဲ့များဖွဲ့၍ ဖက်ဒရယ် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဘာသာစကားမူဝါဒအပေါ် ချဉ်းကပ်ပုံအမျိုးမျိုးကို စာရင်းချကြည့်ရပါမည်။

၂။ ထိုချဉ်းကပ်ပုံများ၏ အားသာချက်နှင့် အားနည်းချက်များကို သူတို့က ဆွေးနွေးရမည်။

၃။ breakout rooms အခန်းခွဲများတွင် လိုက်လံဝင်ရောက်ပြီး လူကြိုက်အများဆုံးဖြစ်သည့် နည်းလမ်းလေးငါးခုကို မှတ်သားထားပါ။

၄။ ဆွေးနွေးမှုများကို နိဂုံးချုပ်ရန် အွန်လိုင်းဆန္ဒကောက်ခံမှု ပြုလုပ်ပါ။ အပြောအများဆုံးဖြစ်သည့် မူဝါဒလေးငါးခုကို ဆန္ဒခံယူမှုတွင် ထည့်သွင်းပါ။ ထိုမူဝါဒများသည် အဖွဲ့လိုက် ဆွေးနွေးမှုများ ရရှိလာခြင်းဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း ရှိပါစေ။

၅။ မူဝါဒအဆိုပြုချက် တစ်ခုချင်းစီအတွက် 'ထောက်ခံ' (သို့) 'မထောက်ခံ' ကို သင်တန်းသားများက ဆန္ဒပြုရမည်။

၆။ ဆန္ဒကောက်ခံမှု၏ ရလဒ်များကိုပြပြီး ၎င်းတို့ကို ဆွေးနွေးပါ။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

- ဗမာစကားကို ပြည်ထောင်စု၏ ဘာသာစကားအဖြစ် ဆက်လက်ထားရှိပြီး လူမျိုးစုစကားများကို သက်ဆိုင်ရာပြည်နယ်များတွင် သင်ကြားစေခြင်း။
- ပြည်နယ်များကို ၎င်းတို့ကိုယ်ပိုင် ဘာသာစကားများ ရွေးချယ်စေခြင်း။
- ပြည်ထောင်စုအဆင့်တွင် ကြားဘာသာစကား တစ်ခုကို သုံးစွဲခြင်း။
- မိခင်ဘာသာစကားအခြေခံ ဘာသာစကားမျိုးစုံ ပညာရေး။

သင်တန်းသားများက အပိုင်း ၃.၂ ဆုံးသည်အထိ ဖတ်ရမည်။

# ၃.၂ | လေ့ကျင့်ခန်း ၂

**ရည်ရွယ်ချက်** – သင်တန်းသားများက အပိုင်း ၃.၂ ၏ ဘာသာရေးအပိုင်းခွဲတွင် ပါဝင်သော အဓိကသဘောတရားများကို သူတို့နားလည်မှုရှိမရှိ စစ်ဆေးရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက တစ်ဦးချင်း လေ့လာလုပ်ဆောင်ရမည်။

**ပြင်ဆင်ရန်** – မေးခွန်းများကို ဘုတ်ပေါ်တွင်ရေးပါ၊ သို့မဟုတ် ဆလိုက် ၃.၂.၃ က – ဆ ကိုပြပါ။

## သင်တန်းသားများအတွက် မေးခွန်းများ

အောက်ပါဥပမာများကို လောကီသီးသန့် (သို့) လောကီသီးသန့်မဟုတ်ဟု အုပ်စုခွဲပါ။ အချက်တစ်ခုချင်းစီအတွက် မည်သည့်အတွက် လောကီသီးသန့်ဖြစ်သည် (သို့) လောကီသီးသန့်မဟုတ် ဆိုသည်ကို ရှင်းပြရမည်။

(က) အစိုးရကျောင်းတက်သူ ကလေးများအားလုံးသည် ကမ္ဘာတစ်ဝှမ်းရှိ ဘာသာစကားများစွာ၏ ဇစ်မြစ်နှင့် သမိုင်းကို လေ့လာရသည်။

(ခ) မည်သည့်ဘာသာကို ကိုးကွယ်ယုံကြည်သူဖြစ်စေ နိုင်ငံ၏ လူအများဆုံး ကိုးကွယ်သည့်ဘာသာ၏ ဘာသာရေးပိတ်ရက်ကို ဆင်နွှဲရမည်ဟု အစိုးရက ဥပဒေထုတ်ထားသည်။

(ဂ) နိုင်ငံ၏ အခြေခံဥပဒေတွင် 'ဘာသာတရားအားလုံး၏ ဘာသာဝင်များသည် ၎င်းတို့၏ ကိုးကွယ်ယုံကြည်မှုကို ခွဲခြားခံရခြင်းမရှိဘဲ လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသည်' ဆိုသည့် အချက်ကို ဖော်ပြသည့် အချိန်တွင်သာ ဘာသာတရားဆိုသည့် စကားလုံးကို တစ်ကြိမ်သာ ဖော်ပြခဲ့သည်။

(ဃ) နိုင်ငံ၏ အခြေခံဥပဒေက ထိုနိုင်ငံရှိ လူအများစု ကိုးကွယ်သည့် ဘာသာသည် နိုင်ငံ၏ နိုင်ငံလုံးဆိုင်ရာ ဝိသေသလက္ခဏာ၏ အထူးအစိတ်အပိုင်းတစ်ခု ဖြစ်သည်ဟု ဖော်ပြထားသည်။

(င) နိုင်ငံတစ်နိုင်ငံ ပြည်နယ်များအားလုံးရှိ ဖက်ဒရယ်အစိုးရအဖွဲ့အစည်းများအားလုံးသည် နာမည်ကြီးဘုရားကျောင်းကန်တစ်ခုကို ကိုယ်စားပြုသည့် သင်္ကေတကို ပြသထားရမည်။

(စ) နိုင်ငံသားဖြစ်ခွင့်ရရှိရန် မှတ်ပုံတင်ကတ်နှင့် နိုင်ငံကူးလက်မှတ်များ လျှောက်ထားသည့် လျှောက်လွှာတွင် ကိုးကွယ်သည့်ဘာသာကို ဖော်ပြရန်လိုအပ်သည်။

(ဆ) ပြည်သူများက သူတို့ကလေးများကို သူတို့ သင်ကြားခွင့်ရှိသည် သို့သော် အစိုးရကျောင်းကျောင်းချိန်တွင် ဘာသာရေးသင်ကြားခြင်း လုပ်ဆောင်မည်မဟုတ်ဟု ဥပဒေကဆိုသည်။

**ပုံမှန်စာသင်ခန်းတွင်း** **အွန်လိုင်းအတန်းတွင်း** **ညွှန်ကြားချက်များ**

သင်တန်းသားများက မေးခွန်းများကို ဖြေရမည်။

### အဖြေများ

(က) လောကီသီးသန့်။ ဘာသာတစ်ခုတည်းကိုကွက်၍ မဟုတ်ဘဲ ဘာသာများစွာကို လေ့လာသည်။

(ခ) လောကီသီးသန့်မဟုတ်။ ဘာသာတစ်ခုတည်းနှင့် ဆိုင်သည့် ပိတ်ရက်ကို တစ်နိုင်ငံလုံးရှိ လူများအတွက် သတ်မှတ်ထားသည်။

(ဂ) လောကီသီးသန့်။ ဘာသာတစ်ခုကို အထူးအလေးပေးခြင်းမရှိဘဲ ဘာသာတိုင်းကို ညီမျှစွာ သဘောထားသည်။

(ဃ) လောကီသီးသန့်မဟုတ်။ လူများစု ကိုးကွယ်သည့် ဘာသာကို လူအားလုံးနှင့်ဆိုင်သည့် နိုင်ငံသား လက္ခဏာရပ်၏ အစိတ်အပိုင်းအဖြစ် သတ်မှတ်ထားသည်။

(င) လောကီသီးသန့်မဟုတ်။ ဘာသာတစ်ခု၏ သင်္ကေတကို ပြည်သူအားလုံးနှင့် တစ်နိုင်ငံလုံး၏ နိုင်ငံလုံးဆိုင်ရာ အမှတ်အသားလက္ခဏာ၏ သင်္ကေတအဖြစ် အသုံးပြုနေသည်။

(စ) လောကီသီးသန့်မဟုတ်။ လောကီသီးသန့် နိုင်ငံတစ်ခုတွင် လူတစ်ယောက်၏ ကိုးကွယ်ယုံကြည်မှုသည် ၎င်း၏ နိုင်ငံသားဖြစ်ခွင့်နှင့် သက်ဆိုင်သည်ဟု ယူဆလိမ့်မည် မဟုတ်ပေ။

(ဆ) လောကီသီးသန့်။ ဘာသာရေး လွတ်လပ်ခွင့်ကို ခွင့်ပြုသည်။ သို့သော် အစိုးရအဖွဲ့အစည်းများ (ဥပမာ ကျောင်းများ) ကို ဘာသာရေးနှင့် သီးသန့်ခွဲထားသည်။

# ၃.၂ | လုပ်ဆောင်ချက် ၂

ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း (၂) မေးခွန်းများကို အပြန်အလှန်ပြောဆို တုံ့ပြန်လုပ်ဆောင်ရသည့် လုပ်ဆောင်ချက်တွင် အသုံးပြုပါ။

**ရည်ရွယ်ချက်** – သင်တန်းသားများက ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဘာသာရေးမူဝါဒအတွက် ရွေးချယ်စရာအမျိုးမျိုးကို အကဲဖြတ်သုံးသပ်ပါ။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက အဖွဲ့လိုက် လေ့လာလုပ်ဆောင်ရမည်။ အွန်လိုင်းအတန်းများတွင် အခန်းခွဲများနှင့် အွန်လိုင်းဆန္ဒကောက်ယူရန် သုံးမည့်နည်းလမ်းများ လိုအပ်သည်။

**ပြင်ဆင်ရန်** – Flipchart စာရွက်များနှင့် markers, သို့မဟုတ် ဒစ်ဂျစ်တယ် ဖိုက်ဘုတ်များနှင့် အခန်းခွဲများ။ မေးခွန်းများကို ဘုတ်ပေါ်တွင်ရေးပါ၊ သို့မဟုတ် ဆလိုက် ၃.၂.၄ ကိုပြပါ။

**မှတ်ချက်။** ဤခေါင်းစဉ် ဆွေးနွေးသည့်အခါ အယူအဆကွဲလွဲနိုင်သည့် ခေါင်းစဉ်တစ်ခုဖြစ်သည်။ ဆွေးနွေးပွဲများအတွက် အခြေခံစည်းမျဉ်းများ၊ အခြားသူများ၏ ရှုထောင့်များကို နားထောင်ပေးခြင်းနှင့် ထည့်သွင်းစဉ်းစားပေးခြင်း၏ အရေးကြီးပုံကို ပြန်လည်သတိပေးပါ။

**သင်တန်းသားများအတွက် မေးခွန်းများ**

မြန်မာနိုင်ငံ၏ အနာဂတ်ဖက်ဒရယ်စနစ်တွင် ကိုးကွယ်ယုံကြည်မှုကိစ္စရပ်ကို မည်သို့ကိုင်တွယ်သင့်သည်ဟု သင်ထင်ပါသနည်း။

## ပုံမှန်စာသင်ခန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများက အဖွဲ့များဖွဲ့၍ ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဘာသာစကားမူဝါဒအပေါ် ချဉ်းကပ်ပုံအမျိုးမျိုးကို စာရင်းချကြည့်ရပါမည်။

၂။ ထိုချဉ်းကပ်ပုံများ၏ အားသာချက်နှင့် အားနည်းချက်များကို သူတို့က ဆွေးနွေးရမည်။

၃။ လူကြိုက်အများဆုံးဖြစ်သည့် နည်းလမ်းနှစ်ခု၊ သုံးခုကို မှတ်သားထားပါ။

၄။ ဆွေးနွေးမှုများကို နိဂုံးချုပ်ရန် အမည်ဖော်ပြရန်မလိုသည့် ဆန္ဒကောက်ခံမှုပြုလုပ်ပါ။ အပြောအများဆုံးဖြစ်သည့် မူဝါဒနှစ်ခု၊ သုံးခုကို ဘုတ်ပေါ်တွင် တစ်ခုချင်းချရေးပါ။ ထိုမူဝါဒများသည် အဖွဲ့လိုက်ဆွေးနွေးမှုများ ရရှိလာခြင်းဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းရှိပါစေ။

၅။ မူဝါဒအဆိုပြုချက်တစ်ခုချင်းစီအတွက် 'ထောက်ခံ' (သို့) 'မထောက်ခံ' ကို စာရွက်ပိုင်းများပေါ်တွင် အမည်ဖော်ပြခြင်းမရှိဘဲ သင်တန်းသားများက ရေးရမည်။

၆။ အဆိုပြုချက်တစ်ခုချင်းစီကို တင်ပြရှင်းလင်းပြီးသည့်အခါ မူဝါဒအဆိုပြုချက်တစ်ခုစီအတွက် ထောက်ခံမဲမည်မျှ ကန့်ကွက်မဲမည်မျှကို ကြေညာပါ။

## အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများက အဖွဲ့များဖွဲ့၍ ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဘာသာစကားမူဝါဒအပေါ် ချဉ်းကပ်ပုံအမျိုးမျိုးကို စာရင်းချကြည့်ရပါမည်။

၂။ ထိုချဉ်းကပ်ပုံများ၏ အားသာချက်နှင့် အားနည်းချက်များကို သူတို့က ဆွေးနွေးရမည်။

၃။ breakout rooms အခန်းခွဲများတွင် လိုက်လံဝင်ရောက်ပြီး လူကြိုက်အများဆုံးဖြစ်သည့် နည်းလမ်း လေးငါးခုကို မှတ်သားထားပါ။

၄။ ဆွေးနွေးမှုများကို နိဂုံးချုပ်ရန် အွန်လိုင်းဆန္ဒကောက်ခံမှုပြုလုပ်ပါ။ အပြောအများဆုံးဖြစ်သည့် မူဝါဒလေးငါးခုကို ဆန္ဒခံယူမှုတွင် ထည့်သွင်းပါ။ ထိုမူဝါဒများသည် အဖွဲ့လိုက်ဆွေးနွေးမှုများ ရရှိလာခြင်းဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းရှိပါစေ။

၅။ မူဝါဒအဆိုပြုချက်တစ်ခုချင်းစီအတွက် 'ထောက်ခံ' (သို့) 'မထောက်ခံ' ကို သင်တန်းသားများက ဆန္ဒပြုရမည်။

၆။ ဆန္ဒကောက်ခံမှု၏ ရလဒ်များကိုပြပြီး ၎င်းတို့ကို ဆွေးနွေးပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

- တရားဝင်ဘာသာတရားတစ်ခုသာ သတ်မှတ်ထားခြင်း။
- အများလက်ခံကျင့်သုံးကြသည့် ဘာသာတရားတိုင်းကို တန်းတူအသိအမှတ်ပြုခြင်း။
- ဘာသာရေး လွတ်လပ်ခွင့်သာရှိခြင်း။
- ဘာသာရေးအကြောင်းကို လုံးဝဖော်ပြခြင်းမရှိသည့် လုံးဝလောကီသီးသန့်ဖြစ်သည့် အခြေခံဥပဒေထားရှိခြင်း။

# ၃.၃ နိုင်ငံသားဖြစ်ခြင်းနှင့် ဖက်ဒရယ်စနစ်

## ၃.၃ | သင်ခန်းစာအကြို

**ရည်ရွယ်ချက်** – သင်တန်းသားများက 'နိုင်ငံသား' ဆိုသည့် အဓိပ္ပာယ်ကို ဆင်ခြင်စဉ်းစားရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက အတန်းတစ်တန်းလုံးအနေဖြင့် လေ့လာလုပ်ဆောင်ရမည်။ အွန်လိုင်းအတန်းများတွင် အီလက်ထရောနစ် ဗိုက်ဘုတ် (သို့) Mentimeter လိုအပ်သည်။ သင်တန်းသားများ စာပိုဒ်ကို ဖတ်ပြီးသည်အထိ အဖြေများကို ဘုတ်ပေါ်တွင် ထားထားပါ။

**ပြင်ဆင်ရန်** – ဘုတ်ပေါ်တွင် မေးခွန်းကိုရေးပါ၊ (သို့) ဆလိုက် ၃.၃.၁ ကိုပြပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

လူတစ်ဦးတစ်ယောက် နိုင်ငံသားဖြစ်ခြင်းသည် မည်သည့် အဓိပ္ပာယ်ရှိသနည်း။

### ပုံမှန်စာသင်ခန်းတွင်း ညွှန်ကြားချက်များ

၁။ 'နိုင်ငံသား' အကြောင်းကို သင်တန်းသားများက စိတ်ကူးမြေပုံ (mind-map) ဆွဲရမည်။ သင်တန်းသားများ စဉ်းစားမိသည့်အချက်များကို ဘုတ်ပေါ်တွင်ရေးပါ။ ၎င်းတို့၏ အဖြေများကို ဘုတ်ပေါ်တွင် ထားထားပါ။

၂။ ၎င်းတို့ အပိုင်း ၃.၃ ကို ဖတ်ပြီးသည့်အခါ ထိုအဖြေများကို ပြန်လည်ကြည့်ရှုစစ်ဆေးပါ။ ၎င်းတို့၏ စဉ်းစားချက်များသည် စာထဲတွင်ပါသည်နှင့် ဆင်တူသလား။

### အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ

၁။ အတန်းတစ်တန်းလုံးအနေဖြင့် ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ သင်တန်းသားများက Mentimeter တွင် 'နိုင်ငံသား' အကြောင်း စကားလုံးအစုအဝေး (word cloud) တစ်ခု ဖန်တီးခြင်းသော်လည်းကောင်း၊ အီလက်ထရောနစ် ဗိုက်ဘုတ်ပေါ်တွင် စိတ်ကူးမြေပုံ (mind-map) ဆွဲခြင်း သော်လည်းကောင်း ပြုလုပ်နိုင်သည်။

၂။ စခရင်များကို သိမ်းထားပါ။

၃။ ၎င်းတို့ အပိုင်း ၃.၃ ကို ဖတ်ပြီးသည့်အခါ ထိုအဖြေများကို ပြန်လည်ကြည့်ရှုစစ်ဆေးပါ။ ၎င်းတို့၏ စဉ်းစားချက်များသည် စာထဲတွင်ပါသည်နှင့် ဆင်တူသလား။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

- ဥပဒေအရ အသိအမှတ်ပြုခံရသည်။
- အစိုးရဝန်ဆောင်မှုများကို ရယူအသုံးပြုနိုင်သည်။
- နိုင်ငံသားများ၏ မူလအခွင့်အရေးများရှိသည်။
- မိဘများ၏ နိုင်ငံသားဖြစ်ခွင့်ပေါ်တွင် အခြေခံနိုင်သည်။
- နိုင်ငံထဲတွင် မွေးဖွားခြင်းပေါ်တွင် အခြေခံနိုင်သည်။
- နိုင်ငံသားပြုခွင့်ရှိနိုင်သည်။

သင်တန်းသားများက အပိုင်း ၃.၃ ပြီးသည်အထိ ဖတ်ရမည်။

# ၃.၃ | လေ့ကျင့်ခန်း

**ရည်ရွယ်ချက်** – သင်တန်းသားများက အပိုင်း ၃.၃ တွင် ပါရှိသည့် အဓိကသဘောတရားများကို ၎င်းတို့ နားလည်မှုရှိမရှိ စစ်ဆေးရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသား အားလုံးက ဘုတ်ကို (သို့) ဆလိုက် ၃.၃.၂ မြင်နိုင်ရမည်။

**ပြင်ဆင်ရန်** – ဝါကျများကို ဘုတ်ပေါ်တွင်ရေးပါ (သို့) ဆလိုက် ၃.၃.၂ ကိုပြပါ။

## သင်တန်းသားများအတွက် မေးခွန်းများ

အောက်ပါဝါကျများသည် မှန်သလား၊ မှားသလား။ မှားပါက အကြောင်းပြချက်ပေးပါ။

၁။ တရားဝင်နိုင်ငံသားဖြစ်နိုင်ရန်အတွက် သတ်မှတ်ချက်ကို အများအားဖြင့် အခြေခံဥပဒေများ (သို့) ဥပဒေများတွင် ဖော်ပြထားသည်။

၂။ ဖက်ဒရယ်နိုင်ငံတစ်ခုတွင် လူတစ်ယောက် တရားဝင်နိုင်ငံသားဖြစ်မဖြစ်သည် ၎င်းဘယ်ပြည်နယ်မှ လာသည်ဆိုသည့်အပေါ်တွင် မူတည်သည်။

၃။ နိုင်ငံတစ်နိုင်ငံတွင် မည်သူတို့သည် နိုင်ငံသားများ ဖြစ်သည်ကို အခြေခံဥပဒေများတွင် အမြဲတမ်း ဖွင့်ဆိုကြသည်။

၄။ ဖက်ဒရယ်နိုင်ငံတစ်ခု၌ လူတစ်ယောက်သည် မိမိမွေးဖွားသည့် ပြည်နယ်တွင် ဆက်လက်နေထိုင်ခြင်း မရှိပါက ထိုသူသည် နိုင်ငံမဲ့ဖြစ်သည်။

၅။ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် တရားဝင် အသိအမှတ်ပြု မခံရခြင်းသည် လူတစ်ယောက်၏ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် လုံခြုံရေး ရရှိခွင့်အပေါ် အနုတ်သဘောသက်ရောက်စေနိုင်သည်။

ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း **ညွှန်ကြားချက်များ**

၁။ သင်တန်းသားများက ပေးထားသည့် ဝါကျများကို မှန်သည် (သို့) မှားသည်ဟု ဆုံးဖြတ်ရမည်။

၂။ မှားပါက အကြောင်းပြချက်ပေးရမည်။

## အဖြေများ

၁။ မှန်

၂။ မှား – လူတစ်ယောက်သည် ဖက်ဒရယ်နိုင်ငံတစ်ခု၏ တရားဝင်နိုင်ငံသားဖြစ်သည်ဆိုပါက ပြည်နယ်၊ လူမျိုး၊ ဘာသာစကား (သို့) ကိုးကွယ်ယုံကြည်မှု မည်သို့ပင် ရှိသည်ဖြစ်စေ နိုင်ငံသားဖြစ်သည်သာဖြစ်သည်။

၃။ မှား – အချို့က နိုင်ငံသားဖြစ်ခွင့်ကို ဖွင့်ဆိုကြ သော်လည်း အခြားတွင်မူ ဥပမာပါကစ္စတန်တွင် သီးသန့်နိုင်ငံသားဖြစ်ခွင့်ဥပဒေတွင် ဖွင့်ဆိုသည်။

၄။ မှား – နိုင်ငံမဲ့ဖြစ်သည်ဆိုသည်မှာ လူတစ်ဦး တစ်ယောက်အား မည်သည့်နိုင်ငံကမှ နိုင်ငံသားအဖြစ် အသိအမှတ်မပြုဘဲ၊ ၎င်းတွင် နိုင်ငံ၏ တရားဝင် နိုင်ငံသားများနှင့် တန်းတူသည့် အခွင့်အရေးနှင့် အကာအကွယ်များ မရှိပေ။

၅။ မှန်

# ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

## သင်တန်းသားများအတွက် မေးခွန်းများ

ဖက်ဒရယ်စနစ်များ၏ နိုင်ငံသားဖြစ်ခွင့်တွင် မည်သည့်အချက်သည် အရေးအကြီးဆုံးဖြစ်သည်ဟု သင်ထင်ပါသနည်း။

## ပုံမှန်စာသင်ခန်းတွင်း / အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ

၁။ အဖွဲ့များဖွဲ့၍ဖြစ်စေ၊ အတန်းတစ်တန်းလုံးဖြစ်စေ သင်တန်းသားများက (ဆလိုက် ၃.၃.၃ တွင်လည်းရှိသည့်) ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်းမေးခွန်း ဆွေးနွေးရမည်။

၂။ သို့မဟုတ်ပါက သင်တန်းသားများအား ၎င်းတို့၏ အဖြေများကို အီလက်ထရောနစ် ဝိုက်ဘုတ် (သို့) bulletin board ပေါ်တွင် ရေးစေပါ။

## ဖြစ်နိုင်ခြေရှိသော အဖြေများ

- ပြည်သူလူထု၏ အခွင့်အရေးများ ကာကွယ်ပေးခြင်း။
- နိုင်ငံမဲ့ဖြစ်ခြင်းကို တားဆီးကာကွယ်ပေးခြင်း။
- ပြည်နယ်အမျိုးမျိုးမှ ပြည်သူများအကြား ဖက်ဒရယ်နိုင်ငံ၏ ညီညွတ်မှု။
- ဖက်ဒရယ်နိုင်ငံတစ်ခုလုံး
- နိုင်ငံသားဖြစ်ခွင့်အတွက် သတ်မှတ်ချက်။ တစ်စုံတစ်ဦး မွေးဖွားရာနေရာသည် နိုင်ငံသား ဖြစ်ခွင့်၏ အခြေခံအဖြစ်သတ်မှတ်ခြင်း၊ မိဘများက နိုင်ငံသားဖြစ်မဖြစ်ကို နိုင်ငံသားဖြစ်ခွင့်၏ အခြေခံအဖြစ် သတ်မှတ်ခြင်း။

# ၃.၄ မြန်မာနိုင်ငံ၏ အမှတ်အသားလက္ခဏာနှင့် နိုင်ငံသားဖြစ်ခွင့်

## ၃.၄ | သင်ခန်းစာအကြို

**ရည်ရွယ်ချက်** – သင်တန်းသားများက မြန်မာနိုင်ငံ နိုင်ငံသားဖြစ်ခွင့် ဥပဒေများအကြောင်း သူတို့သိနှင့်ပြီးသည်များကို ပြန်လည်စစ်ဆေးရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက တစ်ဦးချင်း လေ့လာလုပ်ဆောင်ရမည်။

**ပြင်ဆင်ရန်** – ဘုတ်ပေါ်တွင် မေးခွန်းကိုရေးပါ၊ (သို့) ဆလိုက် ၃.၄.၁ ကိုပြပါ။

**သင်တန်းသားများအတွက် မေးခွန်းများ**

မြန်မာနိုင်ငံ၏ နိုင်ငံသားဖြစ်ခွင့်ရရန် အဓိကလိုအပ်ချက်မှာ မည်သည်ဖြစ်သနည်း။

**ပုံမှန်စာသင်ခန်းတွင်း** **အွန်လိုင်းအတန်းတွင်း** **ညွှန်ကြားချက်များ**

၁။ သင်တန်းသားများက မြန်မာနိုင်ငံ၏ နိုင်ငံသားဖြစ်ရန် လိုအပ်သည့် သတ်မှတ်စံနှုန်းသည် မည်သည်ဖြစ်သည်ကို စဉ်းစားရမည်။ သူတို့အဖြေများကို ချရေးချင်ပါက ချရေးထားနိုင်သည်။

၂။ အပိုင်း ၃.၄ ကို ဖတ်ပြီးသည့်အခါ သူတို့ဖြေခဲ့သည် အဖြေမှန်မမှန် စစ်ကြည့်နိုင်သည်။

**အဖြေ**

- မိဘနှစ်ပါးသည် အသိအမှတ်ပြုထားသည် ‘တိုင်းရင်းသား’ (၁၈၂၃ ခုနှစ် မတိုင်မီကတည်းက ဗမာ/မြန်မာပြည်တွင် နေထိုင်သူ လူမျိုးစု) * ဖြစ်ရမည်။
- အပြည့်အဝနိုင်ငံသားဖြစ်ခွင့်အတွက် ထိုသတ်မှတ်ချက်နှင့် မကိုက်ညီသူများသည် တစ်ခါတစ်ရံတွင် ဧည့်နိုင်ငံသား (သို့) ဧည့်နိုင်ငံသားပြုနိုင်ငံသား ဖြစ်နိုင်သည်။

* ဤအဖြေသည် စက်တင်ဘာ ၂၀၂၁ တွင် မှန်ကန်သေးသည်။

သင်တန်းသားများက အပိုင်း ၃.၄ ဆုံးသည်အထိ ဖတ်ရမည်။

# ၃.၄ | လေ့ကျင့်ခန်း

**ရည်ရွယ်ချက်** – သင်တန်းသားများက အပိုင်း ၃.၄ တွင် ပါဝင်သည့် အဓိကသဘောတရားများအပေါ် ၎င်းတို့၏ နားလည်မှုကို စစ်ဆေးရန်။
**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများ အားလုံးက ဘုတ်ကို (သို့) ဆလိုက် ၃.၄.၂ ကို မြင်နိုင်ရမည်။
**ပြင်ဆင်ရန်** – ဝါကျများကို ဘုတ်ပေါ်တွင်ရေးပါ၊ (သို့) ဆလိုက် ၃.၄.၂ ကိုပြပါ။

## သင်တန်းသားများအတွက် မေးခွန်းများ

၁။ တိုင်းရင်းသားဆိုသည့် အယူအဆကို မည်သည့် အဓိက ရည်ရွယ်ချက်နှစ်ခုအတွက် အသုံးပြုခဲ့သနည်း။

၂။ တိုင်းရင်းသားဟူသည့် ဝေါဟာရသည် ပင်လုံစာချုပ်နှင့် ၁၉၄၇ အခြေခံဥပဒေတွင် ထင်ထင်ရှားရှား ပါဝင်ခဲ့သလား။

၃။ တိုင်းရင်းသားဟူသည့် အယူအဆသည် မည်သည့်ခေတ်တွင် နိုင်ငံသားဖြစ်ခွင့်နှင့် သက်ဆိုင်သည့် အဓိက အကြောင်းအရာတစ်ခု ဖြစ်လာခဲ့သနည်း။

၄။ 'နိုင်ငံတော်နေလူမျိုးစုများ' ဆိုသည့် ဝေါဟာရကို ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရက မကြာခဏ မည်သို့ သုံးစွဲလေ့ရှိသနည်း။

၅။ 'လူမျိုးစုများ (တိုင်းရင်းသားများ)' နှင့် 'နိုင်ငံနေ လူမျိုးစုများ' ဆိုသည့် အယူအဆကို နိုင်ငံရေး ရည်ရွယ်ချက်များအတွက် အသုံးပြုထားသည့် မည်သည့်သက်သေ ရှိသနည်း။

၆။ 'တိုင်းရင်းသားလူမျိုးစုများ' ဆိုသည့် အယူအဆသည် အစိုးရအဖွဲ့တွင် ကိုယ်စားပြုခြင်းနှင့် ပြည်နယ်များ ခွဲခြင်းတို့တွင် မည်သို့ဆက်စပ်နေသနည်း။

**ပုံမှန်စာသင်ခန်းတွင်း** **အွန်လိုင်းအတန်းတွင်း** **ညွှန်ကြားချက်များ**

သင်တန်းသားများက မေးခွန်းများကို ဖြေရမည်။

## အဖြေများ

၁။ ရည်ရွယ်ချက် ၁ – မည်သူတို့ကို နိုင်ငံသားအဖြစ် သတ်မှတ်ကြောင်း ခွဲခြားရန်။
ရည်ရွယ်ချက် ၂ – နိုင်ငံအတွက် နိုင်ငံလုံးဆိုင်ရာ အမှတ်အသားလက္ခဏာ တည်ဆောက်ရန်။

၂။ မထင်ရှားပါ။ ၁၉၄၇ ပင်လုံစာချုပ်တွင် မဖော်ပြခဲ့ပါ။ ၁၉၄၇ အခြေခံဥပဒေတွင် အကျဉ်းမျှသာ ဖော်ပြခဲ့သည်။

၃။ ၁၉၆၀ ပြည့်နှစ်များ မဆလခေတ်မှ စတင်သည်။

၄။ ဗမာမဟုတ်သော လူမျိုးများကို ရည်ညွှန်းရန်။

၅။ 'နိုင်ငံနေလူမျိုးစုများ' နှင့် 'လူမျိုးစုများ' ၏ တရားဝင် အရေအတွက်မှာ အချိန်နှင့်အမျှ ပြောင်းလဲခဲ့သည်။ နိုင်ငံလုံးဆိုင်ရာ စည်းလုံးမှုနှင့် အမှတ်အသား လက္ခဏာကို ဖန်တီးရန်အတွက် သုံးစွဲခဲ့သည်။ အချို့သော လူမျိုးစုများကို ဖယ်ထုတ်ရန်အတွက် သုံးစွဲခဲ့သည်။

၆။ လူမျိုးစုပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေများနှင့် တိုင်းရင်းသားရေးရာဝန်ကြီးများ အတွက် အကြောင်းအရင်းခံအဖြစ် ၎င်းကို အသုံးပြုသည်။

## ၃.၄ | လုပ်ဆောင်ချက်

ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း မေးခွန်းများကို အပြန်အလှန် ပြောဆို တုံ့ပြန်လုပ်ဆောင်ရသည့် လုပ်ဆောင်ချက်တွင် အသုံးပြုပါ။

**ရည်ရွယ်ချက်** – သင်တန်းသားများက ဖက်ဒရယ် ပြည်ထောင်စု မြန်မာနိုင်ငံတွင် နိုင်ငံသားဖြစ်ခွင့်မူဝါဒ အတွက် ရွေးချယ်စရာအမျိုးမျိုးကို အကဲဖြတ်သုံးသပ်ပါ။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက တစ်ဦးချင်း၊ အဖွဲ့လိုက် သို့မဟုတ် အတန်းလိုက် လေ့လာလုပ်ဆောင်ရမည်။ အွန်လိုင်းအတန်းများတွင် အခန်းခွဲများ လိုအပ်သည်။

**ပြင်ဆင်ရန်** – Flipchart စာရွက်များနှင့် markers, သို့မဟုတ် ဒစ်ဂျစ်တယ်ဝှိုက်ဘုတ်များနှင့် အခန်းခွဲများ။ မေးခွန်းများကို ဘုတ်ပေါ်တွင်ရေးပါ၊ သို့မဟုတ် ဆလိုက် ၃.၄.၃ ကို ပြပါ။

**မှတ်ချက်။** ဤခေါင်းစဉ်ဆွေးနွေးသည့်အခါ အယူအဆ ကွဲလွဲနိုင်သည့် ခေါင်းစဉ်တစ်ခုဖြစ်သည်။ ဆွေးနွေးပွဲများ အတွက် အခြေခံစည်းမျဉ်းများ၊ အခြားသူများ၏ ရှုထောင့်များကို နားထောင်ပေးခြင်းနှင့် ထည့်သွင်း စဉ်းစားပေးခြင်း၏ အရေးကြီးပုံကို ပြန်လည်သတိပေးပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

မြန်မာနိုင်ငံ၏ ဖက်ဒရယ်စနစ်တွင် နိုင်ငံသားဖြစ်ခွင့်ကို မည်သို့ သတ်မှတ်သင့်သည် (သို့) မည်သို့ မသတ်မှတ်သင့် ဟု သင်ထင်ပါသနည်း။

### ပုံမှန်စာသင်ခန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများက အဖွဲ့များဖွဲ့၍ ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတွင် နိုင်ငံသားမူဝါဒအပေါ် ချဉ်းကပ်ပုံအမျိုးမျိုးကို စာရင်းချကြည့်ရပါမည်။

၂။ ထိုချဉ်းကပ်ပုံများ၏ အားသာချက်နှင့် အားနည်းချက်များကို သူတို့က ဆွေးနွေးရမည်။

၃။ သင်တန်းသားများက တစ်ဦးချင်းအနေဖြင့် အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတွင် နိုင်ငံသားဖြစ်ခွင့် အပေါ် ၎င်းတို့၏ စဉ်းစားချက်များကို အကျဉ်းချုပ် ပြင်ဆင်ရမည်။

၄။ ၎င်းတို့က ထိုအချက်များကို ၎င်းတို့အဖွဲ့သို့ တင်ပြရမည်။

၅။ အဖွဲ့များက အဖွဲ့ဝင်များ၏ စဉ်းစားချက်များ အကျဉ်းချုပ်ကို အတန်းတစ်တန်းလုံးသို့ တင်ပြရန် တစ်ဦးကို ရွေးချယ်ရမည်။ အချက်များအားလုံးကို တင်ပြရန်မလိုဘဲ အများသဘောအတူဆုံးနှင့် ဘုံတူညီသည့် အချက်များကိုသာ တင်ပြရန်လိုသည်။

### အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများက အဖွဲ့များဖွဲ့၍ ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတွင် နိုင်ငံသားမူဝါဒအပေါ် ချဉ်းကပ်ပုံအမျိုးမျိုးကို စာရင်းချကြည့်ရပါမည်။

၂။ ထိုချဉ်းကပ်ပုံများ၏ အားသာချက်နှင့် အားနည်းချက်များကို သူတို့က ဆွေးနွေးရမည်။

၃။ သင်တန်းသားများက တစ်ဦးချင်းအနေဖြင့် အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတွင် နိုင်ငံသားဖြစ်ခွင့်အပေါ် ၎င်းတို့၏ စဉ်းစားချက်များကို အကျဉ်းချုပ်၍ ဆလိုက်တစ်ခု ပြင်ဆင်ရမည်။

၄။ ၎င်းတို့က ထိုအချက်များကို ၎င်းတို့အဖွဲ့သို့ ဆလိုက်များကို တင်ပြရမည်။

၅။ အဖွဲ့များက အဖွဲ့ဝင်များ၏ စဉ်းစားချက်များ အကျဉ်းချုပ်ကို အတန်းတစ်တန်းလုံးသို့ တင်ပြရန် တစ်ဦးကို ရွေးချယ်ရမည်။ အချက်များအားလုံးကို တင်ပြရန်မလိုဘဲ အများသဘောအတူဆုံးနှင့် ဘုံတူညီသည့် အချက်များကိုသာ တင်ပြရန်လိုသည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

- မွေးဖွားရာနေရာကို အခြေခံသည့် နိုင်ငံသားဖြစ်ခွင့်။
- မိဘနှစ်ပါး၏ နိုင်ငံသားအဆင့်အတန်းပေါ်တွင် အခြေခံသည့် နိုင်ငံသားဖြစ်ခွင့်။
- နိုင်ငံအတွင်း တစ်စုံတစ်ရာသော ကာလအတွင်းတွင် နေထိုင်သူများအပေါ် အခြေခံသည့် နိုင်ငံသားဖြစ်ခွင့်။
- မိဘနှစ်ပါး၏ နိုင်ငံသားအဆင့်အတန်း၊ မွေးဖွားရာ နေရာနှင့် နိုင်ငံတွင်း နေထိုင်ပြီးသည့်ကြာချိန်စသည့် မတူညီသည့် သတ်မှတ်ချက်များ စုစည်းထားသည့် အပေါ် အခြေခံသည့် နိုင်ငံသားဖြစ်ခွင့်။
- ကိုးကွယ်သည့်ဘာသာ၊ လူမျိုးစသည့် နိုင်ငံသား ဖြစ်ခွင့်တွင် မပါဝင်သင့်သည့် အချက်များကိုလည်း အချို့က ပြောနိုင်ပါသည်။

# ၃.၅ တိုင်းပြုပြည်ပြု နယ်မြေများ၏ အခြေပြုပုံနှင့် နယ်နိမိတ်များ

## ၃.၅ | သင်ခန်းစာအကျဉ်း

**ရည်ရွယ်ချက်** – သင်တန်းသားများက ဖက်ဒရယ်စနစ်တစ်ခုရှိ တိုင်းဒေသကြီး/ပြည်နယ်များအကြောင်း တွေးခေါ်စဉ်းစားကြရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက တစ်ဦးချင်းလေ့လာ လုပ်ဆောင်ရမည်။

**ပြင်ဆင်ရန်** – မေးခွန်းကို ဘုတ်ပေါ်တွင်ရေးပါ သို့မဟုတ် ဆလိုက် ၃.၅.၁ ကိုပြပါ။

**သင်တန်းသားများအတွက် မေးခွန်းများ**

ဖက်ဒရယ်စနစ်များတွင် တိုင်းဒေသကြီး/ပြည်နယ်များကို မည်သို့ခွဲဝေပေးနိုင်မည်နည်း။

ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း | **ညွှန်ကြားချက်များ**

၁။ ဖက်ဒရယ်နိုင်ငံများတွင် တိုင်းဒေသကြီး/ပြည်နယ်များ ခွဲဝေသတ်မှတ်ကြသည့် နည်းလမ်းများနှင့် ပတ်သက်၍ သင်တန်းသားများ မိမိထင်မြင်ချက်များကို ဆွေးနွေးမျှဝေစေပါ။

၂။ အပိုင်း ၃.၅ ကို ဖတ်ပြီးနောက် မိမိတို့ ထင်မြင်ချက်များ မှန်မမှန် စစ်ဆေးကြစေပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

- နယ်မြေကိုအခြေပြု ဖွဲ့စည်းခြင်း
- အရင်းအမြစ်များကိုအခြေပြု ဖွဲ့စည်းခြင်း
- လူဦးရေကိုအခြေပြု ဖွဲ့စည်းခြင်း
- လူမျိုးစုအခြေပြု ဖွဲ့စည်းခြင်း
- နယ်မြေနှင့် လူမျိုးစုပေါင်းစပ်အခြေပြု ဖွဲ့စည်းခြင်း

သင်တန်းသားများက နမူနာဖြစ်ရပ်လေ့လာချက်ကို လေ့လာဖတ်ရှုရမည်။

## ၃.၅ | လေ့ကျင့်ခန်း

**ရည်ရွယ်ချက်** – အပိုင်း ၃.၅ ရှိ အဓိက သဘောတရားများအား သင်တန်းသားများက နားလည်သဘောပေါက်မှုရှိမရှိကို စစ်ဆေးရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများ တစ်ဦးချင်း လေ့လာလုပ်ဆောင်ကြရန်။ သင်တန်းသားအားလုံးတွင် လက်ကမ်းစာစောင်တစ်ခု ရှိရမည်။

**ပြင်ဆင်ရန်** – လက်ကမ်းစာစောင် ၃.၅ ၏ မိတ္တူ (တစ်ဖက်စာမျက်နှာတွင်ရှိ)။

ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း | **ညွှန်ကြားချက်များ**

သင်တန်းသားများက ဥပမာများနှင့် အချက်များ ယှဉ်တွဲရမည်။

**အဖြေများ**

| | | |
|---|---|---|
| ၁။ ခ | ၃။ က | ၅။ ဂ |
| ၂။ ဃ | ၄။ င | |

# လက်ကမ်းစာစောင် ၃.၅

အောက်တွင်ပေးထားသည့် ဥပမာ (၁ မှ ၅) ကို (က မှ င) ရှိ အသင့်တော်ဆုံးအချက်များဖြင့် ယှဉ်တွဲပါ။

၁။ မြစ်များနှင့် တောင်များကဲ့သို့သော ပထဝီဝင်အင်္ဂါရပ်များ

၂။ လူမျိုးစုတစ်စု၏ လူအများစုနေထိုင်သော နယ်မြေတစ်ခု

၃။ ပထဝီဝင်၊ စီးပွားရေး၊ ဘာသာစကားနှင့် လူမျိုးစုဖွဲ့စည်းမှုအားလုံးကို ထည့်သွင်းစဉ်းစားခြင်း

၄။ ပြန့်ကျဲတည်ရှိနေသည့် လူမျိုးစု အုပ်စုငယ်တစ်ခုသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အကာအကွယ်ပေးထားသော ၎င်း၏ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ၊ ၎င်း၏ ကိုယ်ပိုင်တရားရုံးများနှင့် အစိုးရအဖွဲ့တွင် လုပ်ပိုင်ခွင့်ရှိသော ကိုယ်စားပြုခွင့်များရှိခြင်း။

၅။ ဖက်ဒရယ်နိုင်ငံတစ်ခုတွင် တိုင်းဒေသကြီး/ပြည်နယ် အနည်းငယ်သာရှိပြီး ယင်းတို့အနက် ပြည်နယ်တစ်ခုက နယ်မြေ၊ လူဦးရေနှင့် အရင်းအမြစ်များ အများစုရှိနေခြင်း။

(က) ဖက်ဒရယ်စနစ်ကို ပေါင်းစပ်အခြေပြု ချဉ်းကပ်မှုဖြစ်။

(ခ) နယ်မြေအခြေပြု ဖက်ဒရယ်စနစ်များ၏ တိုင်းဒေသကြီး ပြည်နယ်နယ်နိမိတ်များ ဖြစ်လေ့ရှိ

(ဂ) မတည်မငြိမ်ဖြစ်ခြင်း သို့မဟုတ် ခွဲထွက်ခြင်း၏ အန္တရာယ်ပိုရှိ

(ဃ) လူမျိုးစုအခြေပြု ဖက်ဒရယ်စနစ်တွင် ပါဝင်သော တိုင်းဒေသကြီး/ပြည်နယ်တစ်ခုဖြစ်

(င) နယ်မြေအပေါ် အခြေမခံသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၏ ဥပမာဖြစ်

## ၃.၅ | လုပ်ဆောင်ချက်

အပြန်အလှန် ဆွေးနွေးလုပ်ဆောင်ရန် ဆွေးနွေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း မေးခွန်းများကို အသုံးပြုပါ။

**ရည်ရွယ်ချက်** – ဖက်ဒရယ်စနစ်တစ်ရပ်တွင် တိုင်းဒေသကြီး/ပြည်နယ်များကို ခွဲဝေသတ်မှတ်ပေးရာ၌ မတူညီသော အချက်အမျိုးမျိုး၏ အရေးပါမှုကို သင်တန်းသားများ အကဲဖြတ်သုံးသပ်နိုင်စေရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများ တစ်ဦးချင်းလုပ်ဆောင်ကြရမည်။ ထို့နောက်တွင် နှစ်ယောက်တစ်ဖွဲ့၊ အုပ်စုလိုက်၊ နောက်ဆုံးတွင် အတန်းလိုက် လုပ်ဆောင်ကြရမည်။

**ပြင်ဆင်ရန်** – လုပ်ငန်းတာဝန်ပါ မေးခွန်းများကို ဘုတ်ပေါ်တွင် ရေးပါ သို့မဟုတ် ဆလိုက် ၃.၅.၂ ကို ပြသပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

အောက်ပါစံသတ်မှတ်ချက်တို့သည် ဖယ်ဒရယ်စနစ်ရှိ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုအတွက် မည်သို့အရေးပါသနည်း။

- အခြေခံအဆောက်အဦ
- လူမျိုးစု
- အရင်းအမြစ်များ
- လူဦးရေအရွယ်အစား
- ပထဝီဝင်အင်္ဂါရပ်များ
- သမိုင်း
- ဘာသာစကား
- ယဉ်ကျေးမှု

### ပုံမှန်စာသင်ခန်းတွင်း ညွှန်ကြားချက်များ

၁။ စာရင်းရှိ စံသတ်မှတ်ချက်များထဲမှ တစ်ခုကို သင်တန်းသားများ ရွေးချယ်ရမည်။ (သို့မဟုတ် စာရင်းထဲမှ အချက်များကို သင်တန်းသားတိုင်းထံ ခွဲဝေပေးထားပါ။) ဖက်ဒရယ်စနစ်အကြောင်း ၎င်းတို့သိထားသည်များကို အခြေခံ၍ ကျရာစံသတ်မှတ်ချက်သည် ဖက်ဒရယ်စနစ်ရှိ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုအတွက် အရေးကြီးသည်ဟု ၎င်းတို့ယုံကြည်သည့် အကြောင်းရင်းအချို့ကို စာရင်းပြုစုနိုင်းပါ။

၂။ သင်တန်းသားတိုင်း ၎င်းတို့၏ စံသတ်မှတ်ချက်များနှင့် မတူညီသော စံသတ်မှတ်ချက်များကို ကြည့်ရှုထားသည့် အဖော်တစ်ဦးနှင့် ပူးပေါင်းလုပ်ဆောင်ရမည်။ ၎င်းတို့၏ စံသတ်မှတ်ချက်များ အရေးပါရသည့် အကြောင်းရင်းများကို တစ်ဦးနှင့်တစ်ဦး ရှင်းပြရမည်။ အခြားသူများ၏ စံသတ်မှတ်ချက်များ အရေးပါရသည့် အကြောင်းရင်းများတွင် မိမိသိထားသည်များ မပါသေးသည်ရှိပါက ထပ်ဖြည့်နိုင်းပါ။။

၃။ နှစ်ယောက်တွဲတစ်ဖွဲ့စီသည် အခြားနှစ်ယောက်တွဲတစ်ဖွဲ့နှင့် ပူးပေါင်းပြီး ၎င်းတို့၏ စံသတ်မှတ်ချက်များ အရေးပါရသည့် အကြောင်းရင်းများကို ရှင်းပြနိုင်းပါ။

၄။ အဖွဲ့များကို ၎င်းတို့၏ စံသတ်မှတ်ချက် စာရင်းများအကြောင်း အတန်းသို့ တင်ပြဆွေးနွေးနိုင်းပါ။

### အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ

၁။ အတန်းသားတစ်ဦးစီအတွက် စံသတ်မှတ်ချက်များထဲမှ တစ်ခုကို ခွဲဝေပေးပါ။ ဖက်ဒရယ်စနစ်အကြောင်း ၎င်းတို့ သိထားသည်များကို အခြေခံ၍ ကျရာစံသတ်မှတ်ချက်သည် ဖက်ဒရယ်စနစ်ရှိ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုအတွက် အရေးကြီးသည်ဟု ၎င်းတို့ယုံကြည်သည့် အကြောင်းရင်းအချို့ကို စာရင်းပြုစုနိုင်းပါ။

၂။ မတူညီသည့် စံသတ်မှတ်ချက်များကို ကြည့်ရှုထားသည့် သင်တန်းသား သုံးယောက် သို့မဟုတ် သုံးယောက်နှင့်အထက် ပါဝင်သော အဖွဲ့များဖွဲ့ပေးပါ။ အဖွဲ့ထဲတွင် မိမိတို့ စံသတ်မှတ်ချက်များ အရေးပါရသည့် အကြောင်းရင်းများကို တစ်ဦးနှင့်တစ်ဦး ရှင်းပြရမည်။ အခြားသူများ၏ စံသတ်မှတ်ချက်များ အရေးပါရသည့် အကြောင်းရင်းများတွင် မိမိသိထားသည်များ မပါသေးသည်ရှိပါက ထပ်ဖြည့်နိုင်းပါ။။

၃။ အဖွဲ့များကို ၎င်းတို့၏ စံသတ်မှတ်ချက်စာရင်းများအကြောင်း အတန်းသို့ တင်ပြဆွေးနွေးနိုင်းပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

- အခြေခံအဆောက်အအုံ – လျှပ်စစ်၊ လမ်း၊ မီးရထား၊ လေဆိပ်၊ ဆေးရုံ၊ ကျောင်း စသည်တို့သည် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုအတွက် အခြေခံအဆောက်အအုံ၏ အရေးကြီးသော ဥပမာများဖြစ်သည်။ တိုင်းဒေသကြီး/ပြည်နယ်အား ကောင်းမွန်စွာလည်ပတ်လုပ်ကိုင်နိုင်စေရေးနှင့် နေထိုင်သူများအတွက် ဝန်ဆောင်မှုများနှင့် လူနေမှုအဆင့်အတန်းတစ်ခု ရရှိစေရေး ကူညီပေးသည့်အရာများဖြစ်သည်။ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုတွင် လုံလောက်သော အခြေခံအဆောက်အအုံမရှိပါက နေထိုင်သူများနှင့် စီးပွားရေးလုပ်ငန်းအားလုံးသည် ဖက်ဒရယ်စနစ်တစ်ခု၌ နောက်ကောက်ကျ ကျန်ရစ်မည်ဖြစ်သည်။ ၎င်း၏ အခြေခံအဆောက်အအုံများ ထူထောင်ရန်အတွက် ငွေကြေးအကူအညီနှင့် ဖွံ့ဖြိုးတိုးတက်မှုများစွာ လိုအပ်မည်ဖြစ်သည်။ အခြေခံအဆောက်အအုံ ပိုကောင်းသည့် အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် အလုပ်ရှာရန်အတွက် လူများသည် မိမိတိုင်းဒေသကြီး/ပြည်နယ်မှ ထွက်ခွာသွားနိုင်သည်။
- လူမျိုးစု – လူမျိုးစုတစ်ခုသည် မိမိလူမျိုးစုအပေါ် ခိုင်ခိုင်မာမာ တွယ်တာမှုရှိပြီး နယ်မြေတစ်ခုတွင် အချိန်အတော်ကြာ တည်ရှိနေပါက ၎င်းလူမျိုးစုသည် ၎င်းတို့၏ နယ်မြေအား ဖက်ဒရယ်စနစ်တွင် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုအဖြစ် လိုလားပေမည်။ ၎င်းတို့ လူမျိုးစု၏ ဘာသာစကားနှင့် ယဉ်ကျေးမှုကို တိုင်းဒေသကြီး/ပြည်နယ် ဥပဒေများက အသိအမှတ်ပြုကာ အကာအကွယ်ပေးစေလိုပေမည်။ တိုင်းဒေသကြီး/ပြည်နယ်ရှိ လူမျိုးစုတွင် မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်အတွက် အုပ်ချုပ်ရေးနှင့် ကျန်းမာရေး၊ ပညာရေးကဲ့သို့ ဝန်ဆောင်မှုများလည်း ယခင်ကတည်းက ရှိပြီးသား ဖြစ်နိုင်ပေသည်။
- အရင်းအမြစ်များ – မြစ်များ၊ သစ်တောများ၊ ဓာတ်သတ္တုများ စသည်တို့ကဲ့သို့သော သဘာဝသယံဇာတ အရင်းအမြစ်များသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်၊ အရင်းအမြစ်များကို ရောင်းချခြင်းနှင့် အခွန်ကောက်ခံခြင်းမှ ဝင်ငွေရရှိရန်၊ သို့မဟုတ် ဆောက်လုပ်ရေး သို့မဟုတ် လျှပ်စစ်ထုတ်လုပ်ခြင်းအတွက် ဒေသအလိုက် ကိုယ်ပိုင်အရင်းအမြစ်များကို အသုံးပြုနိုင်စွမ်းရှိစေရန် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုကို စွမ်းဆောင်နိုင်စွမ်းရှိစေသည်။ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုသည် ၎င်း၏ ကိုယ်ပိုင်သဘာဝအရင်းအမြစ် အများအပြားကို ထိန်းချုပ်နိုင်ပါက မိမိတိုင်းဒေသကြီး/ပြည်နယ်အား မိမိကိုယ်တိုင် ပံ့ပိုးပေးနိုင်ပြီး ဗဟိုနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များထံမှ ငွေကြေးအကူအညီ လိုအပ်မှု နည်းပါးပေမည်။ မိမိသဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲနိုင်ခွင့်ရှိပါက သဘာဝပတ်ဝန်းကျင်နှင့် မြေယာကို မှီခိုအားထားရသော မိမိတိုင်းဒေသကြီး/ပြည်နယ်ရှိ ဒေသခံလူထုအား ပိုမိုကောင်းမွန်စွာ ကာကွယ်ပေးနိုင်သည်။
- လူဦးရေအရွယ်အစား – တိုင်းဒေသကြီး/ပြည်နယ်တစ်ခုတွင် လူအလုံအလောက်ရှိလျှင် ကုန်စည်ထုတ်လုပ်ရန်နှင့် ဝယ်ယူရန် လူပိုများလာသောကြောင့် ဒေသတွင်းစီးပွားရေး တိုးတက်နိုင်သည်။ သို့သော် လူဦးရေများလွန်းပြီး မြေနေရာလွတ်များ၊ အရင်းအမြစ်များ၊ အခြေခံအဆောက်အအုံများ မလုံလောက်ပါက လူများသည် အခြားတိုင်းဒေသကြီး/ပြည်နယ်တွင် အလုပ်အကိုင်၊ ပညာရေး သို့မဟုတ် ပိုမိုကောင်းမွန်သော လူနေမှုအခြေအနေများကို ရှာဖွေရန် မိမိတိုင်းဒေသကြီး/ပြည်နယ်မှ ထွက်ခွာသွားနိုင်သည်။
- ပထဝီဝင်အင်္ဂါရပ်များ – တောင်များ၊ မြစ်များ၊ ကမ်းရိုးတန်းများ၊ သစ်တောများ သို့မဟုတ် ကုန်းမြင့်၊ မြေပြန့်၊ ခြောက်သွေ့မြေ၊ ရေနက်ကွင်းမြေ စသည်ဖြင့် မည်သည့်မြေ ဖြစ်သည်ဟူသော အချက်များအားလုံးသည် စိုက်ပျိုးရေး၊ ကောက်ပဲသီးနှံ၊ မွေးမြူရေး၊ တံငါစသည့် လူများ၏ အသက်မွေးဝမ်းကျောင်းကို လွှမ်းမိုးနိုင်သည်။ ပထဝီဝင်အနေအထားသည် လမ်းပန်းဆက်သွယ်ရေးနှင့် လူနေထိုင်ရာ နေရာတို့ကိုလည်း သက်ရောက်မှုရှိသည်။ မြစ်များ သို့မဟုတ် တောင်များသည် တိုင်းဒေသကြီး/ပြည်နယ်များအတွက် သဘာဝနယ်နိမိတ်များလည်း ဖြစ်နိုင်ပေသည်။
- သမိုင်း – တိုင်းဒေသကြီး/ပြည်နယ်တစ်ခု၏ သမိုင်းသည် ဖက်ဒရယ်စနစ်တွင် ၎င်းပါဝင်သည့် အခန်းကဏ္ဍကို လွှမ်းမိုးမည်ဖြစ်သည်။ တိုင်းဒေသကြီး/ပြည်နယ်ရှိ ပဋိပက္ခများကဲ့သို့ အတိတ်ဖြစ်ရပ်များသည် ၎င်း၏

ကိုယ်ပိုင်ရပ်တည်နိုင်စွမ်းကို လွှမ်းမိုးနိုင်သည်။ လူများကမူ သမိုင်းကြောင်းအရ မိမိတို့သည် ကိုယ်ပိုင်တိုင်းဒေသကြီး/ပြည်နယ်တစ်ခု ရှိသင့်သည်ဟု ခံစားချက်ရှိမည်။ သို့သော် ထည့်သွင်းစဉ်းစားစရာများက ရှိနေသည်။ 'တိုင်းဒေသကြီး/ပြည်နယ်အသစ်၊ နယ်နိမိတ်အသစ်များက စည်းလုံးစေမည်လား၊ ကွဲကွာစေမည်လား။ မည်သည့် ဘာသာစကား၊ ဘာသာတရား၊ ယဉ်ကျေးမှုများက သမိုင်းတွင် တည်ရှိခဲ့ကြသနည်း။ သမိုင်းအရဆိုလျှင် နေထိုင်သူများသည် လွှမ်းမိုးခဲ့သူများဖြစ်သလား။ ဖိနှိပ်ခံခဲ့ရသူများဖြစ်သလား။ အတိတ်တွင် ဤတိုင်းဒေသကြီး/ပြည်နယ်ထဲသို့ ပြောင်းရွှေ့အခြေချမှု များခဲ့သလား။ ဤတိုင်းဒေသကြီး/ပြည်နယ်ထဲမှ ထွက်ပြီး ပြောင်းရွှေ့အခြေချမှု များခဲ့သလား။' ဟူသည့် မေးခွန်းများ ဖြစ်လေသည်။

- ဘာသာစကား – ဒေသန္တရဘာသာစကားကို တိုင်းဒေသကြီး/ပြည်နယ်၏ ဘာသာစကားအဖြစ် အသိအမှတ်ပြုသင့်သည်ဟု လူများက ယူဆနိုင်သည်။ နေထိုင်သူများ ဘာသာစကား တူညီပါက အုပ်ချုပ်ရေး၊ အလုပ်အကိုင်နှင့် ပညာရေးအတွက် ပိုမိုလွယ်ကူစေပါသည်။
- ယဉ်ကျေးမှု – တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ လူများသည် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ၊ ပွဲတော်များ၊ အစားအသောက်၊ ဝတ်စားဆင်ယင်ပုံများ တူညီနေနိုင်သည်။ ယင်းတူညီမှုများက တိုင်းဒေသကြီး/ပြည်နယ်၏ ကိုယ်ပိုင်စရိုက်လက္ခဏာ ပိုင်ဆိုင်မှုအတွက် ပံ့ပိုးပေးနိုင်သည်။

# အခန်း ၃ နမူနာဖြစ်ရပ် လေ့လာချက်

**ရည်ရွယ်ချက်** – သင်တန်းသားများ နီပေါနိုင်ငံရှိ တိုင်းဒေသကြီး/ပြည်နယ် ခွဲဝေသတ်မှတ်ပုံကို ပိုင်းခြား စိတ်ဖြာကြစေရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – တစ်ဦးချင်း သို့မဟုတ် နှစ်ယောက်တစ်ဖွဲ့ သို့မဟုတ် အဖွဲ့လိုက် သင်တန်းသားများ လုပ်ဆောင်ကြရန်။ အတန်းထဲတွင်ဖြစ်စေ သို့မဟုတ် အိမ်စာ အဖြစ်ဖြစ်စေ လုပ်ဆောင်နိုင်သည်။

**ပြင်ဆင်ရန်** – မေးခွန်းများကို ဘုတ်ပေါ်တွင်ရေးပါ သို့မဟုတ် ဆလိုက် ၃.၅.၃ ကို ပြသပါ။

## သင်တန်းသားများအတွက် မေးခွန်းများ

ဖတ်စာအုပ်ပါ အချက်အလက်များ၊ နီပေါနိုင်ငံမြေပုံ၊ ၂၀၁၅ ခုနှစ် ပြည်နယ်များ၏ နယ်နိမိတ်များနှင့် မြေပုံအညွှန်းအပေါ် အခြေခံ၍ ဖြေဆိုပါ။

၁။ နီပေါနိုင်ငံ၏ ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို မည်သို့ ရေးဆွဲခဲ့သနည်း။

၂။ ဖြစ်နိုင်ခြေရှိသော ပြည်နယ်အရေအတွက် မည်သို့ ပြောင်းလဲခဲ့သနည်း။

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ညီလာခံနှစ်ခု မည်သို့ ကွာခြားသနည်း။

၄။ နယ်မြေနှင့် လူမျိုးစု ဖက်ဒရယ်ပုံစံများအကြောင်း (နီပေါရှိ) လေ့လာခဲ့သော ဖတ်စာအုပ်ပါစာအရ တိုင်းဒေသကြီး/ပြည်နယ် (ပြည်နယ်များ) နှင့် ပတ်သက်၍ မည်သည့်အရာများ သတိပြုမိသနည်း။

၅။ ပြည်နယ် နယ်နိမိတ်များကို ဤနည်းဖြင့် ရေးဆွဲခဲ့ရခြင်း၏ ဖြစ်နိုင်ခြေရှိသည့် အကြောင်းရင်းများကား အဘယ်နည်း။

၆။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် ပြည်နယ် နယ်နိမိတ်များကို ကြေညာပြီးနောက် Terai တွင် ဆန္ဒပြမှုများနှင့် အကြမ်းဖက်မှုများ ဖြစ်ပေါ်လာရသည့် အကြောင်းရင်း ဖြစ်နိုင်သည်များကား အဘယ်နည်း။

**ပုံမှန်စာသင်ခန်းတွင်း** **အွန်လိုင်းအတန်းတွင်း** **ညွှန်ကြားချက်များ**

၁။ သင်တန်းသားများက နမူနာဖြစ်ရပ်လေ့လာချက် ဖတ်ရမည်။

၂။ သင်တန်းသားများက မေးခွန်းများ ဖြေစေပါ။

## အဖြေများ

၁။ ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ညီလာခံနှစ်ခုဖြင့် ဖန်တီးရေးဆွဲခဲ့သည်။ ပြည်နယ်များအတွက် နယ်နိမိတ်အသစ်များကို ပြည်နယ်ပြန်လည်ဖွဲ့စည်းရေး ကော်မရှင်က ထည့်သွင်းစဉ်းစားခဲ့သည်။

၂။ ပထမအကြိမ် ညီလာခံတွင် အကြံပြုခဲ့သည့် ဖြစ်နိုင်ခြေရှိသော ပြည်နယ်အရေအတွက်ကို ဆယ်ခုမှ ခြောက်ခုသို့ လျှော့ချခဲ့သည်။ ထို့နောက်တွင် ၇ ခုအဖြစ် ပြန်ထားခဲ့သည်။

၃။ ပထမအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ညီလာခံတွင် မတူညီသော အသိုက်အဝန်းများ၊ လူမျိုးစုများနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများ ပါဝင်ခဲ့ကြပြီး၊ ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ညီလာခံတွင် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များအချင်းချင်း ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

## ဖြစ်နိုင်ခြေရှိသော အဖြေများ

၄။ တိုင်းဒေသကြီး/ပြည်နယ်များသည် လူမျိုးစုတစ်ခုထက် ပိုရှိသည့် နယ်မြေများကို မကြာခဏပင် ပေါင်းစည်းခဲ့ကြသည်။ နီပေါ၏ တောင်ဘက်ခြမ်းရှိ အိန္ဒိယနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော Terai ဒေသကို ခွဲလိုက်ပြီး ယင်း၏ အချို့သော အပိုင်းများသည် နီပေါ၏ မြောက်ဘက်ပိုကျသော ပြည်နယ်များအတွင်း ပါဝင်သွားသည်။

၅။
- လူမျိုးစု သို့မဟုတ် ဘာသာရေးအုပ်စု တစ်ခုတည်းကသာ လွှမ်းမိုးထားခြင်းမရှိသော လူမျိုးပေါင်းစုံ ရောနှောနေသည့် တိုင်းဒေသကြီး/ပြည်နယ်များကို ဖန်တီးရန်။
- ပြည်နယ်များအဖြစ် ကိုယ်ပိုင်ရပ်တည်နိုင်စွမ်းကိုလည်းကြည့်သည်၊ ဥပမာအားဖြင့် Terai ဒေသသည် ရေအားလျှပ်စစ်ထုတ်လုပ်ရန် ကိုယ်ပိုင်စွမ်းရည် မရှိသောကြောင့် ယင်း၏ အချို့သော အစိတ်အပိုင်းများကို မြစ်များပါရှိသော ဒေသများထဲ တိုးချဲ့ပါဝင်စေရသည်။
- နီပေါလူဦးရေ၏ ၅၀ % သည် Terai တွင် နေထိုင်သောကြောင့် ၎င်းကို ပြည်နယ်တစ်ခုအဖြစ် ထားရှိခဲ့ပါက ကိုယ်စားပြုမှု မရှိခြင်းများ သို့မဟုတ် မမျှတခြင်းများ ဖြစ်ပေါ်စေခဲ့ပေလိမ့်မည်။

၆။
- Terai ရှိ လူများကမူ ၎င်းတို့အားလုံးအတွက် တစ်ခုတည်းသော ပြည်နယ်ကို အလိုရှိခဲ့ကြပေမည်။
- ပြည်နယ်များ၏ နယ်နိမိတ်များ သတ်မှတ်ရေးတွင် လုံလောက်သော တိုင်ပင်ဆွေးနွေးမှု သို့မဟုတ် လုံလောက်သော ထည့်သွင်းစဉ်းစားမှုများ မရှိခဲ့ဟု မြင်ကောင်းမြင်ကြမည်။
- Tharu နှင့် Madhesi အဖွဲ့များသည် Terai ၏ အစိတ်အပိုင်းအချို့ကိုရသော အခြား ပြည်နယ်များတွင် ပါဝင်နေသည့် နီပေါရှိ အခြား အုပ်စုများနှင့် ကွဲပြားသည်ဟု မိမိတို့ကိုယ် မိမိတို့ ယူဆကြသည်။

# ၃.၆ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး / ပြည်နယ်များ အခြေခံသတ်မှတ်ပုံနှင့် နယ်နိမိတ်များ

## ၃.၆ | သင်ခန်းစာအကျဉ်း

**ရည်ရွယ်ချက်** – သင်တန်းသားများသည် မြန်မာနိုင်ငံ၏ အုပ်ချုပ်မှုပုံစံနှင့် ပတ်သက်၍ ၎င်းတို့၏ သိထားသည်များကို စစ်ဆေးနိုင်စေရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများ အတန်းလိုက် လုပ်ဆောင်ကြရန်။

**ပြင်ဆင်ရန်** – မေးခွန်းကို ဘုတ်ပေါ်တွင်ရေးပါ သို့မဟုတ် ဆလိုက် ၃.၆.၁ ကိုပြပါ။

**သင်တန်းသားများအတွက် မေးခွန်းများ**

မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး/ပြည်နယ်များ ခွဲဝေသတ်မှတ်ရာ၌ မည်သည့်စံနှုန်းများကို အသုံးပြုခဲ့သည်ဟု သင်ထင်မြင်ယူဆပါသနည်း။

**ပုံမှန်စာသင်ခန်းတွင်း** | **အွန်လိုင်းအတန်းတွင်း** | **ညွှန်ကြားချက်များ**

သင်တန်းသားများက မေးခွန်းများအား ဆွေးနွေးရမည်။ အဖြေအချို့ ထွက်လာအောင် မေးမြန်းထုတ်ယူပါ။

**အဖြေများ**

- နယ်မြေ
- လူမျိုးစု
- အရင်းအမြစ်များ
- ပထဝီဝင်
- သမိုင်း
- ဘာသာစကား

သင်တန်းသားများက အပိုင်း ၃.၆ အဆုံးထိ ဖတ်ရမည်။

## ၃.၆ | လေ့ကျင့်ခန်း ၁

**ရည်ရွယ်ချက်** – အပိုင်း ၃.၅ ရှိ အဓိကသဘောတရားများ အပေါ် သင်တန်းသားများ မိမိတို့ နားလည်မှုကို စစ်ဆေးနိုင်ကြစေရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများ တစ်ဦးချင်း လုပ်ဆောင်ကြရန်။

**ပြင်ဆင်ရန်** – မေးခွန်းကို ဘုတ်ပေါ်တွင်ရေးပါ သို့မဟုတ် ဆလိုက် ၃.၆.၂ ကိုပြပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

အောက်ပါအဆိုများသည် မြန်မာနိုင်ငံတွင် လူမျိုးစုအခြေပြု ဖက်ဒရယ်စနစ်ကို ထောက်ခံတင်ပြမှုများပေလော သို့မဟုတ် နယ်မြေအခြေပြုဖက်ဒရယ်စနစ်ကို ထောက်ခံတင်ပြမှုများပေလော အမျိုးအစားခွဲပါ။

၁။ သေးငယ်သော လူမျိုးစုအုပ်စုများသည် ပိုမိုကြီးမားသော လူမျိုးစုများ၏ တိုင်းဒေသကြီး/ပြည်နယ်များတွင် ပါဝင်နေသည့်အခါ အားနည်းချက်ရှိလိမ့်မည်။

၂။ လူမျိုးစုများ၏ ဘာသာစကားများနှင့် သမိုင်းများကို အသိအမှတ်ပြုပါမည်။

၃။ အချို့သော လူမျိုးစုများသည် ၎င်းတို့၏ လူမျိုးများ အတွက် ဝန်ဆောင်မှုများ၊ စနစ်များရှိပြီးဖြစ်သည်။

၄။ လူမျိုးစုတစ်ခုတည်းဖြင့် ဖွဲ့စည်းထားသော ပြည်နယ်များသည် တိုင်းပြည်မှ ခွဲထွက်လိုပေမည်။

၅။ တိုင်းဒေသကြီး/ပြည်နယ်သည် လူမျိုးစုအုပ်စုများ သမိုင်းဝင်မွေးရပ်မြေများနှင့် ကိုက်ညီမှုရှိသင့်သည်။

၆။ တိုင်းဒေသကြီး/ပြည်နယ်များ ကောင်းမွန်စွာ လုပ်ငန်းလုပ်ဆောင်နိုင်ရန် လူနှင့် အရင်းအမြစ်များ အလုံအလောက်ရှိသင့်သည်။

၇။ တိုင်းဒေသကြီး/ပြည်နယ် နယ်နိမိတ် သတ်မှတ်ခြင်းတွင် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးဆုံးဖြစ်သည်။

၈။ လူမျိုးစုများ၏ တည်ဆဲဖြစ်သော အုပ်ချုပ်ရေးကို ဖက်ဒရယ်စနစ်တွင် ထည့်သွင်းမည်ဖြစ်သည်။

၉။ ပြည်နယ်များသည် ပြည်ထောင်စုလွှတ်တော်၏ အထက်လွှတ်တော် (အမျိုးသားလွှတ်တော်) တွင် တန်းတူရည်တူ ကိုယ်စားပြုနိုင်မည်ဖြစ်သည်။

၁၀။ နောက်ထပ်ပြည်နယ်များ ပေါင်းထည့်ခြင်းသည် လက်ရှိ အခြေအနေများကို ထိခိုက်စေနိုင်သည်။

**ပုံမှန်စာသင်ခန်းတွင်း** **အွန်လိုင်းအတန်းတွင်း** **ညွှန်ကြားချက်များ**

သင်တန်းသားများက မေးခွန်းများအား ဖြေဆိုခိုင်းပါ။

### အဖြေများ

လူမျိုးစုအခြေပြု ဖက်ဒရယ်စနစ်အတွက် ထောက်ခံတင်ပြမှုများ – ၂၊ ၃၊ ၅၊ ၈၊ ၉

နယ်မြေအခြေပြု ဖက်ဒရယ်စနစ်အတွက် ထောက်ခံတင်ပြမှုများ – ၁၊ ၄၊ ၆၊ ၇၊ ၁၀

# ၃.၆ | လေ့ကျင့်ခန်း ၂

**ရည်ရွယ်ချက်** – သင်တန်းသားများ မြန်မာနိုင်ငံ၏ နယ်နိမိတ်များ၊ နယ်စပ်များ မြေပုံကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်စေရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများ တစ်ဦးချင်း သို့မဟုတ် နှစ်ယောက်တွဲ သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်ကြရန်။

**ပြင်ဆင်ရန်** – ဘုတ်ပေါ်တွင် မေးခွန်းများကိုရေးပါ၊ သို့မဟုတ် ဆလိုက် ၃.၆.၃ ကို ပြသပါ။

## သင်တန်းသားများအတွက် မေးခွန်းများ

မြန်မာနိုင်ငံ၏ လက်တလောအုပ်ချုပ်ရေးဖွဲ့စည်းပုံ မြေပုံကို အခြေခံ၍ (၂၀၂၁ ခုနှစ် စက်တင်ဘာလ အထိ သတ်မှတ်ထားချက်) အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကြားရှိ နယ်နိမိတ်အများစုနှင့် မကွေးတိုင်းဒေသကြီး အရှေ့မြောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးကြားရှိ နယ်နိမိတ်အများစုကို မည်သည့်အရာက ပိုင်းခြားပေးထားသနည်း။

၂။ ထိုနယ်နိမိတ်သတ်မှတ်ပုံက အများအားဖြင့် မည်သည့် ဖက်ဒရယ်စနစ် စံသတ်မှတ်ပုံ ဥပမာတစ်ခုဖြစ်သနည်း။

၃။ လူမျိုးစုများ စုဝေးရှိရာအဖြစ် ဖော်ပြထားသည့် မတူညီသော နယ်မြေအရေအတွက် အများဆုံးရှိသည်မှာ မည်သည့် တိုင်းဒေသကြီး/ပြည်နယ်ဖြစ်သနည်း။

၄။ လူမျိုးစုပြည်နယ်အများစု၏ နယ်နိမိတ်မျဉ်း အစိတ်အပိုင်းများစွာ၏ ဘုံအင်္ဂါရပ်များကား အဘယ်နည်း။

၅။ ပြည်နယ် နယ်နိမိတ်များအား ယင်းသို့ သတ်မှတ်ပုံကြောင့် ဖက်ဒရယ်စနစ်နှင့် ပတ်သက်၍ ယခင်က မည်သည့် စိုးရိမ်ပူပန်မှု ဖြစ်စေခဲ့သနည်း။

၆။ နယ်မြေ၊ လူဦးရေနှင့် စပ်လျဉ်း၍ အနာဂတ်ဖက်ဒရယ် စနစ်တွင် ဗမာဒေသခုနစ်ခုလုံးကို တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုအဖြစ် ပေါင်းစည်းပါက ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကား အဘယ်နည်း။

**ပုံမှန်စာသင်ခန်းတွင်း** **အွန်လိုင်းအတန်းတွင်း** **ညွှန်ကြားချက်များ**

သင်တန်းသားများက မေးခွန်းအား ဖြေဆိုခိုင်းပါ။

## အဖြေများ

၁။ ဧရာဝတီမြစ်

၂။ နယ်မြေ

၃။ ရှမ်းပြည်နယ်

## ဖြစ်နိုင်ခြေရှိသော အဖြေများ

၄။ လူမျိုးစုပြည်နယ်များသည် များသောအားဖြင့် အခြားနိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်နေပါသည်။ တိုင်းရင်းသားလူမျိုးစုများ၏ စုစည်းနယ်မြေများသည် လူမျိုးစုပြည်နယ် နယ်နိမိတ်များနှင့် အတိအကျ မကိုက်ညီပါ။

၅။ ခွဲထွက်ခြင်း သို့မဟုတ် အခြားနိုင်ငံများနှင့် ပူးပေါင်းသွားနိုင်ခြေရှိသည့် နိုင်ငံ၏ အစိတ်အပိုင်းများ။

၆။ ၎င်းသည် အကြီးဆုံး ဖွဲ့စည်းပုံပြည်နယ်ဖြစ်ပြီး လူဦးရေအများစုရှိလိမ့်မည်။ ကျန်ပြည်နယ်များကို စီးပွားရေးအရရော နိုင်ငံရေးအရပါ လွှမ်းမိုးနိုင်ချေ ရှိသည်။

# ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

### သင်တန်းသားများအတွက် မေးခွန်းများ

မြေပုံကိုအခြေခံ၍ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး/ပြည်နယ် နယ်နိမိတ်များနှင့် ပတ်သက်၍ သင်သတိပြုမိသည့် အင်္ဂါရပ် အချို့ကား အဘယ်နည်း။

### ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း | ညွှန်ကြားချက်များ

၁။ ဆွေးနွေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း မေးခွန်းကို သင်တန်းသားများအား အဖွဲ့လိုက် သို့မဟုတ် အတန်းလိုက် ဆွေးနွေးရမည်။ (၎င်းသည် ဆလိုက်၃.၆.၄ တွင်လည်း ပါရှိသည်)။

- သို့မဟုတ် သင်တန်းသားများအား ၎င်းတို့၏ တုံ့ပြန်ချက်များကို အီလက်ထရွန်းနစ်ဘုတ် သို့မဟုတ် စာစောင်ဘုတ်ပေါ်တွင် ရေးခိုင်းပါ။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

- အချို့ဒေသများသည် နယ်နိမိတ်အတွက် မြစ်ချောင်းများကို အသုံးပြုကြသည်။ မန္တလေးနှင့် မကွေးတိုင်းဒေသကြီးတို့ဖြစ်သည်။
- လူမျိုးစုပြည်နယ်အများစုသည် အခြားနိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်နေသည်။
- ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ နယ်နိမိတ်များသည် လူမျိုးစုများ၏ အတိအကျ စုစည်းမှုနှင့် မကိုက်ညီပါ။
- ပြည်နယ်နှင့် တိုင်းဒေသကြီး အများစုတွင် မတူညီသော လူမျိုးစုများ ရောနှောတည်ရှိနေပါသည်။
- ရှမ်းပြည်နယ်တွင် အထူးအုပ်ချုပ်ရေးနယ်မြေ အများစုရှိသည်။

# ၃.၇ ဖက်ဒရယ်ပုံစံ အာဏာခွဲဝေမှု

## ၃.၇ | သင်ခန်းစာအကြို

**ရည်ရွယ်ချက်** – ဖက်ဒရယ်စနစ်များရှိ အာဏာခွဲဝေရေးနှင့် ပတ်သက်၍ သင်တန်းသားများ ယခင်သိထားသည့် အသိများကို အသုံးချနိုင်စေရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများ အတန်းလိုက်လုပ်ဆောင်ကြရန်။

**ပြင်ဆင်ရန်** – မေးခွန်းကို ဘုတ်ပေါ်တွင်ရေးပါ သို့မဟုတ် ဆလိုက် ၃.၇.၁ ကိုပြပါ။

**သင်တန်းသားများအတွက် မေးခွန်းများ**

ဖက်ဒရယ်စနစ်များတွင် အောက်ပါတို့အတွက် မည်သည့်အဆင့်က အများအားဖြင့် လုပ်ပိုင်ခွင့်အာဏာရှိသနည်း။

၁။ ငွေကြေး

၂။ သဘာဝသယံဇာတ စီမံခန့်ခွဲမှု

၃။ နိုင်ငံတကာဆက်ဆံရေး

**ပုံမှန်စာသင်ခန်းတွင်း** **အွန်လိုင်းအတန်းတွင်း** **ညွှန်ကြားချက်များ**

သင်တန်းသားများထံမှ အဖြေများကို မေးမြန်းထုတ်ယူပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

၁။ ပြည်ထောင်စုအဆင့်

၂။ အဆင့်နှစ်ခုစလုံး

၃။ ပြည်ထောင်စုအဆင့်

သင်တန်းသားများအား အပိုင်း ၃.၇ အဆုံးထိ ဖတ်ရမည်။

## ၃.၇ | လေ့ကျင့်ခန်း

**ရည်ရွယ်ချက်** – အပိုင်း ၃.၇ မှ အဓိကသဘောတရားများကို မိမိတို့ နားလည်မှုရှိမရှိ သင်တန်းသားများ စစ်ဆေးနိုင်စေရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများ အားလုံးတွင် လက်ကမ်းစာစောင်တစ်ခုရှိရမည်။

**ပြင်ဆင်ရန်** – (တစ်ဖက်စာမျက်နှာရှိ) လက်ကမ်းစာစောင် ၃.၇ ၏ မိတ္တူများ ပြင်ထားပါ။

**ပုံမှန်စာသင်ခန်းတွင်း** **အွန်လိုင်းအတန်းတွင်း** **ညွှန်ကြားချက်များ**

သင်တန်းသားများက အကောင်းဆုံးအဖြေများကို ရွေးချယ်ရမည်။

**အဖြေများ**

၁။ ဂ

၂။ ခ

၃။ ဂ

၄။ ဃ

၅။ ခ

# လက်ကမ်းစာစောင် ၃.၇

**အကောင်းဆုံးအဖြေများကို ရွေးချယ်ပါ။**

၁။ ဖက်ဒရယ်စနစ်တွင် အာဏာခွဲဝေမှုကို အောက်ပါတို့အနက်မှ မည်သည့်အရာက ဖော်ပြသနည်း။

(က) ဗဟိုအစိုးရသည် တိုင်းဒေသကြီး/ပြည်နယ်မှ ပြဋ္ဌာန်းထားသော ဥပဒေများကို သဘောမတူပါက ဝင်ရောက်စွက်ဖက်နိုင်သည်။

(ခ) ဗဟိုအစိုးရသည် တိုင်းဒေသကြီး/ပြည်နယ် အားလုံး လိုက်နာကျင့်သုံးရမည့် ဥပဒေများကို ရေးဆွဲကျင့်သုံးနိုင်သည်။

(ဂ) ဗဟိုနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် ဥပဒေများ ရေးဆွဲကျင့်သုံးနိုင်သည့် ကိစ္စရပ်များကို ခွဲဝေကာ ဆောင်ရွက်ကြသည်။

(ဃ) တိုင်းဒေသကြီး/အစိုးရများသည် ဗဟိုအစိုးရထံ ခွဲဝေချထားပေးသည့် ကိစ္စရပ်များအတွက် ဥပဒေများကို ရေးဆွဲအကောင်အထည်ဖော် နိုင်သည်။

၂။ ဖက်ဒရယ်စနစ်တွင် မည်သည့် အစိုးရအဆင့်ကမှ မလုပ်သင့်သောအရာတစ်ခုမှာ အဘယ်နည်း။

(က) သယံဇာတများမှ အခွန်တိုးပွားစေမည့် ဥပဒေများ ရေးဆွဲချမှတ်ခြင်း။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည့် ဥပဒေများ ရေးဆွဲချမှတ်ခြင်း။

(ဂ) စင်ပြိုင်ကျင့်သုံးရမည့် အာဏာများမှ တစ်ခုခု အတွက် ဥပဒေများ ရေးဆွဲချမှတ်ခြင်း။

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တစ်စုံတစ်ခုနှင့် စပ်လျဉ်း၍ ဥပဒေများ ရေးဆွဲချမှတ်ခြင်း။

၃။ ဖက်ဒရယ်စနစ်အများစုတွင် ဗဟိုအစိုးရမှ ချုပ်ကိုင်ထားလေ့ရှိသော အာဏာများမှာ အောက်ပါတို့အနက် မည်သည်တို့ ဖြစ်သနည်း။

(က) အခြားနိုင်ငံများနှင့် ဆက်ဆံရေး၊ ကျန်းမာရေး၊ အရင်းအမြစ်များ

(ခ) အခြားနိုင်ငံများနှင့် ဆက်ဆံရေး၊ ကုန်သွယ်ရေး၊ ပညာရေး

(ဂ) အခြားနိုင်ငံများနှင့် ဆက်ဆံရေး၊ ကုန်သွယ်ရေး၊ ကာကွယ်ရေး

(ဃ) အခြားနိုင်ငံများနှင့် ဆက်ဆံရေး၊ ကျန်းမာရေး၊ ပညာရေး

၄။ ပညာရေး၊ ဘာသာစကားနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို ပြည်နယ်များသို့ ခွဲဝေပေးလေ့ရှိသည့် စနစ်မှာ –

(က) ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အာရုံစိုက်သည့် ဖယ်ဒရယ်စနစ်များ

(ခ) တိုင်းဒေသကြီး/ပြည်နယ် အနည်းငယ်သာ ပါရှိသော ဖက်ဒရယ်စနစ်များ

(ဂ) တိုင်းဒေသကြီး/ပြည်နယ်များစွာရှိသော ဖက်ဒရယ်စနစ်များ

(ဃ) လူမျိုးစုကွဲပြားမှုအပေါ် အာရုံစိုက်သည့် ဖယ်ဒရယ်စနစ်များ

၅။ အောက်ဖော်ပြပါအရာများထဲမှ မည်သည့်အရာသည် လုပ်ပိုင်ခွင့်အာဏာကို ဖြစ်နိုင်သမျှ အနိမ့်ဆုံးအဆင့်ကို ကျင့်သုံးစေသောမူ (ဖက်ဒရယ်စနစ်) ၏ ဥပမာတစ်ခုဖြစ်သနည်း။

(က) ဗဟိုအစိုးရ၏ အကြံပြုချက်အပေါ် အခြေခံ၍ တိုင်းဒေသကြီး/ပြည်နယ်မှ ရွေးကောက်ခံ ကိုယ်စားလှယ်များသည် ပညာရေးမူဝါဒကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သည်။

(ခ) တိုင်းဒေသကြီး/ပြည်နယ်အစိုးရတစ်ရပ်၏ ရွေးကောက်ခံကိုယ်စားလှယ်များသည် ကျန်းမာရေးဝန်ဆောင်မှုများနှင့် ပတ်သက်၍ ရွေးကောက်တင်မြှောက်ခံရသည့် ဒေသက ဒေသခံများကို ဆွေးနွေးတိုင်ပင်ပြီး ၎င်းတို့၏ ဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြသည်။

(ဂ) တိုင်းဒေသကြီး/ပြည်နယ်အစိုးရတစ်ရပ်၏ ရွေးကောက်ခံကိုယ်စားလှယ်များသည် ၎င်းတို့၏ တိုင်းဒေသကြီး/ပြည်နယ်တွင် လမ်းများ ဖောက်လုပ်ခြင်းနှင့် ပတ်သက်၍ ၎င်းတို့၏ ဆုံးဖြတ်ချက်များကို ဗဟိုအစိုးရထံ ရှင်းလင်းတင်ပြသည်။

(ဃ) ဗဟိုအစိုးရမှ ရွေးကောက်ခံကိုယ်စားလှယ်များက ၎င်းတို့၏ အခွန်မူဝါဒ အပြောင်းအလဲများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရတစ်ရပ်အား ရွေးကောက်တင်မြှောက်ထားသည့် ပြည်သူများအား ရှင်းလင်းတင်ပြသည်။

# ၃.၇ | လုပ်ဆောင်ချက်

**ရည်ရွယ်ချက်** – သင်တန်းသားများသည် အာရှရှိ ဖယ်ဒရယ်နိုင်ငံများ၏ အာဏာခွဲဝေမှုဆိုင်ရာ ဇယားကို အကျယ်တဝင့် ဆွေးနွေးကြစေရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများ တစ်ဦးချင်းလုပ်ဆောင်ကြရန်၊ ထို့နောက်တွင် နှစ်ယောက်တစ်ဖွဲ့၊ အဖွဲ့လိုက်၊ နောက်ဆုံးတွင် အတန်းလိုက် လုပ်ဆောင်ကြရမည်။ အွန်လိုင်းအဖွဲ့များသည် breakout room များ လိုအပ်သည်။ သင်တန်းသားအားလုံး ဘုတ် သို့မဟုတ် ဆလိုက် ၃.၇.၂ ကို မြင်နိုင်စေရန် ပြုလုပ်ရမည်။

**ပြင်ဆင်ရန်** – မေးခွန်းကို ဘုတ်ပေါ်တွင်ရေးပါ သို့မဟုတ် ဆလိုက်၃.၇.၂ ကို ပြပါ။

## သင်တန်းသားများအတွက် မေးခွန်းများ

ဇယားရှိ အချက်အလက်များအပေါ် အခြေခံ၍ –

၁။ မည်သည့်နိုင်ငံနှစ်ခုက အာဏာအများဆုံး (ဇယားမှာ ဖော်ပြထား) ကို တိုင်းဒေသကြီး/ပြည်နယ်များဆီ ခွဲဝေပေးသနည်း။

၂။ တိုင်းဒေသကြီး/ပြည်နယ်များတွင် ခွဲဝေချထားပေးသည့် အာဏာများအနက် မည်သည့်အာဏာကို ဗဟိုတွင် အများဆုံးထားရှိလေ့ရှိသနည်း။

၃။ အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်း။

၄။ တိုင်းဒေသကြီး/ပြည်နယ်များသို့ ခွဲဝေပေးသည့် မည်သည့်အာဏာတွင် တစ်ခါတစ်ရံ၌ ပါဝင်ရမည့်အရာ ခြွင်းချက်ရှိသနည်း။ ခြွင်းချက်များမှာ အဘယ်သို့နည်း။

၅။ အဘယ်ကြောင့် ဤသို့ဖြစ်သနည်း။

## ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း | ညွှန်ကြားချက်များ

၁။ သင်တန်းသားများအား မေးခွန်းများကို ဖြေဆိုခိုင်းပါ။

၂။ အဖွဲ့သုံးဖွဲ့ သို့မဟုတ် ခြောက်ဖွဲ့တွင် သင်တန်းသားများအား ၎င်းတို့၏ အဖြေများကို ဆွေးနွေးခိုင်းပါ။

၃။ အဖွဲ့တစ်ဖွဲ့စီသည် မေးခွန်း ၃ သို့မဟုတ် ၅ အတွက် ၎င်းတို့၏ အဖြေများထဲမှ တစ်ခုကို အတန်းသို့ တင်ပြခိုင်းပါ။

၄။ အတန်းလိုက် အဖြေများကို ဆွေးနွေးခိုင်းပါ။

## အဖြေများ

၁။ ပါကစ္စတန်နှင့် သီရိလင်္ကာ

၂။ အခွန်ကောက်ခံခြင်းနှင့် ဝင်ငွေများသည် ဗဟိုအဆင့်တွင် ထားရှိလေ့ရှိသော အာဏာများဖြစ်သည်။

## ဖြစ်နိုင်ခြေရှိသော အဖြေများ

၃။
- လူများသည် ကွဲပြားခြားနားသော တိုင်းဒေသကြီး/ပြည်နယ်များကြားတွင် ရွှေ့ပြောင်းအလုပ်လုပ်ကြသောကြောင့် ဗဟိုမှ တစ်ဦးချင်းအခွန်များ ကောက်ခံရန် လိုအပ်ပါသည်။
- အချို့သော တိုင်းဒေသကြီး/ပြည်နယ်များသည် အခြား တိုင်းဒေသကြီး/ပြည်နယ်များထက် အခွန်နှင့် ဝင်ငွေ ပိုမိုစုဆောင်းနိုင်သည်။
- ဗဟိုအစိုးရသည် အခွန်နှင့် ဝင်ငွေအများစုကို စုဆောင်းပါက၊ ၎င်းတို့ကို တိုင်းဒေသကြီး/ပြည်နယ်များကြားတွင် အညီအမျှ ပြန်လည်ဖြန့်ဝေနိုင်သည်။
- တိုင်းဒေသကြီး/ပြည်နယ်တစ်ခုချင်းစီသည် အခွန်နှင့် ဝင်ငွေ အများစုကို ကောက်ခံထိန်းသိမ်းထားပါက အချို့သော တိုင်းဒေသကြီး/ပြည်နယ်များက အခြားသူများထက် ပိုမိုအားကောင်းလာနိုင်ပြီး မညီမျှမှုများကို ဖြစ်စေတတ်သည်။

## အဖြေများ

၄။ အဓိက သဘာဝအရင်းအမြစ်များအတွက် ခြွင်းချက် အချို့ရှိသည်။ အဆိုပါ ခြွင်းချက်များမှာ ရေနံ၊ ဓာတ်သတ္တုနှင့် တွင်းထွက်များဖြစ်သည်။

## ဖြစ်နိုင်ခြေရှိသော အဖြေများ

၅။
- ရေနံနှင့် ဓာတ်သတ္တုများသည် ဝင်ငွေများစွာ ထွက်ရှိနိုင်သော အဖိုးတန်အရင်းအမြစ်များ ဖြစ်သည်။
- ဗဟိုအစိုးရသည် သဘာဝအရင်းအမြစ်များ ထုတ်ယူမှုနှင့် လူများ၊ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို စီမံခန့်ခွဲနိုင်သည်။
- ဗဟိုအစိုးရသည် သဘာဝအရင်းအမြစ်များမှ ကြွယ်ဝချမ်းသာမှုကို တိုင်းဒေသကြီး/ပြည်နယ်များကြားတွင် ပိုမိုအညီအမျှ မျှဝေနိုင်သည်။

# ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

## သင်တန်းသားများအတွက် မေးခွန်းများ

ဖက်ဒရယ်စနစ်ဒီဇိုင်း ရေးဆွဲရာတွင် အာဏာခွဲဝေမှုနှင့် ပတ်သက်၍ အရေးကြီးဆုံးအချက်မှာ မည်သည့်အရာ ဖြစ်သည်ဟု သင်ယုံကြည်သနည်း။

## ဖြစ်နိုင်ခြေရှိသော အဖြေများ

- ဆုံးဖြတ်ချက်ချပိုင်ခွင့်များကို ထိုဆုံးဖြတ်ချက်များကြောင့် ထိခိုက်နစ်နာသူများကို ကိုယ်စားပြုသော အစိုးရအဆင့်က ချုပ်ကိုင်ထားသင့်သည်။ ကိုယ်စားလှယ်များသည် ၎င်းတို့ တာဝန်ယူရသော ပြည်သူများအပေါ် သက်ရောက်မှုရှိသော ဆုံးဖြတ်ချက်များသာ ချမှတ်သင့်ပြီး ဒေသအဆင့်တွင် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်သော ဆုံးဖြတ်ချက်များကို အထက်အစိုးရအဆင့်က မချမှတ်သင့်ပေ။
- ပြည်နယ်များတွင် အထိရောက်ဆုံး အသုံးပြုနိုင်သည့် အာဏာများသာ ရှိသင့်သည်။
- ရဲ၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေးနှင့် ကျန်းမာရေး ကဲ့သို့သော အချို့သော အာဏာများသည် ပိုအရေးကြီးသောကြောင့် ယင်းကို ဂရုတစိုက် ခွဲဝေသင့်သည်။
- ဖက်ဒရယ်ပြည်ထောင်စုကြီးတစ်ခုလုံး မည်မျှ စည်းလုံးညီညွတ်မှု ရှိသည်ဆိုသောအချက်က တိုင်းဒေသကြီး/ပြည်နယ်များထံ အာဏာမည်မျှ ခွဲဝေပေးမည်ကို သက်ရောက်မှုရှိမည်ဖြစ်သည်။
- နိုင်ငံတစ်ဝှမ်း တစ်သမတ်တည်းရှိစေရန် လိုအပ်သည့် အာဏာများ သို့မဟုတ် အခြားနိုင်ငံများနှင့် ဆက်ဆံရေးတွင် ပါဝင်သည့် အာဏာများသည် ဗဟိုအစိုးရထံရှိနေရန် လိုအပ်ပါသည်။

ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း **ညွှန်ကြားချက်များ**

၁။ အဖွဲ့လိုက် သို့မဟုတ် အတန်းလိုက် သင်တန်းသားများသည် ဆွေးနွေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းမှ မေးခွန်းကို ဆွေးနွေးရမည်။ (၎င်းသည် ဆလိုက် ၃.၇.၃ တွင် ပါရှိသည်)။

- သို့မဟုတ် သင်တန်းသားများအား ၎င်းတို့၏ တုံ့ပြန်ချက်များကို အီလက်ထရွန်းနစ် ဘုတ် သို့မဟုတ် bulletin board ပေါ်တွင် ရေးခိုင်းပါ။

# ၃.၈ ဖက်ဒရယ်စနစ် မြန်မာနိုင်ငံ၏ အာဏာခွဲဝေမှု

## ၃.၈ | သင်ခန်းစာအကြို

**ရည်ရွယ်ချက်** – သင်တန်းသားများသည် ဖယ်ဒရယ် မြန်မာနိုင်ငံတွင် ပညာရေးအတွက် ရွေးချယ်ခွင့်များနှင့် ပတ်သက်ပြီး စကားရည်လုခြင်း ဆောင်ရွက်ကြစေရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများ အတန်းလိုက် လုပ်ဆောင်ကြရန်။

**ပြင်ဆင်ရန်** – မေးခွန်းကို ဘုတ်ပေါ်တွင်ရေးပါ သို့မဟုတ် ဆလိုက် ၃.၈.၁ ကိုပြပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပညာရေးကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရထံ ခွဲဝေပေးသင့်သလား၊ ဗဟိုအစိုးရထံ ခွဲဝေပေးသင့်သလား သို့မဟုတ် ၎င်းတို့သည် တစ်ပြိုင်နက်တည်း ကျင့်သုံးသင့်သည့် လုပ်ပိုင်ခွင့်အာဏာများ ရှိသင့်ပါသလား။

ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း | **ညွှန်ကြားချက်များ**

အတန်းလိုက် မေးခွန်းကို ဆွေးနွေးပါ။ သင်တန်းသားများထံမှ အဖြေများကို မေးမြန်းထုတ်ယူပါ။

သင်တန်းသားများက အပိုင်း ၃.၈ အဆုံးထိ ဖတ်ရမည်။

## ၃.၈ | လေ့ကျင့်ခန်း

**ရည်ရွယ်ချက်** – အပိုင်း ၃.၈ ရှိ အဓိကသဘောတရားများကို မိမိတို့ နားလည်မှုရှိမရှိ သင်တန်းသားများက စစ်ဆေးစေရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများ တစ်ဦးချင်းလုပ်ဆောင်ကြရန်။

**ပြင်ဆင်ရန်** – အဆိုပြုချက်များကို ဘုတ်တစ်ခုပေါ်တွင် ရေးပါ သို့မဟုတ် ဆလိုက် ၃.၈.၂ ကို ပြသပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

အောက်ပါအဆိုများသည် ပြည်ထောင်စုအဆင့်တွင် အာဏာအများစုရှိစေရေးကို ထောက်ခံသလား၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် အာဏာအများစုရှိစေရေးကို ထောက်ခံသလား အမျိုးအစားခွဲခြားပါ။

၁။ အစိုးရများနှင့် ၎င်းတို့၏ ဆုံးဖြတ်ချက်များကြောင့် ထိခိုက်ခံစားရသူများသည် အချင်းချင်း ပိုမိုနီးကပ်လာမည်ဖြစ်သည်။

၂။ လေ့ကျင့်သင်ကြားပြီး အတွေ့အကြုံရှိထားသူများ မရှိခြင်း၊ သို့မဟုတ် လုံလောက်သော အရင်းအမြစ်များ မရှိခြင်း။

၃။ တိုင်းပြည်ကို စုစည်းထားစေနိုင်သည်။

၄။ အချို့သော ဒေသများရှိ လူများသည် ၎င်းတို့၏ ကိုယ်ပိုင်အရင်းအမြစ်များကို ထိန်းချုပ်သည့် သမိုင်းရှိကြသည်။

၅။ ပိုမိုကြီးမားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ရယူရန် လက်နက်ကိုင်အဖွဲ့များအား တွန်းအားပေးမည်ဖြစ်သည်။

၆။ ပြည်နယ်/တိုင်းဒေသကြီးများသည် ၎င်းတို့ လက်ရှိပိုင်ဆိုင်ထားသော အာဏာအားလုံးကို အသုံးမပြုပါ။

၇။ အချို့သောဒေသများနှင့် လူမျိုးများသည် ယခင်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိခဲ့သည်။

၈။ အချို့သောဒေသများတွင် တည်ဆဲလွတ်လပ်သော အုပ်ချုပ်ရေးများရှိသည်။

### ပုံမှန်စာသင်ခန်းတွင်း / အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ

အဆိုများကို ပြည်ထောင်စုအဆင့်တွင် အာဏာအများစုရှိစေရေး ထောက်ခံသောအချက်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် အာဏာအများစုရှိစေရေး ထောက်ခံသောအချက်ဟူ၍ သင်တန်းသားများက အမျိုးအစား ခွဲခြားရမည်။

### အဖြေများ

ဗဟို ပြည်ထောင်စုအဆင့်တွင် အာဏာအများစုရှိစေရေး – ၂၊ ၃၊ ၅၊ ၆၊

တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် အာဏာအများစု ရှိစေရေး – ၁၊ ၄၊ ၇၊ ၈

# ၃.၈ | လုပ်ဆောင်ချက်

အပြန်အလှန် ဆွေးနွေးပြောဆိုရန် ဆွေးနွေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းမှ မေးခွန်းများကို အသုံးပြုပါ။

**ရည်ရွယ်ချက်** – သင်တန်းသားများသည် ဖက်ဒရယ်စနစ် အာဏာခွဲဝေရေးတွင် မတူညီသောအချက်များ၏ အရေးပါမှုကို အကဲဖြတ်စစ်ဆေးရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများသည် နှစ်ယောက်တွဲ၊ အဖွဲ့လိုက် သို့မဟုတ် အတန်းလိုက် လုပ်ဆောင်ကြရန်ဖြစ်သည်။ အွန်လိုင်းအဖွဲ့များသည် breakout room များနှင့် ဒစ်ဂျစ်တယ်ပိုက်ဘုတ်တစ်ခု လိုအပ်သည်။

**ပြင်ဆင်ရန်** – မေးခွန်းကို ဘုတ်ပေါ်တွင်ရေးပါ သို့မဟုတ် ဆလိုက် ၃.၈.၃ ကိုပြပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

မြန်မာနိုင်ငံတွင် အောက်ပါအာဏာအသီးသီးကို ဗဟိုအစိုးရမှ ရယူသင့်သလား၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ရယူသင့်သလား သို့မဟုတ် ၎င်းတို့ကြားတွင် ခွဲဝေပေးသင့်ပါသလား။ အဘယ်ကြောင့်နည်း။

- တရားဥပဒေစိုးမိုးရေး
- သဘာဝအရင်းအမြစ်များ
- အခွန်ကောက်ခံခြင်း။
- ပညာရေး
- ကျန်းမာရေး
- ဘာသာစကား
- ယဉ်ကျေးမှု
- ပတ်ဝန်းကျင်

## ပုံမှန်စာသင်ခန်းတွင်း ညွှန်ကြားချက်များ

၁။ နှစ်ယောက်တစ်ဖွဲ့ သင်တန်းသားများအား စာရင်းရှိ အာဏာများထဲမှ နှစ်ခုကို ရွေးချယ်စေပြီး အာဏာတစ်ခုချင်းစီကို ဗဟိုတွင် ရှိသင့်သည်လား တိုင်းဒေသကြီး/ပြည်နယ်များထံ ခွဲဝေပေးသင့်သည်လား ဆွေးနွေးခိုင်းပါ။

၂။ နှစ်ယောက်တွဲ အဖွဲ့များသည် အခြားအတွဲနှင့် ပူးပေါင်းပြီး ၎င်းတို့၏ ရွေးချယ်မှုများကို ရှင်းပြခိုင်းပါ။

၃။ အဖွဲ့များကို ၎င်းတို့စာရင်းတွင် မပါရှိသော အာဏာတစ်ခုကို ထည့်သွင်းစဉ်းစားရမည်။ အာဏာကို ဗဟိုမှ ရယူသင့်သလား။ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ခွဲဝေသင့်သလား ဆုံးဖြတ်စေပါ။

၄။ အဖွဲ့များအား ၎င်းတို့၏ စာရင်းမှ အာဏာများ အားလုံးကို လည်းကောင်း၊ ၎င်းတို့ ရွေးချယ်ထားသည့် အာဏာတစ်ခုကို လည်းကောင်း ဗဟို သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်များသို့ မည်သည့်အကြောင်းကြောင့် ခွဲဝေသင့်သည်ကို အတန်းသို့ တင်ပြခိုင်းပါ။

၅။ ဆရာဆောင်ရွက်လိုပါက တင်ပြချက်တစ်ခုစီကို အတန်းလိုက် ဆွေးနွေးမှု ထပ်မံဆောင်ရွက်ခိုင်းပါ။

## အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ

၁။ အဖွဲ့အလိုက် သင်တန်းသားများက စာရင်းမှ အာဏာနှစ်ခု ရွေးချယ်စေပြီး အာဏာတစ်ခုချင်းစီကို ဗဟိုတွင် ရှိသင့်သည်လား တိုင်းဒေသကြီး/ပြည်နယ်များထံ ခွဲဝေပေးသင့်သည်လား ဆွေးနွေးရမည်။

၂။ အဖွဲ့များကို ဤစာရင်းတွင်မပါသော အာဏာတစ်ခုကို ထည့်သွင်းစဉ်းစားရမည်။ အာဏာကို ဗဟိုက ရယူသင့်သလား။ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ခွဲဝေသင့်သလား ဆုံးဖြတ်စေပါ။

ဒစ်ဂျစ်တယ်ဘုတ်ပေါ်တွင် ၎င်းတို့၏ စိတ်ကူးများကို မှတ်စုများ ပြုလုပ်ခိုင်းပါ။

၃။ အဖွဲ့များအား ၎င်းတို့၏ စာရင်းမှ အာဏာများအားလုံးကို လည်းကောင်း၊ ၎င်းတို့၏ ရွေးချယ်ထားသည့် အာဏာတစ်ခုကို လည်းကောင်း ဗဟို သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်များသို့ မည်သည့် အကြောင်းကြောင့် ခွဲဝေသင့်သည်ကို အတန်းသို့ တင်ပြခိုင်းပါ။

# ၃.၉ ရွေးကောက်ပွဲစနစ်များနှင့် ဖက်ဒရယ်ပုံစံ

## ၃.၉ | သင်ခန်းစာအကြို

**ရည်ရွယ်ချက်** – ရွေးကောက်ပွဲစနစ်နှင့် ပတ်သက်၍ သင်တန်းသားများ ယခင်သိထားသည့် အသိများကို အသုံးချနိုင်စေရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများသည် အတန်းလိုက် လုပ်ဆောင်ကြရန်။

**ပြင်ဆင်ရန်** – မေးခွန်းကို ဘုတ်ပေါ်တွင်ရေးပါ သို့မဟုတ် ဆလိုက် ၃.၉.၁ ကိုပြပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

ရွေးကောက်ပွဲစနစ်များသည် ဖက်ဒရယ် ဒီမိုကရေစီစနစ် အတွက် အဘယ်ကြောင့် အရေးပါသနည်း။

### ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း | ညွှန်ကြားချက်များ

သင်တန်းသားများသည် ရွေးကောက်ပွဲများ အရေးပါရသည့် အကြောင်းအရင်းများကို စဉ်းစားရမည်။ မြန်မာနိုင်ငံ၏ ၂၀၂၀ ရွေးကောက်ပွဲအကြောင်း သို့မဟုတ် ၎င်းတို့ ပါဝင်ဆင်နွှဲခဲ့ဖူးသည့် ရွေးကောက်ပွဲအကြောင်းများ မေးခြင်းဖြင့် သင်တန်းသားများဆီမှ တုံ့ပြန်မှုများကို မေးမြန်းထုတ်ယူရမည်။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

- ရွေးကောက်ပွဲများသည် လွှတ်တော်တွင် ကိုယ်စားပြုမည့် ကိုယ်စားလှယ်များကို ရွေးချယ်ပေးသည်။
- ရွေးကောက်ပွဲများသည် မည်သူက ကိုယ်စားလှယ်နေရာ အများဆုံးရ၍ အစိုးရဖွဲ့နိုင်မည်ကို ဆုံးဖြတ်ပေးသည်။
- ဖက်ဒရယ်စနစ်တွင် ရွေးကောက်ပွဲများသည် ဗဟို အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဟူ၍ အဆင့်ဆင့်ကျင်းပရသည်။
- ရွေးကောက်ပွဲရလဒ်များနှင့် အစိုးရကို ပြည်သူများမှ ယုံကြည်မှု ရှိစေရန်အတွက် ရွေးကောက်ပွဲစနစ်များ သည် ယုံကြည်စိတ်ချမှုပေးနိုင်ရန် လိုအပ်သည်။

သင်တန်းသားများအား အပိုင်း ၃.၉ အဆုံးအထိ ဖတ်ရမည်။

## ၃.၉ | လေ့ကျင့်ခန်း

**ရည်ရွယ်ချက်** – အပိုင်း ၃.၉ တွင် ပါဝင်သည့် အဓိက သဘောတရားများကို သင်တန်းသားများ မိမိတို့၏ နားလည်မှုကို စစ်ဆေးနိုင်စေရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများ တစ်ဦးချင်း လုပ်ဆောင်ကြရန်။ သင်တန်းသားအားလုံးတွင် လက်ကမ်းစာစောင်တစ်ခုရှိရမည်။

**ပြင်ဆင်ရန်** – လက်ကမ်းစာစောင် ၃.၉ ၏ မိတ္တူ။ (တစ်ဖက်စာမျက်နှာ)

ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း | **ညွှန်ကြားချက်များ**

၁။ သင်တန်းသားများအား ပေးထားသည့် သဘောတရားများကို ၎င်းတို့၏ သက်ဆိုင်ရာ ဖော်ပြချက်များနှင့် တွဲခိုင်းပါ။

၂။ သင်တန်းသားများအား အသင့်တော်ဆုံးအဖြေကို ရွေးချယ်ပေးရမည်။

**အဖြေများ**

၁။ (က) ၃ (ခ) ၄ (ဂ) ၆ (ဃ) ၅ (င) ၁ (စ) ၂

၂။ (က) ၂ (ခ) ၄

# လက်ကမ်းစာစောင် ၃.၉

၁။ အောက်တွင်ပေးထားသည့် (က – စ) ရှိ ဝေါဟာရများကို (၁ – ၆) ရှိ ၎င်းတို့နှင့် သက်ဆိုင်သော ဖော်ပြချက်များနှင့် တွဲပေးပါ။

(က) ရွေးကောက်ပွဲစနစ်များ

(ခ) ရွေးကောက်ပွဲများ

(ဂ) 'အများဆုံးရသူနိုင်စနစ်' နှင့် 'အချိုးကျကိုယ်စားပြုစနစ်'

(ဃ) မဲအများဆုံးရသူ အနိုင်ရစနစ် (FPTP)

(င) အချိုးကျကိုယ်စားပြုစနစ် (PR)

(စ) အချိုးကျရောနှောကိုယ်စားပြုစနစ် (MMP)

၁။ နိုင်ငံရေးပါတီများ၏ မဲရရှိမှုအပေါ်မူတည်၍ ၎င်းတို့အား လွှတ်တော်တွင် ကိုယ်စားပြုနေရာ ခွဲဝေပေးခြင်း

၂။ ကိုယ်စားလှယ်လောင်းအတွက် ဆန္ဒမဲတစ်ခုနှင့် နိုင်ငံရေးပါတီအတွက် ဆန္ဒမဲတစ်ခု

၃။ ဖက်ဒရယ်စနစ်၏ အရေးပါသောအပိုင်း

၄။ လွှတ်တော်တွင် နိုင်ငံရေးပါတီအသီးသီးမှ ရရှိမည့် ကိုယ်စားပြုနေရာကို ဆုံးဖြတ်ပေးခြင်း

၅။ မဲဆန္ဒနယ်တစ်ခုတွင် မဲအများဆုံးရသော အနိုင်ရကိုယ်စားလှယ်လောင်း

၆။ ရွေးကောက်ပွဲစနစ်၏ အဓိကအမျိုးအစားများ

၂။ အောက်ပါဝါကျများကို သင့်တော်ရာ ဖော်ပြချက်များနှင့် ဖြည့်စွက်ပါ။

(က) အများဆုံးရသူနိုင်စနစ်၏ ဆိုးကျိုးတစ်ချက်မှာ

၁။ ပါတီငယ်များသည် အလွန်များပြားလှသော ဩဇာလွှမ်းမိုးမှု ရရှိနိုင်ပေသည်။

၂။ အနိုင်ရကိုယ်စားလှယ်လောင်း မရရှိသော ဆန္ဒမဲများသည် အသုံးမဝင်တော့ပေ။

၃။ မဲဆန္ဒရှင်များသည် ၎င်းတို့၏ ဆန္ဒမဲနှစ်ခုကို ၎င်းတို့၏ မဲဆန္ဒနယ်နှင့် နိုင်ငံရေးပါတီတစ်ခုအတွက် ခွဲဝေရပေသည်။

၄။ မဲဆန္ဒနယ်များတွင် ရွေးကောက်ခံရသော ကိုယ်စားလှယ်များသာ လွှတ်တော်သို့ တက်ရောက်ရမည့် ပါတီကိုယ်စားပြု စာရင်းတွင် ပါဝင်ပေသည်။

(ခ) အချိုးကျကိုယ်စားပြုစနစ်၏ ဆိုးကျိုးတစ်ချက်မှာ

၁။ မဲဆန္ဒနယ်တစ်ခုစီမှ ရွေးကောက်ခံရသော ကိုယ်စားလှယ်လောင်းများသာ လွှတ်တော်တွင် ကိုယ်စားပြုရမည့် ကန့်သတ်ချက်ရှိပေသည်။

၂။ ပါတီကြီးများသာ အစိုးရအဖွဲ့တွင် ပါဝင်ခွင့်ရစေရန် လုံလောက်သော ဆန္ဒမဲကို ရရှိနိုင်ပေသည်။

၃။ အနိုင်ရသူ အားလုံးယူစနစ်ဖြစ်၍ ဆန္ဒမဲအမြောက်အမြား အလေအလွင့်ဖြစ်ရသည်။

၄။ ပါတီငယ်များ အစိုးရအဖွဲ့တွင် အလွန်များပြားသော ဩဇာလွှမ်းမိုးမှုရရှိသည့် ညွန့်ပေါင်းဖွဲ့သည့် အခြေအနေတစ်ရပ် ဖြစ်ပေါ်လာနိုင်သည်။

## ၃.၉ | လုပ်ဆောင်ချက်

အပြန်အလှန် ဆွေးနွေးပြောဆိုရန် ဆွေးနွေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းမှ မေးခွန်းများကို အသုံးပြုပါ။

**ရည်ရွယ်ချက်** – သင်တန်းသားများ ရွေးကောက်ပွဲစနစ် အသီးသီးကို အကဲဖြတ်စေရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများသည် အဖွဲ့လိုက်နှင့် တစ်ဦးချင်းစီ လုပ်ဆောင်ရန်။ အွန်လိုင်း သင်တန်းများတွင် breakout rooms နှင့် အွန်လိုင်းမှ ဆန္ဒကောက်ခံသည့် နည်းလမ်းများ (online polling facilities များ) လိုအပ်သည်။

**ပြင်ဆင်ရန်** – ရွေးကောက်ပွဲစနစ် (၃) မျိုးကို အွန်လိုင်းမှ ဆန္ဒကောက်ခံသည့် နည်းလမ်းများဖြင့် မဲပေးရန် ပြင်ဆင်ရမည်။ မေးခွန်းများကို ဘုတ်ပေါ်တွင် ရေးသားထားပါ၊ သို့မဟုတ် ဆလိုက် ၃.၉.၂ ကို ပြသပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

အထက်တွင် ဖော်ပြထားသည့် ရွေးကောက်ပွဲစနစ်များ အနက် မည်သည့်စနစ်ကို သင်ပို၍ နှစ်သက်ပါသနည်း။ အဘယ်ကြောင့်နည်း။

### ပုံမှန်စာသင်ခန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများအား ရွေးကောက်ပွဲစနစ်သုံးခုနှင့် ၎င်းစနစ်တစ်ခုစီကို ထောက်ခံအားပေးရသည့် အကြောင်းအရင်းများ သို့မဟုတ် မထောက်ခံရသည့် အကြောင်းအရင်းများကို အဖွဲ့ခွဲ၍ ဆွေးနွေးခိုင်းပါ။

၂။ သင်တန်းသားများဆီမှ ရွေးကောက်ပွဲစနစ်သုံးခုကို ထောက်ခံအားပေးရသည့် အကြောင်းအရင်းများ ထွက်လာအောင် မေးမြန်းထုတ်ယူပါ။

၃။ သင်တန်းသားများ အနှစ်သက်ဆုံး ရွေးကောက်ပွဲစနစ်ကို ရွေးချယ်ရာတွင် မဲအများဆုံးက အနိုင်ရသည့်စနစ် 'FPTP' မဲပေးစနစ်ကို အသုံးပြုပါ။

၄။ ဆန္ဒမဲများကို ရေတွက်၍ ရလဒ်ကိုပြသကာ အတန်းတစ်ခုလုံး နှင့် ဆွေးနွေးပါ။

### အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများ ရွေးကောက်ပွဲစနစ်သုံးခုနှင့် ၎င်းစနစ် တစ်ခုစီကို ထောက်ခံအားပေးရသည့် အကြောင်းအရင်းများ သို့မဟုတ် မထောက်ခံရသည့် အကြောင်းအရင်းများကို အဖွဲ့ခွဲ၍ ဆွေးနွေးခိုင်းပါ။

၂။ သင်တန်းသားများဆီမှ ရွေးကောက်ပွဲစနစ်သုံးခုကို ထောက်ခံအားပေးရသည့် အကြောင်းအရင်းများ ထွက်လာအောင် မေးမြန်းထုတ်ယူပါ။

၃။ သင်တန်းသားများ အနှစ်သက်ဆုံး ရွေးကောက်ပွဲစနစ်ကို ရွေးချယ်ရာတွင် မဲအများဆုံးက အနိုင်ရသည့်စနစ် 'first past the post' မဲပေးစနစ်ကို အသုံးပြုပါ။

၄။ မဲရလဒ်များကို ပြသ၍ အတန်းတစ်ခုလုံးနှင့် ဆွေးနွေးပါ။

# ၃.၁၀ မြန်မာနိုင်ငံရှိ ရွေးကောက်ပွဲစနစ်များ

## ၃.၁၀ | သင်ခန်းစာအကျဉ်း

**ရည်ရွယ်ချက်** – သင်တန်းသားများ မြန်မာ့ရွေးကောက်ပွဲစနစ်၏ အကြောင်းနှင့်အကျိုးကို သုံးသပ်စဉ်းစားကြစေရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများ အတန်းလိုက် လုပ်ဆောင်ကြရန်။ သင်တန်းသားများ၏ တုံ့ပြန်ဆွေးနွေးချက်များကို အားလုံးဖတ်၍ ပြီးသည်အထိ ဘုတ်ပေါ်တွင် ထားရမည်။

**ပြင်ဆင်ရန်** – မေးခွန်းကို ဘုတ်ပေါ်တွင် ရေးသားထားပါ သို့မဟုတ် ဆလိုက် ၃.၁၀.၁ ကို ပြသပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

မြန်မာနိုင်ငံ၏ အနိုင်ရသူအားလုံးယူ ရွေးကောက်ပွဲစနစ်တွင် အောက်ပါ ပါတီများအတွက် မည်သည့် အကျိုးဆက်များ ရှိခဲ့သနည်း။

- ပါတီကြီးများ
- လူမျိုးစုပါတီများ

ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း

### ညွှန်ကြားချက်များ

၁။ သင်တန်းသားများအား မြန်မာ့ရွေးကောက်ပွဲစနစ်၏ အကျိုးသက်ရောက်မှုများကို အတန်းလိုက် ပါဝင်ဆွေးနွေးရမည်။ သင်တန်းသားများ၏ တုံ့ပြန်ဆွေးနွေးမှုများကို ဘုတ်ပေါ်တွင် ရေးသားပါ။

၂။ သင်တန်းသားများအား အပိုင်း ၃.၁၀ ကို ဖတ်ပြီးသည့်နောက်တွင် ၎င်းတို့ပေးခဲ့သော အဖြေများကို ပြန်လည်သုံးသပ်ရမည်။ ၎င်းတို့၏ ထင်မြင်ချက်များသည် စာပိုဒ်ပါ အချက်အလက်များနှင့် တူညီမှု ရှိပါသလား။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

- ၂၀၁၀တွင် USDP နှင့် ၂၀၁၅ နှင့် ၂၀၂၀ တွင် NLD တို့ကဲ့သို့ ပါတီကြီးများသည် ပြည်ထောင်စုလွှတ်တော်ကို လွှမ်းမိုးခဲ့သည်။
- ဗမာဒေသ ၇ ခုနှင့် လူမျိုးစုပါတီငယ်များစွာရှိနေသည့် လူမျိုးစုဒေသ ၇ ခု ဟူ၍ ရှိသောကြောင့် အမျိုးသားလွှတ်တော်တွင်လည်း ပါတီကြီးများသာ လွှမ်းမိုးမှု ရှိခဲ့သည်။
- လူမျိုးစုပါတီများသည် အများဆုံးရသူနိုင်စနစ်တွင် ကိုယ်စားလှယ်နေရာရရှိရန် ရုန်းကန်ခဲ့ရသည်။

သင်တန်းသားများက အပိုင်း ၃.၁၀ အဆုံးအထိ ဖတ်ရမည်။

## ၃.၁၀ | လေ့ကျင့်ခန်း

**ရည်ရွယ်ချက်** – အပိုင်း ၃.၁၀ တွင် ပါဝင်သော အဓိက သဘောတရားများကို သင်တန်းသားများ မိမိတို့ နားလည်မှုကို စစ်ဆေးနိုင်ကြစေရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများ တစ်ဦးချင်း လုပ်ဆောင်ကြရန်။ သင်တန်းသားအားလုံးတွင် လက်ကမ်းစာစောင်တစ်ခု ရှိရမည်။

**ပြင်ဆင်ရန်** – လက်ကမ်းစာစောင် ၃.၁၀ ၏ မိတ္တူ (နောက်စာမျက်နှာတွင်ရှိ)။

ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း | **ညွှန်ကြားချက်များ**

သင်တန်းသားများက အသင့်တော်ဆုံး အဖြေများအား ရွေးချယ်ခိုင်းပါ။

**အဖြေများ**

၁။ ခ

၂။ ဂ

၃။ ဂ

၄။ ခ

၅။ က

၆။ ဂ

# လက်ကမ်းစာစောင် ၃.၁၀

၁။ အောက်ပါတို့အနက် မည်သည်က မြန်မာနိုင်ငံတွင် ယခင်က အသုံးပြုခဲ့သည့် ရွေးကောက်ပွဲစနစ်ဖြစ်သနည်း။

(က) အချိုးကျကိုယ်စားပြုစနစ် (PR)
(ခ) အနိုင်ရသူအားလုံးယူစနစ် (FPTP)
(ဂ) အချိုးကျရောနှောကိုယ်စားပြုစနစ် (MMP)
(ဃ) ဝန်ကြီးချုပ်များခန့်ထားခြင်း

၂။ အောက်ပါလူဦးရေနှင့်ဆိုင်သည့် အချက်များအနက် မည်သည်က ယခင်မြန်မာ့ရွေးကောက်ပွဲများတွင် မမျှတသည့် ရွေးကောက်ပွဲရလဒ်များ ထွက်ပေါ်စေခဲ့သနည်း။

(က) ခန့်မှန်းခြေ ၅၃ သန်းရှိသော မြန်မာ့လူဦးရေ အရွယ်အစား
(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်အရေအတွက်
(ဃ) မဲဆန္ဒနယ်များ၏ လူဦးရေအရွယ်အစား လွန်စွာကွာဟမှု
(ဃ) လွှတ်တော်အသီးသီးရှိ လွှတ်တော်အဖွဲ့ဝင် အရေအတွက်

၃။ အောက်ပါတို့အနက် မည်သည့်အချက်သည် လူမျိုးစုပါတီများအတွက် ယခင်ရွေးကောက်ပွဲများတွင် အားနည်းချက် ဖြစ်စေခဲ့သနည်း။

(က) ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးရှိ မြို့နယ် တစ်ခုစီအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များတွင် ကိုယ်စားပြုနှစ်နေရာရှိနေခြင်း
(ခ) ၂၀၁၄ခုနှစ်တွင် USDP ပါတီမှ တင်သွင်းခဲ့သည့် အချိုးကျကိုယ်စားပြုစနစ် အဆိုတင်သွင်းလွှာ
(ဂ) လူမျိုးစုပါတီငယ် အများအပြားသည် တူညီသော လူမျိုးစုမဲဆန္ဒရှင်များအတွက် ယှဉ်ပြိုင်ကြခြင်း
(ဃ) ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များအတွက် ရွေးကောက်ပွဲများကို တစ်ချိန်တည်းကျင်းပခြင်း

၄။ အောက်ပါတို့အနက် မည်သည်က မြန်မာနိုင်ငံတွင် PR စနစ်ကို အသုံးပြုရန် ထောက်ခံသောအချက်ဖြစ်သနည်း။

(က) စစ်တပ်ကျောထောက်နောက်ခံပြုထားသည့် နိုင်ငံရေးပါတီများနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်တွင် ပိုမိုထောက်ခံမှုများလာခြင်း
(ခ) ပါတီငယ်များနှင့် လူမျိုးစုပါတီများ၏ ကိုယ်စားပြုမှု ပိုများလာခြင်း
(ဂ) ကိုယ်စားလှယ်အသစ်များအတွက် ပြည်ထောင်စု လွှတ်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များတွင် ကိုယ်စားလှယ်နေရာများ ထပ်မံဖန်တီးပေးခြင်း
(ဃ) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးရှိ မြို့နယ် တစ်ခုစီအတွက် နောက်ထပ် မဲဆန္ဒနယ်အသစ်များ ဖန်တီးပေးခြင်း

၅။ အောက်ပါတို့အနက် မည်သည်က မြန်မာနိုင်ငံတွင် PR စနစ်ကို အသုံးပြုရန် မထောက်ခံသော အချက်ဖြစ်သနည်း။

(က) ပါတီငယ်များအချင်းချင်း ပေါင်းစည်းရန်၊ ပူးပေါင်းလုပ်ဆောင်ရန် သို့မဟုတ် ညွန့်ပေါင်းဖွဲ့စည်းရန် မက်လုံးနည်းပါးခြင်း

(ခ) ပါတီကြီးများအတွက် မဲဆန္ဒနယ်အားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မက်လုံးနည်းပါးခြင်း

(ဂ) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် ပါတီငယ်များ သို့မဟုတ် လူမျိုးစုပါတီများအား မဲပေးစေရန် မက်လုံးနည်းပါးခြင်း

(ဃ) စစ်တပ်ကျောထောက်နောက်ခံပြုထားသော နိုင်ငံရေးပါတီများကို မဲပေးရန် သို့မဟုတ် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များကို ထောက်ခံစေရန် မက်လုံးနည်းပါးခြင်း

၆။ အောက်ပါတို့အနက် မည်သည်က မြန်မာနိုင်ငံတွင် PR စနစ်အား ကိုယ်စားပြုနိုင်ခွင့်များ ပိုမိုရှိစေနိုင်သနည်း။

(က) လွှတ်တော်များတွင် ပါတီငယ်များ သို့မဟုတ် လူမျိုးစုပါတီများအတွက် အခန်းကဏ္ဍမရှိခြင်း

(ခ) ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များ အားလုံးတွင် ပါတီကြီးများအတွက် အခန်းကဏ္ဍမရှိခြင်း

(ဂ) စစ်တပ်ကျောထောက်နောက်ခံပြုထားသော နိုင်ငံရေးပါတီများ သို့မဟုတ် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်တွင် အခန်းကဏ္ဍမရှိခြင်း

(ဃ) ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာတွင် PR စနစ်၏ အခန်းကဏ္ဍမရှိခြင်း

## ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

**သင်တန်းသားများအတွက် မေးခွန်းများ**

ဖယ်ဒရယ်မြန်မာအတွက် မည်သည့်ရွေးကောက်ပွဲစနစ် အမျိုးအစား (FPTP, PR, MMP သို့မဟုတ် အခြား) ကို သင်နှစ်သက်ပါသနည်း။ အဘယ်ကြောင့်နည်း။

**ပုံမှန်စာသင်ခန်းတွင်း** **အွန်လိုင်းအတန်းတွင်း** **ညွှန်ကြားချက်များ**

၁။ သင်တန်းသားများအား အတန်းလိုက်ဖြစ်စေ အဖွဲ့လိုက် ဖြစ်စေ ဆွေးနွေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းမှ မေးခွန်း အကြောင်းကို ဆွေးနွေးရမည်။ (မေးခွန်းကို ဆလိုက် ၃.၁၀.၂ တွင်လည်း တွေ့နိုင်သည်)

- သို့မဟုတ် သင်တန်းသားများအား ၎င်းတို့၏ တုံ့ပြန်ချက်များကို အီလက်ထရွန်းနစ်ဘုတ် သို့မဟုတ် စာစောင်ဘုတ်ပေါ်တွင် ရေးခိုင်းပါ။

# ၃.၁၁ ဖက်ဒရယ်ပုံစံရှိ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့် အာဏာများ

## ၃.၁၁ | သင်ခန်းစာအကြို

**ရည်ရွယ်ချက်** – ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့် အာဏာများနှင့် ပတ်သက်ပြီး ၎င်းတို့သိထားသည်များကို သင်တန်းသားများ အသုံးချစေရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများ အတန်းလိုက် လုပ်ဆောင်ကြစေရန်။ သင်တန်းသားများ ဖတ်ပြီးသည်အထိ စာသားကို ဘုတ်ပေါ်ထားပေးပါ။

**ပြင်ဆင်ရန်** – မေးခွန်းကို ဘုတ်ပေါ်တွင်ရေးပါ၊ သို့မဟုတ် ဆလိုက် ၃.၁၁.၁ ကို ပြသပါ။

**သင်တန်းသားများအတွက် မေးခွန်းများ**

ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာဆိုသည်မှာ အဘယ်နည်း။ မည်သည်တို့ ပါဝင်သနည်း။

**ပုံမှန်စာသင်ခန်းတွင်း** **အွန်လိုင်းအတန်းတွင်း** **ညွှန်ကြားချက်များ**

၁။ ဘဏ္ဍာရေးဆိုင်ရာ အခွင့်အာဏာများ ဖြစ်သည်ဟု သင်တန်းသားများ ယူဆသည်တို့ကို အတန်းလိုက် ဆွေးနွေးခိုင်းပါ။ သင်တန်းသားများ၏ အကြံဉာဏ်များကို ဘုတ်ပေါ်တွင် ရေးပါ။

၂။ အပိုင်း ၃.၁၁ ကို ဖတ်ပြီးနောက်၊ အဖြေများကို ပြန်လည် သုံးသပ်ပါ။ ၎င်းတို့၏ အကြံဉာဏ်များသည် စာအုပ်ပါစာနှင့် တူညီပါသလား။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

- အခွန်များ
- အသုံးစရိတ်
- အခွန်ကောက်နိုင်ခြင်း
- အခွန်မှရရှိသော ငွေများကို သုံးစွဲနိုင်ခြင်း

သင်တန်းသားများက အပိုင်း ၃.၁၁ အဆုံးထိ ဖတ်ရမည်။

# ၃.၁၁ | လေ့ကျင့်ခန်း

**ရည်ရွယ်ချက်** – အပိုင်း ၃.၁၁ ရှိ အဓိကသဘောတရားများ အပေါ် သင်တန်းသားများက မိမိတို့ နားလည်မှုကို စစ်ဆေးကြရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများ တစ်ဦးချင်းလုပ်ဆောင်ကြစေရန်။

**ပြင်ဆင်ရန်** – အဆိုပြုချက်များကို ဘုတ်ပေါ်တွင်ရေးပါ၊ သို့မဟုတ် ဆလိုက် ၃.၁၁.၂ ၏ (က မှ ဆ) အထိကို ပြသပါ။

## သင်တန်းသားများအတွက် မေးခွန်းများ

အောက်ပါအဆိုပြုချက်များသည် မှန်သလား မှားသလား။ မှားပါက အဘယ်ကြောင့် မှားသည်ကို ဖြေဆိုပါ။

(က) ဘဏ္ဍာဝင်ငွေသည် အစိုးရများကပေးသော ဝန်ဆောင်မှုများကို ဖော်ပြသည်။

(ခ) သဘာဝသယံဇာတများ ထုတ်ယူခြင်းမှရသော အခွန်များ၊ အခကြေးငွေများနှင့် မြေငှားရမ်းခများသည် အစိုးရများ ရန်ပုံငွေကောက်ခံသည့် နည်းလမ်းအချို့ ဖြစ်သည်။

(ဂ) ဗဟိုဖက်ဒရယ်အစိုးရများသာလျှင် ဖက်ဒရယ်စနစ်များ တွင် ဝင်ငွေရှာဖွေနိုင်သော အာဏာရှိသည်။

(ဃ) လူဦးရေ၊ ပထဝီဝင်နှင့် အရင်းအမြစ်များသည် မတူညီသော တိုင်းဒေသကြီး/ပြည်နယ်များမှ ကောက်ခံရရှိသော ဝင်ငွေပမာဏအပေါ် လွှမ်းမိုးပါသည်။

(င) ဘဏ္ဍာရေးတန်းတူညီမျှမှုဟူသည် ဗဟိုအစိုးရက ဘဏ္ဍာငွေအများစု ထိန်းထားသည်ကို ဆိုလိုသည်။

(စ) အများအားဖြင့် ဖက်ဒရယ်စနစ်များ၏ ဘဏ္ဍာရေး ကော်မရှင်များတွင် ဖက်ဒရယ်ဗဟိုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ ကိုယ်စားလှယ် များ၊ ဘဏ္ဍာရေးဆိုင်ရာ ကျွမ်းကျင်သူများ ပါဝင်ကြသည်။

(ဆ) ဖယ်ဒရယ်စနစ်တွင် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုစီ တိုင်းသည် ၎င်း၏သဘာဝ အရင်းအမြစ်များမှရရှိသော ဝင်ငွေအားလုံးကို ထိန်းသိမ်းထားလေ့ရှိသည်။

## ပုံမှန်စာသင်ခန်းတွင်း / အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများအား အဆိုပြုချက်များ မှားသည်၊ မှန်သည်ကို ဆုံးဖြတ်ရမည်။

၂။ မှားပါက မှားရသည့် အကြောင်းပြချက်များကို ရှင်းပြခိုင်းပါ။

## အဖြေများ

(က) မှား – ဘဏ္ဍာဝင်ငွေသည် ကောက်ခံရရှိသော ဘဏ္ဍာငွေ (ငွေ) ကို ဖော်ပြသည်။

(ခ) မှန်

(ဂ) မှား – ဖက်ဒရယ်စနစ်တွင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများသည် ဘဏ္ဍာငွေ ရှာဖွေနိုင်သော အာဏာများ ရှိသည်။

(ဃ) မှန်

(င) မှား – 'ဘဏ္ဍာရေးဆိုင်ရာ တန်းတူညီမျှမှု' ဟူသည် ဗဟိုဖက်ဒရယ်အစိုးရမှတစ်ဆင့် တိုင်းဒေသကြီး/ ပြည်နယ်များသို့ ရန်ပုံငွေများ ပြန်လည်ခွဲဝေခြင်းနှင့် သက်ဆိုင်သည်။

(စ) မှန်

(ဆ) မှား – သဘာဝအရင်းအမြစ်များမှရရှိသော ဘဏ္ဍာငွေ ကို ဗဟိုနှင့် ဖွဲ့စည်းပုံပြည်နယ်အစိုးရများကြားတွင် ခွဲဝေလေ့ရှိသည်၊ သို့မဟုတ် အဆင့်နှစ်ရပ်စလုံးမှ အခွန်ဝေစုအဖြစ်ယူသည်။

# ၃.၁၁ | လုပ်ဆောင်ချက်

**ရည်ရွယ်ချက်** – သင်တန်းသားများ ဘဏ္ဍာရေးပုံစံဒီဇိုင်းတွင် မတူညီသောအချက်များ၏ အရေးကြီးမှုကို အကဲဖြတ်စေရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများ အဖွဲ့လိုက် လုပ်ဆောင်ကြရန်။ အွန်လိုင်းအတန်းများသည် breakout rooms များ လိုအပ်ပါသည်။

**ပြင်ဆင်ရန်** – အဆိုပြုချက်များကို ဘုတ်ပေါ်တွင်ရေးပါ၊ သို့မဟုတ် ဆလိုက် ၃.၁၁.၃ ကို ပြသပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများသည် ဖက်ဒရယ်စနစ်ပုံစံတွင် အရေးကြီးရသည့် အကြောင်းရင်းများမှာ မည်သည်တို့ဖြစ်သည်ဟု သင်ယုံကြည်ပါသနည်း။

### ပုံမှန်စာသင်ခန်းတွင်း အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ

၁။ ဖက်ဒရယ်စနစ်ပုံစံရေးဆွဲရာတွင် ဘဏ္ဍာရေးဆိုင်ရာ အာဏာများနှင့် ပတ်သက်၍ အရေးကြီးဆုံးဖြစ်သည်ဟု ၎င်းတို့ ယုံကြည်သည်များကို သင်တန်းသားများအား အဖွဲ့အလိုက် ဆွေးနွေးခိုင်းပါ။

၂။ အဖွဲ့များအား ၎င်းတို့၏ အယူအဆများကို တင်ပြခိုင်းပါ။ အရေးကြီးဆုံးအချက်များကို အတန်းလိုက် စာရင်းတစ်ခု ပြုလုပ်ခိုင်းပါ။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

- တိုင်းဒေသကြီး/ပြည်နယ်များအတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများသည် ၎င်းတို့၏ လူဦးရေအတွက် အခြေခံအဆောက်အအုံများ၊ ဝန်ဆောင်မှုများအတွက် မည်မျှသုံးစွဲနိုင်သည်နှင့် ပတ်သက်ဆက်နွယ်နေသည်။
- ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများသည် ဗဟိုအဆင့်ထံမှ တိုင်းဒေသကြီး/ပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် မည်မျှရရှိခြင်း မရှိခြင်းဆိုသည့် အချက်များနှင့် ပတ်သက်ဆက်နွယ်နေသည်။
- ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများသည် တိုင်းဒေသကြီး/ပြည်နယ်များရှိ သဘာဝ အရင်းအမြစ်များနှင့်လည်းကောင်း၊ မိမိဘာသာ မည်မျှသိမ်းထားနိုင်ခြင်း၊ ဗဟိုအစိုးရ သို့မဟုတ် အခြားပြည်နယ်များနှင့် မည်မျှ မျှဝေခြင်း ဆိုသည့် အချက်နှင့်လည်းကောင်း ပတ်သက် ဆက်နွယ်နေသည်။
- တိုင်းဒေသကြီး/ပြည်နယ်များအားလုံးသည် တူညီသော ချမ်းသာကြွယ်ဝမှုနှင့် အရင်းအမြစ်များ ရှိကြသည်မဟုတ်ပေ။ တိုင်းဒေသကြီး/ပြည်နယ်များကြား ချမ်းသာကြွယ်ဝမှု ကွာခြားချက်ကို ဟန်ချက်ညီမျှတစေရန် အရင်းအမြစ်များ သို့မဟုတ် အခွန်ကောက်ခံမှုများ ဆိုင်ရာ ဘဏ္ဍာရေးအာဏာများသည် ဗဟိုဖက်ဒရယ် အဆင့်အတွက်လည်း အရေးကြီးသည်။

# ၃.၁၂ မြန်မာနိုင်ငံရှိ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့် အာဏာများ

## ၃.၁၂ | သင်ခန်းစာအကြို

**ရည်ရွယ်ချက်** – သင်တန်းသားများသည် မြန်မာနိုင်ငံရှိ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများနှင့် ပတ်သက်၍ သိရှိထားသည်များကို အသုံးချဆွေးနွေးပြောဆိုကြစေရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက အတန်းလိုက် လုပ်ဆောင်ကြစေရန်။ သင်တန်းသားများ၏ တုံ့ပြန်ဆွေးနွေးချက်များကို အားလုံးဖတ်၍ပြီးသည်အထိ ဘုတ်ပေါ်တွင် ထားရမည်။

**ပြင်ဆင်ရန်** – မေးခွန်းကို ဘုတ်ပေါ်တွင်ရေးပါ သို့မဟုတ် ဆလိုက် ၃.၁၂.၁ ကို ပြပါ။

### သင်တန်းသားများအတွက် မေးခွန်းများ

မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို မည်သို့ ခွဲဝေပေးထားသနည်း။

### ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း | ညွှန်ကြားချက်များ

၁။ သင်တန်းသားများအား ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများဟု ၎င်းတို့ယုံကြည်သည်များကို အတန်းလိုက် ဆွေးနွေးရမည်။ သင်တန်းသားများ၏ တုံ့ပြန်ဆွေးနွေးမှုများကို ဘုတ်ပေါ်တွင် ရေးသားပါ။

၂။ သင်တန်းသားများသည် အပိုင်း ၃.၁၂ ကို ဖတ်ပြီးသည့်နောက်တွင် ၎င်းတို့ပေးခဲ့သော အဖြေများကို ပြန်လည်သုံးသပ်ရမည်။ ၎င်းတို့၏ ထင်မြင်ချက်များသည် စာပိုဒ်ပါ အချက်အလက်များနှင့် တူညီမှုရှိပါသလား။

### ဖြစ်နိုင်ခြေရှိသော အဖြေများ

- အခွန်ကောက်ခံမှုနှင့် အသုံးစရိတ်များအတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာအများစုကို ပြည်ထောင်စုအစိုးရအဆင့်တွင် ထားရှိခဲ့သည်။
- ပြည်နယ်နှင့် တိုင်းဒေသကြီးများသည် လမ်းများကဲ့သို့ အချို့သောအရာများအပေါ် အခွန်ကောက်ခံနိုင်သော်လည်း ရေနံ၊ သဘာဝဓာတ်ငွေ့ သို့မဟုတ် ကျွန်းသစ်တို့အတွက် အခွန်ကောက်ခံနိုင်ခြင်းမရှိချေ။
- ပြည်နယ်နှင့် တိုင်းဒေသကြီးများသည် ၎င်းတို့၏ ရန်ပုံငွေအများစုအတွက် ပြည်ထောင်စုအစိုးရထံမှ လွှဲပြောင်းမှုများကို မှီခိုနေရပါသည်။
- ပြည်နယ်နှင့် တိုင်းဒေသကြီးများသည် ၎င်းတို့၏ အဆိုပြုထားသော အသုံးစရိတ်များအတွက် ဗဟိုဘဏ္ဍာရေးကော်မရှင်ထံ ဘတ်ဂျက်တင်သွင်းရန် လိုအပ်ပါသည်။

သင်တန်းသားများက အပိုင်း ၃.၁၂ အဆုံးထိ ဖတ်ရမည်။

# ၃.၁၂ | လေ့ကျင့်ခန်း

**ရည်ရွယ်ချက်** – အပိုင်း ၃.၁၂ တွင် ပါဝင်သော အဓိကသဘောတရားများကို သင်တန်းသားများ မိမိတို့ နားလည်မှုကို စစ်ဆေးနိုင်စေရန်

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားအားလုံး တွင် လက်ကမ်းစာစောင်တစ်ခု ရှိရမည်။

**ပြင်ဆင်ရန်** – လက်ကမ်းစာစောင် ၃.၁၂ ၏ မိတ္တူ။ (တစ်ဖက်စာမျက်နှာ)

ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း **ညွှန်ကြားချက်များ**

သင်တန်းသားများက လက်ကမ်းစာစောင်ပါ ညွှန်ကြားချက်များ အတိုင်း ဆောင်ရွက်ရမည်။

**အဖြေများ**

၁။ **ပြည်ထောင်စုအဆင့်** – ဂ၊ ဃ၊ စ၊ ည

**တိုင်းဒေသကြီး/ပြည်နယ်အဆင့်** – က၊ ခ၊ င၊ ဆ၊ ဇ၊ ဈ

၂။ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများမှ ထုတ်ယူသော အရင်းအမြစ်များကို ရောင်းချခြင်း၏ အခွန်အခများ၊ လိုင်စင်အခကြေးငွေများနှင့် ရှယ်ယာများ။

၃။ လမ်းနှင့် လျှပ်စစ်အခြေခံအဆောက်အအုံများ

၄။ ခ၊ ဃ၊ ဆ၊ ဂ၊ င၊ က၊ စ

# လက်ကမ်းစာစောင် ၃.၁၂

၁။ အောက်ပါဝင်ငွေ အရင်းအမြစ်များကို ပြည်ထောင်စုအစိုးရအဆင့်တွင် အများဆုံးရှိသည် သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် အများဆုံးရှိသည်ကို အမျိုးအစားခွဲပါ။

(က) သစ်တောထွက်ပစ္စည်းများ
(ခ) အသေးစား သတ္တုတူးဖော်ရေးလုပ်ငန်း
(ဂ) ကျွန်းသစ်
(ဃ) ရေနံ
(င) ကျောက်မျက်
(စ) ဓာတ်ငွေ့
(ဆ) သဲ
(ဇ) မြေ
(ဈ) ရေ
(ည) သတ္တုတူးဖော်ရေးလုပ်ငန်း

၂။ ၎င်းအရင်းအမြစ်များမှ ဝင်ငွေများကို ထုတ်ယူသော နည်းလမ်းများမှာ မည်သည်တို့ဖြစ်သနည်း။

၃။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် အဓိကအသုံးစရိတ်ကဏ္ဍနှစ်ခုမှာ မည်သည်တို့ဖြစ်သနည်း။

၄။ အောက်ပါအဆင့်များကို ပြည်ထောင်စုဘတ်ဂျက် လုပ်ငန်းစဉ်တွင် အစဉ်လိုက်စီပါ။

(က) ပြည်ထောင်စုလွှတ်တော်မှ ပြည်ထောင်စု ဘတ်ဂျက်ကို စစ်ဆေးသုံးသပ်သည်။
(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးဌာနများမှ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များသို့ ရန်ပုံငွေတောင်းခံသည်။
(ဂ) ဘဏ္ဍာရေးကော်မရှင်မှ တိုင်းဒေသကြီး/ပြည်နယ် ဘတ်ဂျက်ကို စစ်ဆေးသုံးသပ်သည်။
(ဃ) တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များမှ ဘတ်ဂျက်အဆိုပြုချက်များနှင့် ပတ်သက်၍ တိုင်ပင်ဆွေးနွေး၍ ပြင်ဆင်ချက်များ ပြုလုပ်သည်။
(င) ဘဏ္ဍာရေးကော်မရှင်မှ တိုင်းဒေသကြီး/ပြည်နယ် ဘတ်ဂျက်ကို ပြည်ထောင်စုဘတ်ဂျက်တွင် ထည့်သွင်းသည်။
(စ) နိုင်ငံတော်သမ္မတမှ ပြည်ထောင်စုဘတ်ဂျက်ကို အတည်ပြုသည်။
(ဆ) တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များမှ ၎င်းတို့၏ ဘတ်ဂျက်အဆိုပြုချက်များကို ပြည်ထောင်စုအဆင့် ဘဏ္ဍာရေးကော်မရှင်သို့ တင်သွင်းသည်။

# ၃.၁၂ | လုပ်ဆောင်ချက်

အပြန်အလှန် ဆွေးနွေးပြောဆိုရန် ဆွေးနွေးခြင်းနှင့် ပြန်လည် သုံးသပ်ခြင်းမှ မေးခွန်းများကို အသုံးပြုပါ။

**ရည်ရွယ်ချက်** – သင်တန်းသားများသည် ဖက်ဒရယ် မြန်မာနိုင်ငံတွင် မည်သို့ဝင်ငွေ ခွဲဝေကြမည်ကို ဆုံးဖြတ်ကြသည်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများ တစ်ဦးချင်းနှင့် အဖွဲ့လိုက် လုပ်ဆောင်ကြရန်။ အွန်လိုင်းအတန်းများတွင် Breakout rooms များနှင့် အီလက်ထရွန်းနစ်ဘုတ်တစ်ခု လိုအပ်ပါသည်။

**ပြင်ဆင်ရန်** – မေးခွန်းကို ဘုတ်ပေါ်တွင်ရေးပါ သို့မဟုတ် ဆလိုက် ၃.၁၂.၂ ကိုပြပါ။

**သင်တန်းသားများအတွက် မေးခွန်းများ**

မြန်မာနိုင်ငံရှိ မည်သည့်ဝင်ငွေ အရင်းအမြစ်များကို (သဘာဝအရင်းအမြစ်များ၊ အခွန်များ၊ ငှားရမ်းခ၊ ဖြတ်သန်းခ၊ အခကြေးငွေ၊ လိုင်စင် စသည်ဖြင့်) ဗဟိုအစိုးရ သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများသို့ လွှဲအပ်သင့်သည် သို့မဟုတ် တစ်နည်းနည်းဖြင့် မျှဝေသင့်သည်ဟု သင်ယုံကြည်ပါ သနည်း။

**ပုံမှန်စာသင်ခန်းတွင်း ညွှန်ကြားချက်များ**

၁။ သင်တန်းသားများအား တစ်ဦးချင်းစီ အစိုးရများအတွက် ဝင်ငွေအရင်းအမြစ်စာရင်း ပြုစုစေပါ။ (ဥပမာ – သဘာဝ အရင်းအမြစ်များ၊ အခွန်များ၊ ငှားရမ်းခများ၊ ဖြတ်သန်းခများ၊ အခကြေးငွေများ၊ လိုင်စင်များ စသဖြင့်)

၂။ ယင်းဝင်ငွေများကို ဗဟိုအစိုးရသို့ ပေးသင့်သည် သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများသို့ ပေးသင့်သည် သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် မျှဝေသင့်သည်တို့ကို တစ်ဦးစီ ဆုံးဖြတ်ခိုင်းပါ။ အကြောင်းပြချက်များ ပေးခိုင်းပါ။

၃။ 'ဝင်ငွေရင်းမြစ်များ၊ ရသင့်သည့်အစိုးရအဆင့်၊ အကြောင်းရင်း' ကော်လံသုံးခုပါရှိသည့် ဇယားများကို သင်တန်းသားများအား အဖွဲ့လိုက် ဖန်တီးခိုင်းပါ။

၄။ အဖွဲ့လိုက် ၎င်းတို့၏ ဇယားများကို နှိုင်းယှဉ်ခိုင်းပါ။

**အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ**

၁။ သင်တန်းသား တစ်ဦးချင်းစီကို အစိုးရများအတွက် ဝင်ငွေ အရင်းအမြစ်စာရင်း ပြုစုခိုင်းပါ။ (ဥပမာ – မည်သည့် သဘာဝ အရင်းအမြစ်များ၊ အခွန်များ၊ ငှားရမ်းခများ၊ ဖြတ်သန်းခများ၊ အခကြေးငွေများ၊ လိုင်စင်များ စသဖြင့်)။

၂။ ယင်းဝင်ငွေများကို ဗဟိုအစိုးရသို့ ပေးသင့်သည် သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများသို့ ပေးသင့်သည် သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် မျှဝေသင့်သည်တို့ကို တစ်ဦးစီ ဆုံးဖြတ်ခိုင်းပါ။ အကြောင်းပြချက်များ ပေးခိုင်းပါ။

၃။ 'ဝင်ငွေရင်းမြစ်များ၊ ရသင့်သည့်အစိုးရအဆင့်၊ အကြောင်းရင်း' ကော်လံသုံးခုပါရှိသည့် ဇယားများကို သင်တန်းသားများအား အဖွဲ့လိုက် ဖန်တီးခိုင်းပါ။

၄။ အဖွဲ့များအလိုက် ၎င်းတို့၏ ဇယားများကို အတန်းသို့ တင်ပြခိုင်းပါ။

## စဉ်းစားရန်

**သင်တန်းသားများအတွက် မေးခွန်းများ**

၁။ ဖက်ဒရယ်ပြည်ထောင်စုစနစ်သစ်ကို ဖော်ဆောင်ရန် အတွက် မည်သည့် လုပ်ငန်းစဉ်ကို သင်နှစ်သက် သနည်း သို့မဟုတ် အကြံပြုလိုသနည်း။။

၂။ ယင်းလုပ်ငန်းစဉ်တွင် မည်သူများ သို့မဟုတ် မည်သည့် အဖွဲ့အစည်းမျိုးများ ပါဝင်သင့်သည်ဟု သင်ယုံကြည်သနည်း။ အဘယ်ကြောင့်နည်း။ မည်သို့ ပါဝင်သင့်ကြသနည်း။

**ပုံမှန်စာသင်ခန်းတွင်း** **အွန်လိုင်းအတန်းတွင်း** **ညွှန်ကြားချက်များ**

- သင်တန်းသားများအား အခန်း ၃ နောက်ဆုံးတွင်ရှိသော မေးခွန်းများကို အတန်းလိုက်၊ ဆွေးနွေးရမည်။ (မေးခွန်းများသည် ဆလိုက် ၃.၁၂.၃ တွင်လည်း ပါရှိသည်)။
- သို့မဟုတ် သင်တန်းသားများအား မေးခွန်းအပေါ် အခြေခံ၍ ကျောင်းသားစာစဉ်တစ်စောင် ရေးသားတင်သွင်းစေပါ။
- သို့မဟုတ် သင်တန်းသားများအား မေးခွန်းအပေါ် ထင်မြင် ယူဆချက်များကို အီလက်ထရွန်းနစ်ဘုတ် သို့မဟုတ် bulletin board ပေါ်တွင် တင်ကြစေပြီး အချင်းချင်း ဖတ်ရှုခိုင်းပါ။

# နောက်ဆက်တွဲ (က) – ဆွေးနွေးရန် (သို့) စာစဉ်ရေးသားခိုင်းရန်အတွက် ထပ်ဆောင်းမေးခွန်းများ

**ရည်ရွယ်ချက်** – သင်တန်းသားများက ဖက်ဒရယ်စနစ်တွင် ရှိသည့် အဓိကသဘောတရားများကို ဆွေးနွေးရန် (သို့) ရေးသားရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက (စာစဉ်ရေးသားခြင်းအတွက်) တစ်ဦးချင်း (သို့) နှစ်ယောက်တွဲ (သို့) အဖွဲ့လိုက်လေ့လာလုပ်ဆောင်ရမည်။ (ဆွေးနွေးခြင်းအတွက်) အဖွဲ့လိုက် (သို့) အတန်းတစ်တန်းလုံးအနေဖြင့် လုပ်ဆောင်ရမည်။

**ပြင်ဆင်ရန်** – မရှိ။

ပုံမှန်စာသင်ခန်းတွင်း | အွန်လိုင်းအတန်းတွင်း | **ညွှန်ကြားချက်များ**

ဤအဖွင့်မေးခွန်းများကို အောက်ပါတို့တွင် အသုံးပြုနိုင်သည် –

- ဆွေးနွေးရန်အတွက် အဖွဲ့များသို့ ခွဲပေးရန်။ ထို့နောက် ၎င်းတို့ အတွေးအမြင်များကို အတန်းသို့တင်ပြ၍ အတန်းက ထပ်မံဖြည့်စွက်နိုင်သည်။
- အတန်းတွင် အလွတ်သဘော ပေါ့ပေါ့ပါးပါး ဆွေးနွေးမှု အဖြစ်သုံးရန်။
- စာစီစာကုံး (သို့) စာပိုဒ်ရေးသားသည့် စာစဉ်အဖြစ် လုပ်ဆောင်စေရန်တို့တွင် အသုံးပြုနိုင်သည်။

ဖက်ဒရယ်စနစ်နှင့် ပတ်သက်၍ ယေဘုယျထပ်မံစဉ်းစားရန် မေးခွန်းအချို့ –

- ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်နှစ်ခုအကြား မည်သည့်နည်းလမ်းများဖြင့် ဆက်စပ်နေသည်ဟု သင်ထင်သနည်း။
- ဖက်ဒရယ်စနစ်များသည် လူများစုမဟုတ်သော အုပ်စုများ၏ အခွင့်အရေးများကို ကာကွယ်နိုင်သည့် နည်းလမ်းအချို့မှာ မည်သည်တို့ဖြစ်သနည်း။
- ဖယ်ဒရယ်စနစ်ရှိ တိုင်း/ပြည်နယ်တစ်ခုတွင် လူများစုဖြစ်သည့် လူမျိုးစုတစ်စု ရှိသင့်သည်ဟု ထင်ပါသလား သို့မဟုတ် မတူညီသော အုပ်စုများ ပိုမိုမျှတစွာ ရောနှောပါဝင်သင့်သည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

ဖက်ဒရယ်စနစ်နှင့် မြန်မာနိုင်ငံအကြောင်း ထည့်သွင်းစဉ်းစားရမည့် နောက်ထပ်မေးခွန်းအချို့ –

- ဖက်ဒရယ်စနစ်ဆီသို့သွားရာ မြန်မာ့ဒီမိုကရေစီလမ်းကြောင်းအပေါ် သမိုင်းဆိုင်ရာ သက်ရောက်မှုများတွင် မည်သည့်အချက်များသည် အရေးအကြီးဆုံးဖြစ်သည်ဟု သင်ယုံကြည်သနည်း။ အဘယ်ကြောင့်နည်း။
- မြန်မာနိုင်ငံသည် စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုတစ်ခု ဖြစ်လာပါက ဖြစ်နိုင်ခြေရှိသော ကောင်းကျိုးအချို့မှာ မည်သည်တို့ဖြစ်သနည်း။
- မြန်မာနိုင်ငံအတွက် စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုစနစ်၏ ဖြစ်နိုင်ခြေရှိသော ဆိုးကျိုးအချို့မှာ မည်သည့်အရာများ ဖြစ်နိုင်သနည်း။
- မြန်မာနိုင်ငံသည် ၎င်း၏ လက်ရှိဖွဲ့စည်းပုံအား ဆက်လက်ထိန်းသိမ်းထားသင့်သည် သို့မဟုတ် အနာဂတ်ပြည်ထောင်စုစနစ်တွင် ပိုမိုများပြားသော (သို့မဟုတ် နည်းပါးသော) တိုင်း/ပြည်နယ်များ အရေအတွက် ရှိသင့်သည်ဟု သင်ယုံကြည်ပါသလား။ အဘယ်ကြောင့်နည်း။
- ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ လက်ရှိ သို့မဟုတ် ဖြစ်လာနိုင်ခြေရှိသော တိုင်း/ပြည်နယ်အားလုံးသည် ဖက်ဒရယ်ပြည်ထောင်စုအတွင်း ဆက်လက်ရှိနေသင့်သလား။ အခြားရွေးချယ်စရာ ဖြစ်နိုင်ခြေများ ရှိနိုင်သေးသလား။
- မြန်မာနိုင်ငံတွင် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ် ဖော်ဆောင်ရန် အကြီးမားဆုံး စိန်ခေါ်မှုများကား အဘယ်နည်း။ အဘယ်ကြောင့်နည်း။

# နောက်ဆက်တွဲ (ခ) – အမှန်ရွေးချယ် မေးခွန်းများ

**ရည်ရွယ်ချက်** – သင်တန်းသားများက ဖက်ဒရယ်စနစ်နှင့် ပတ်သက်သည့် အဓိကသဘောတရားများကို ၎င်းတို့ နားလည်မှုရှိမရှိ စစ်ဆေးရန်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက တစ်ဦးချင်းလေ့လာလုပ်ဆောင်ရမည်။

**ပြင်ဆင်ရန်** – မေးခွန်းများကို လက်ကမ်းစာစောင် (သို့) အွန်လိုင်း ဉာဏ်စမ်းမေးခွန်းအဖြစ် ပြင်ထားပါ။

## ဖက်ဒရယ်စနစ်အတွင်းရှိ အဓိက အကြောင်းအရာများ

၁။ အောက်ပါထဲမှ မည်သည့်တစ်ခုသည် ဖက်ဒရယ်စနစ်များတွင် မရှိမဖြစ် အလိုအပ်ဆုံးသော လက္ခဏာအစိတ်အပိုင်းများ အားလုံး ဖြစ်သနည်း။

(က) လွှတ်တော်များ၊ အာဏာခွဲဝေမှုများ၊ တစ်ပြည်ထောင် စနစ်များ

(ခ) အခြေခံဥပဒေများ၊ တိုင်းပြုပြည်ပြုနယ်မြေများ၊ အာဏာခွဲဝေမှုများ

(ဂ) ဒေသအစိုးရများက ဗဟိုအစိုးရဥပဒေများကို အသုံးပြု စီမံအုပ်ချုပ်ခြင်း

(ဃ) လူမျိုးစုအမှတ်အသားလက္ခဏာ၊ ကိုးကွယ်ယုံကြည်မှု၊ ဘာသာစကားများ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

၂။ အစိုးရ၏ မည်သည့် အဖွဲ့အစည်းသည် အစိုးရဥပဒေများ၊ ဝန်ဆောင်မှုများ၊ မူဝါဒများကို စီမံအုပ်ချုပ်ရန် အမြဲတမ်း ဝန်ထမ်းရှိသနည်း။

(က) တရားစီရင်ရေး

(ခ) ဥပဒေပြုရေး

(ဂ) အုပ်ချုပ်ရေး

(ဃ) ပြည်သူ့ဝန်ဆောင်မှု

၃။ အောက်ပါတို့အနက် မည်သည်က ဖက်ဒရယ်ပြည်ထောင်စု အခြေခံဥပဒေအများစုတွင် ပါဝင်သည့် စံလက္ခဏာရပ်များ အားလုံး ဖြစ်သနည်း။

(က) နိဒါန်း၊ နိုင်ငံသားဖြစ်ခွင့်ဥပဒေ၊ ရွေးကောက်ပွဲစနစ်၊ သမ္မတလစာ

(ခ) နိဒါန်း၊ နိုင်ငံသားအခွင့်အရေး၊ အာဏာခွဲဝေမှု၊ ဥပဒေပြင်ဆင်ခြင်း

(ဂ) နိဒါန်း၊ နိုင်ငံသားအခွင့်အရေး၊ အာဏာခွဲဝေမှု၊ ရွေးကောက်ပွဲ ရက်စွဲများ

(ဃ) နိဒါန်း၊ နိုင်ငံသားအခွင့်အရေး၊ တစ်ဦးချင်းအခွန်များ၊ ဥပဒေပြင်ဆင်ခြင်း

၄။ ဖက်ဒရယ်စနစ်များရှိ အာဏာခွဲဝေမှုဆိုသည်မှာ –

(က) နိုင်ငံတစ်နိုင်ငံတွင် ကြည်း၊ ရေ၊ လေနှင့် ရဲတပ်ဖွဲ့များ၏ မတူညီသော အုပ်ချုပ်သူများ

(ခ) ဗဟိုနှင့် ပြည်နယ်အဆင့် အစိုးရများ၏ ဥပဒေပြု နိုင်သည့် (သို့) အခွန်ကောက်ခံနိုင်သည့် စွမ်းရည်များ

(ဂ) ဖက်ဒရယ်စနစ်အတွင်းရှိ နယ်မြေအခြေပြု ပြည်နယ်များ၏ နယ်နိမိတ်များ ဖွဲ့စည်းပုံ

(ဃ) ဗဟိုနှင့် ပြည်နယ်အဆင့် အစိုးရများ၏ လျှပ်စစ်ထုတ်လုပ်နိုင်ရန် ရင်းမြစ်ကြွယ်ဝမှု

၅။ ဖက်ဒရယ်ပြည်ထောင်စု အခြေခံဥပဒေတစ်ခု၏ ကြွင်းကျန်အာဏာများသည် –

(က) ပြည်ထောင်စုအဆင့် အစိုးရသို့သွားသော အာဏာများ
(ခ) တိုင်းပြုပြည်ပြု နယ်မြေများအဆင့်သို့သွားသော အာဏာများ
(ဂ) တိတိကျကျ ခွဲဝေထားခြင်းမရှိသော အာဏာများ
(ဃ) အဆင့်များအကြား မျှဝေကျင့်သုံးသော အာဏာများ ဖြစ်သည်။

# ဖက်ဒရယ်စနစ်သို့ ဦးတည်ရာ လမ်းကြောင်းများ

၆။ အောက်ပါတို့အနက် မည်သည်တို့သည် ‘အတူထိန်းစု’ (holding together) ဖက်ဒရယ်စနစ်၏ စံလက္ခဏာရပ်များ ဖြစ်သနည်း။

(က) ကြီးမားသည့်နယ်မြေ၊ လူဦးရေနှင့် သဘာဝသယံဇာတများစွာရှိသည့်နိုင်ငံ
(ခ) မတူညီသော လူမျိုးစု၊ ဘာသာစကား (သို့) ဘာသာရေးအစုအဖွဲ့များ စုစည်းနေထိုင်သည့်နိုင်ငံ
(ဂ) အပြန်အလှန် အကျိုးစီးပွားအတွက် တိုင်းပြုပြည်ပြု နယ်မြေများက ဖက်ဒရယ်စနစ်၏ အစိတ်အပိုင်းအဖြစ် ရပ်တည်ရန် ရွေးချယ်ခြင်း
(ဃ) ပထဝီနှင့် စီးပွားရေးဆိုင်ရာ အကြောင်းအရင်းများပေါ် အဓိကမူတည်သည်ဟု မှတ်ထားသည့် တိုင်းပြုပြည်ပြုနယ်မြေ နယ်နိမိတ်များ

၇။ အောက်ပါဝေါဟာရတို့အနက် မည်သည်ကို အတူထိန်းစု ဖက်ဒရယ်စနစ်များကို ဖော်ပြရာတွင် သုံးလေ့ရှိသနည်း။

(က) ပိုမိုကြီးမားသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်
(ခ) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်
(ဂ) မတူကွဲပြားမှုတွင် စည်းလုံးခြင်း
(ဃ) နှစ်မျိုးစပ်ပုံစံ ဖက်ဒရယ်စနစ် (Hybrid federalism)

၈။ အောက်ပါတို့အနက် မည်သည်တို့သည် ‘အတူပေါင်းစည်း’ (coming together) ဖက်ဒရယ်စနစ်၏ စံလက္ခဏာရပ်များ ဖြစ်သနည်း။

(က) ဘုံတူညီသည့် ယဉ်ကျေးမှု၊ သမိုင်းနှင့် နယ်မြေရှိသည့် စိတ်ကူးပုံဖော်ထားသည့် နိုင်ငံရေးအသိုက်အဝန်းများ
(ခ) မတူညီသော လူမျိုးစု (သို့) ဘာသာစကားအုပ်စုများမှ ခွဲထွက်ရန် အန္တရာယ်ပိုများခြင်း
(ဂ) တိုင်းပြုပြည်ပြု နယ်မြေများအတွက် လုပ်ပိုင်ခွင့်အာဏာ၊ စီးပွားရေးနှင့် လုံခြုံရေးအကျိုးစီးပွားများ ပိုမိုရရှိခြင်း
(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် နိုင်ငံရေးပါဝင်ခွင့်အတွက် လူအုပ်စုများ၏ အတူပေါင်းစုရရှိရမည့် အခွင့်အရေးများ

၉။ အောက်ပါတို့အနက် မည်သည်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အကောင်းဆုံးဖော်ပြသနည်း။

(က) ဘုံတူညီသည့် ယဉ်ကျေးမှု၊ သမိုင်းနှင့် နယ်မြေရှိသည့် နိုင်ငံတစ်ခုအတွင်းရှိ လူအုပ်စုတစ်စု
(ခ) အဓိကနိုင်ငံတော် လူမျိုးစုတစ်စုဖြင့် အများဆုံးဖွဲ့စည်းထားသည့် နိုင်ငံတစ်နိုင်ငံ
(ဂ) မတူညီသည့် တိုင်းပြုပြည်ပြု နယ်မြေများစွာရှိသည့် ဖက်ဒရယ်စနစ်
(ဃ) အစုအဖွဲ့တစ်ခုမှ ၎င်းတို့၏ကိုယ်ပိုင်နိုင်ငံရေးအဆင့်အတန်းနှင့် တိုးတက်ဖွံ့ဖြိုးမှုကို ဆုံးဖြတ်နိုင်ခွင့်

# ဖက်ဒရယ်ဒီဇိုင်း

၁၀။ အောက်ပါစာရင်းများထဲမှ မည်သည်က အခြေခံဥပဒေ ရေးဆွဲရေး လုပ်ငန်းစဉ်တွင် လူထုပါဝင်သင့်သည့် အကြောင်းအရင်းအားလုံး ဖြစ်သနည်း။

(က) အခြေခံဥပဒေသည် အစိုးရစနစ်၊ နိုင်ငံရေးစနစ်နှင့် နိုင်ငံရေးတွင် စစ်တပ်၏ အခန်းကဏ္ဍအတွက် အခြေခံဖြစ်သည်။

(ခ) အခြေခံဥပဒေသည် အစိုးရစနစ်၊ အင်စတီကျူးရှင်းများ၊ ဥပဒေနှင့် နိုင်ငံသားအခွင့်အရေးများ၏ အခြေခံဖြစ်သည်။

(ဂ) အခြေခံဥပဒေသည် အစိုးရစနစ်၊ နိုင်ငံရေးစနစ်နှင့် ပညာရေးစနစ်အတွင်းရှိ ဘာသာရပ်များအတွက် အခြေခံဖြစ်သည်။

(ဃ) အခြေခံဥပဒေသည် အစိုးရစနစ်၊ နိုင်ငံရေးပါတီများ၊ ဘာသာရေးနှင့် လူမှုရေးအဖွဲ့အစည်းများ၏ အခြေခံဖြစ်သည်။

၁၁။ အောက်ပါစာရင်းများထဲမှ မည်သည်က ဘာသာစကားသည် ဖက်ဒရယ်ဒီဇိုင်းတွင် အရေးကြီးရသည့် အကြောင်းအရင်း အားလုံး ဖြစ်သနည်း။

(က) ပညာရေး၊ ပထဝီ၊ အမှတ်အသားလက္ခဏာ၊ နိုင်ငံရေးအရ ပါဝင်ခွင့်

(ခ) ပညာရေး၊ အမှတ်အသားလက္ခဏာ၊ အလုပ်အကိုင် ရရှိနိုင်မှု၊ သဘာဝသယံဇာတများ

(ဂ) ပညာရေး၊ အလုပ်အကိုင် ရရှိနိုင်မှု၊ အမှတ်အသား လက္ခဏာ၊ နိုင်ငံရေးအရ ပါဝင်ခွင့်

(ဃ) ပညာရေး၊ အမှတ်အသားလက္ခဏာ၊ နိုင်ငံတော်အလံ၊ နိုင်ငံရေးအရ ပါဝင်ခွင့်

၁၂။ လောကီသီးသန့်ဝါဒကို အောက်ပါတို့အနက် မည်သည်က အကောင်းဆုံးဖော်ပြသနည်း။

(က) ဘာသာရေးသည် နိုင်ငံလုံးဆိုင်ရာ အမှတ်အသား လက္ခဏာ၏ အဓိကအစိတ်အပိုင်း ဖြစ်သင့်သည်။

(ခ) ဘာသာရေးသည် နိုင်ငံလုံးဆိုင်ရာ ပြည်ထောင်စု အစိုးရတစ်ခု၏ အဓိကအစိတ်အပိုင်း ဖြစ်သင့်သည်။

(ဂ) ဘာသာရေးသည် အစိုးရအဖွဲ့အစည်းများနှင့် သီးသန့် ဖြစ်သင့်သည်။

(ဃ) ဘာသာရေးကို နိုင်ငံတစ်နိုင်ငံ၏ အခြေခံဥပဒေ ထဲတွင် ထည့်သွင်းသင့်သည်။

၁၃။ ကျန်းမာရေးဝန်ဆောင်မှု၊ ပညာရေး၊ အလုပ်အကိုင် ရရှိခွင့်နှင့် လွတ်လပ်စွာ သွားလာခွင့်တို့ကို တရားဝင်ရယူခွင့်အပေါ် အများဆုံးသက်ရောက်မှု ရှိသည်မှာ –

(က) ဘာသာရေး

(ခ) အမှတ်အသားလက္ခဏာ

(ဂ) အမျိုးသားရေးဝါဒ

(ဃ) နိုင်ငံသားဖြစ်ခွင့်ဖြစ်သည်။

၁၄။ နယ်မြေကို အခြေခံသည့် ဖက်ဒရယ်စနစ်များတွင် တိုင်းပြုပြည်ပြုနယ်မြေများ သတ်မှတ်ခြင်းနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များကို အောက်ပါတို့အနက် မည်သည်က လွှမ်းမိုးနိုင်သည့် အကြောင်းအရင်းများအားလုံး ဖြစ်သနည်း။

(က) လူမျိုးစု၊ လူဦးရေပမာဏ၊ ပထဝီအနေအထား၊ စီးပွားရေးအရ ရပ်တည်နိုင်စွမ်း

(ခ) ဘာသာရေး၊ လူဦးရေပမာဏ၊ ပထဝီအနေအထား၊ စီးပွားရေးအရ ရပ်တည်နိုင်စွမ်း

(ဂ) အခြေခံအဆောက်အအုံ၊ လူဦးရေပမာဏ၊ ပထဝီ အနေအထား၊ စီးပွားရေးအရ ရပ်တည်နိုင်စွမ်း

(ဃ) ဘာသာစကား၊ လူဦးရေပမာဏ၊ ခွဲထွက်နိုင်သည့် အန္တရာယ်၊ စီးပွားရေးအရ ရပ်တည်နိုင်စွမ်း

၁၅။ အရောပုံစံ ဖက်ဒရယ်ဖွဲ့စည်းပုံရှိ တိုင်းပြုပြည်ပြုနယ်မြေများကို

(က) လူမျိုးစုနှင့် ဘာသာစကားဆိုင်ရာ အကြောင်းအရင်းများ ပေါင်းစပ်မှုအပေါ်တွင် အခြေခံထားသည်။
(ခ) လူမျိုးစုနှင့် နယ်မြေဆိုင်ရာ အကြောင်းအရင်းများ ပေါင်းစပ်မှုအပေါ်တွင် အခြေခံထားသည်။
(ဂ) စီးပွားရေးနှင့် သယံဇာတဆိုင်ရာ အကြောင်းအရင်းများ ပေါင်းစပ်မှုအပေါ်တွင် အခြေခံထားသည်။
(ဃ) ယဉ်ကျေးမှုနှင့် လူမျိုးစုဆိုင်ရာ အကြောင်းအရင်းများ ပေါင်းစပ်မှုအပေါ်တွင် အခြေခံထားသည်။

၁၆။ ပြည်ထောင်စုအဆင့်က ပုံမှန်အားဖြင့် ကျင့်သုံးရလေ့ရှိသည့် အာဏာများအားလုံးမှာ အောက်ပါတို့မှ မည်သည်ဖြစ်သနည်း။

(က) ကုန်သွယ်ရေး၊ ကျန်းမာရေး၊ ဘာသာစကား ပညာရေး
(ခ) ကုန်သွယ်ရေး၊ နိုင်ငံတကာဆက်ဆံရေး၊ သစ်တော
(ဂ) ကုန်သွယ်ရေး၊ နိုင်ငံတကာဆက်ဆံရေး၊ လမ်းခွန်
(ဃ) ကုန်သွယ်ရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ကာကွယ်ရေး

၁၇။ ဖက်ဒရယ်စနစ်တွင် လုပ်ပိုင်ခွင့်အာဏာကို ဖြစ်နိုင်သမျှ အနိမ့်ဆုံးအဆင့်ကို ကျင့်သုံးစေသောမူ (Subsidiarity) သည် –

(က) ဆုံးဖြတ်ချက်များကို အဆိုပါဆုံးဖြတ်ချက်များကြောင့် သက်ရောက်မည့် လူထုနှင့် အနီးဆုံးအဆင့်အစိုးရက ဆုံးဖြတ်သည်။
(ခ) သဘာဝသယံဇာတမှရရှိသော ဘဏ္ဍာငွေများနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များကို ဗဟိုအဆင့် အစိုးရက ချမှတ်သည်။
(ဂ) တိုင်းပြုပြည်ပြုနယ်မြေအဆင့် ဆုံးဖြတ်ချက်များကို ပြည်ထောင်စုအစိုးရနှင့် တိုင်ပင်ညှိနှိုင်းပြီး ချမှတ်သည်။
(ဃ) ပြည်ထောင်စုအဆင့် ဆုံးဖြတ်ချက်များကို တိုင်းပြုပြည်ပြုနယ်မြေအဆင့် အစိုးရနှင့် တိုင်ပင်ညှိနှိုင်းပြီး ချမှတ်သည်။

၁၈။ မဲအများဆုံးရသူအနိုင်ရ ရွေးကောက်ပွဲစနစ် (FPTP) ၏ အားနည်းချက်တစ်ခုမှာ အောက်ပါတို့အနက်မှ မည်သည် ဖြစ်သနည်း။

(က) နိုင်ငံသားများကပေးသော မဲများမှ လွှတ်တော် အတွင်းတွင် နိုင်ငံရေးပါတီများက ရရှိသော ကိုယ်စားလှယ်နေရာများအဖြစ် ပြောင်းလဲရရှိသည်။
(ခ) မဲဆန္ဒနယ်တစ်ခုတွင် အနိုင်ရရှိသူ ကိုယ်စားလှယ်လောင်းသည် မဲအများဆုံးရရှိသူ ဖြစ်သည်။
(ဂ) မဲဆန္ဒနယ်တစ်ခုတွင် အနိုင်ရရှိသူ ကိုယ်စားလှယ်လောင်းအတွက်ထည့်သော မဲများမှ လွဲ၍ ကျန်ကိုယ်စားလှယ်များအတွက် ထည့်ထားသည့် မဲများသည် အလဟဿဖြစ်သွားသည်။
(ဃ) ဖက်ဒရယ်နိုင်ငံ အများအပြားတွင် မဲအများဆုံးသူ အနိုင်ရစနစ်ဖြင့် ကိုယ်စားလှယ်များကို ရွေးချယ်သည်။

၁၉။ အချိုးကျကိုယ်စားပြု ရွေးကောက်ပွဲစနစ်၏ ဖြစ်နိုင်ခြေရှိသော အားနည်းချက်တစ်ခုမှာ အောက်ပါတို့အနက် မည်သည် ဖြစ်သနည်း။

(က) ပေးထားသော မဲများကို လွှတ်တော်အတွင်းရှိ မတူညီသော ပါတီများရရှိသည့် ကိုယ်စားလှယ်နေရာ အရေအတွက်အဖြစ် ပြောင်းလဲရာတွင် ပိုမိုနီးစပ်သည်။
(ခ) အချို့သောနိုင်ငံများတွင် မဲအများဆုံးရသူအနိုင်ရ စနစ်နှင့် အချိုးကျကိုယ်စားပြုစနစ်ကို ပေါင်းစပ် သုံးစွဲသည်။
(ဂ) လွှတ်တော်အတွင်းရှိ ကိုယ်စားလှယ်နေရာများ အချိုးသည် ပါတီများအတွက် ထည့်ထားသည့် မဲအရေအတွက်အချိုးနှင့် တူညီသည်။
(ဃ) အခြားပါတီကြီးတစ်ခုနှင့် ညွန့်ပေါင်းဖွဲ့ထားသည့် ပါတီငယ်တစ်ခုသည် ၎င်း၏ အရွယ်အစားနှင့်စာလျှင် ကြီးမားသည့်လွှမ်းမိုးမှု ရှိနေနိုင်သည်။

၂၀။ အောက်ပါတို့အနက် မည်သည်က ဘဏ္ဍာရေးလုပ်ပိုင်ခွင့် အာဏာများ၏ အကောင်းဆုံးဖော်ပြချက် ဖြစ်သနည်း။

(က) ဗဟိုအဆင့်မှ တိုင်းပြုပြည်ပြုနယ်မြေများအဆင့်သို့ ဘဏ္ဍာငွေများကို ပြန်လည်ဖြန့်ဖြူးသည့်စနစ်

(ခ) ဗဟိုအစိုးရနှင့် တိုင်းပြုပြည်ပြုနယ်မြေအစိုးရများ၏ အခွန်ဘဏ္ဍာကောက်ခံ၊ သုံးစွဲနိုင်သည့် လုပ်နိုင်စွမ်း

(ဂ) တိုင်းပြုပြည်ပြုနယ်မြေအစိုးရများသို့ ဘဏ္ဍာငွေ ပြန်လည်ခွဲဝေပေးရာတွင် formula များ အသုံးပြုခြင်း

(ဃ) အစိုးရအဆင့်နှစ်ခုအကြား သဘာဝသယံဇာတမှ ရရှိသော ဘဏ္ဍာငွေကို လွှဲပြောင်းပေးခြင်း

၂၁။ တိုင်းပြုပြည်ပြုနယ်မြေအစိုးရများသို့ ဘဏ္ဍာရန်ပုံငွေများ ပြန်လည်ခွဲဝေပေးသည့် 'ဘဏ္ဍာရေးဆိုင်ရာ တန်းတူညီမျှမှု' (fiscal equalisation) ၏ အကြောင်းအရင်းမှာ အဘယ်နည်း။

(က) တိုင်းပြုပြည်ပြုနယ်မြေများအားလုံးသည် ဝန်ဆောင်မှုများအတွက် ပေးချေရန် တူညီသည့် ရန်ပုံငွေပမာဏကို လိုအပ်သည်။

(ခ) တိုင်းပြုပြည်ပြုနယ်မြေများအားလုံးသည် ဝန်ဆောင်မှုများအတွက် ပေးချေရန် တူညီသည့် ရန်ပုံငွေပမာဏကို ရရှိအောင် ကောက်ခံနိုင်သည်။

(ဂ) ဝန်ဆောင်မှုများအတွက် ပေးချေရန် တိုင်းပြုပြည်ပြုနယ်မြေများ ကောက်ခံရရှိသည့် ရန်ပုံငွေပမာဏမှာ ကွဲပြားသည်။

(ဃ) တိုင်းပြုပြည်ပြုနယ်မြေများအားလုံး၏ ကိုယ်စားလှယ်များ ဘဏ္ဍာရေးကော်မရှင်တွင် ပါဝင်မည်ဖြစ်သည်။

### အဖြေများ

| | | |
|---|---|---|
| ၁။ ခ | ၈။ ဂ | ၁၅။ ခ |
| ၂။ ဃ | ၉။ ဃ | ၁၆။ ဃ |
| ၃။ ခ | ၁၀။ ခ | ၁၇။ က |
| ၄။ ခ | ၁၁။ ဂ | ၁၈။ ဂ |
| ၅။ ဂ | ၁၂။ ဂ | ၁၉။ ဃ |
| ၆။ ခ | ၁၃။ ဃ | ၂၀။ ခ |
| ၇။ ဂ | ၁၄။ ဂ | ၂၁။ ဂ |

# နောက်ဆက်တွဲ (ဂ) – ဖက်ဒရယ် အခြေခံဥပဒေမူကြမ်း အလုပ်ရုံဆွေးနွေးပွဲ

**ရည်ရွယ်ချက်** – သင်တန်းသားများက သင်တန်းကာလ တစ်လျှောက် လေ့လာခဲ့သည် ဖက်ဒရယ်စနစ်၏ အတွေးအခေါ်များနှင့် လက္ခဏာရပ်များကိုလည်းကောင်း၊ ၎င်းတို့၏ ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုများနှင့် ရှုထောင့်များကိုလည်းကောင်း ဖက်ဒရယ် အခြေခံဥပဒေ မူကြမ်း ရေးဆွဲဖန်တီးရာတွင် လက်တွေ့ပြန်လည် အသုံးချရန်ဖြစ်သည်။

**သင်တန်းပေးစဉ် လုပ်ဆောင်ရန်** – သင်တန်းသားများက အဖွဲ့လိုက် လေ့လာဆောင်ရွက်ရမည်။ အွန်လိုင်း အတန်းများတွင် ဒီဂျစ်တယ်ဝှိုက်ဘုတ်၊ အတူပေါင်း၍ လုပ်ဆောင်နိုင်သည့် အွန်လိုင်းစာရွက်စာတမ်း ပါဝင်သည့် အခန်းခွဲများ လိုအပ်သည်။ ဤလုပ်ဆောင်ချက်အတွက် နာရီပေါင်းများစွာ (သို့) တစ်နေ့စာ အချိန်ပြည့် အချိန် တတ်နိုင်သမျှပေးပါ။

**ပြင်ဆင်ရန်** – (တစ်ဖက်စာမျက်နှာရှိ) ဖက်ဒရယ်ဒီဇိုင်း ဆိုင်ရာ အကြောင်းအရာခေါင်းစဉ်နှင့် ဆက်နွှယ်သည့် ခေါင်းစဉ်ခွဲများအားလုံးကို flipchart စာရွက်ပေါ်တွင် ရေး၍ အခန်းပတ်ပတ်လည်တွင် ချိတ်ဆွဲထားပါ။ (သို့မဟုတ်) နောက်ဆက်တွဲ (ဂ) ၁–၁၁ ဆလိုက်များကိုပြသပါ။

မှတ်ချက်

- အထူးသဖြင့် အဆင့် ၂ နှင့် ၄ တွင်၊ ဖက်ဒရယ် ဒီဇိုင်း၏ အခြားနယ်ပယ်များနှင့် ၎င်းတို့၏ အကြောင်းအရာခေါင်းစဉ်၏ ချိတ်ဆက်နေမှုများ ကိုလည်း ထည့်သွင်းစဉ်းစားမှု ရှိစေရန်အတွက် အဖွဲ့တိုင်းကို စစ်ဆေးကြည့်ပါ။ ၎င်းတို့ အကြောင်းအရာခေါင်းစဉ်၏ အဓိကအလေးပေး ဖော်ပြလိုသည့် အကြောင်းအရာကို မသေချာပါက စာအုပ်တွင်ပါရှိသည့် ဆိုင်ရာအပိုင်းကို ကိုးကားနိုင် ပါသည်။
- ဖက်ဒရယ်အကြောင်းအရာ ခေါင်းစဉ်အတွက် အဆိုပြုချက်များကို တိုတိုနှင့်ရှင်းရှင်းရေးရန် အဖွဲ့များကိုပြောပါ။
- 'အခြေခံဥပဒေ မူကြမ်း' အလုပ်ရုံဆွေးနွေးပွဲသည် ရှေ့နောက်မညီခြင်း၊ မပြည့်စုံခြင်း ဖြစ်နိုင်ပါသည်။ သို့သော် ၎င်းသည် သင်တန်းသားများအား ဖက်ဒရယ်ဒီဇိုင်းနှင့်၊ ၎င်းတွင်ပါဝင်သည့် ကိစ္စရပ်များနှင့် အခက်အခဲများအကြောင်းကို ပိုမိုလေးလေးနက်နက် စဉ်းစားနိုင်စေရန် ကူညီပေးသည်။

## ပုံမှန်စာသင်ခန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများက ဖက်ဒရယ်ဒီဇိုင်း အကြောင်းအရာ ခေါင်းစဉ်များ ရေးထားသည့် စာရွက်များကို ကြည့်ရှုရမည်။ အကြောင်းအရာ ခေါင်းစဉ်တစ်ခုစီကို ကိုင်တွယ်သင့်သည့် နည်းလမ်းအတွက် အခြားမည်သည့် ထပ်ဆောင်း အကြံပြုချက်ကိုမဆို စာရွက်များပေါ်သို့ ထည့်သွင်းနိုင်သည်။

၂။ အဖွဲ့တစ်ဖွဲ့စီကို အကြောင်းအရာခေါင်းစဉ်များ စာရင်းစာရွက် ထဲမှ တစ်ခုကို သတ်သတ်မှတ်မှတ် ခွဲဝေပေးပါ။ အတန်းငယ်များတွင်၊ အကြောင်းအရာခေါင်းစဉ်များကို လိုအပ်ပါက ပေါင်းခြင်းဖြစ်စေ၊ လျှော့ချခြင်းဖြစ်စေ ပြုလုပ်ပါ။ အဖွဲ့များက ၎င်းတို့၏ အကြောင်းအရာခေါင်းစဉ်ကိုကြည့်၍ ထိုဖက်ဒရယ်စနစ် အစိတ်အပိုင်းကို မည်သို့ ဖွဲ့စည်းသင့် သည်ကို ဆွေးနွေးရမည်။ အတန်းသို့ တင်ပြရန်အတွက် flipchart စာရွက်အသစ်များပေါ်တွင် ၎င်းတို့ အကြံဉာဏ်များ ကို ချရေးရမည်။

၃။ အဖွဲ့များက ၎င်းတို့၏ ဖက်ဒရယ်ဆိုင်ရာ အကြောင်းအရာ ခေါင်းစဉ်အတွက် ၎င်းတို့၏ မူကြမ်းအဆိုပြုချက်များကို အလုပ်ရုံဆွေးနွေးပွဲသို့ တင်ပြရမည်။ အခြား သင်တန်းသားများက ဝေဖန်အကြံပြုချက်များ ပေးရမည်။

၄။ ဝေဖန်အကြံပြုချက်ပေါ်တွင် အခြေခံ၍ အဖွဲ့များက ၎င်းတို့၏ အကြံဉာဏ်များကို ပိုမိုကောင်းမွန်အောင် ပြင်ဆင်ရန်အတွက် ဒုတိယအကြော့ မူကြမ်းရေးဆွဲပြီး တင်ပြရန်အတွက် flipchart စာရွက်အသစ်များပေါ်တွင် ၎င်းတို့၏ အသစ်ပြင်ဆင်ထား သည့် အကြံပြုချက်များကို ရေးသားရမည်။

၅။ အဖွဲ့များက ၎င်းတို့၏ ဖက်ဒရယ်ဒီဇိုင်းဆိုင်ရာ ကိစ္စရပ်အတွက် ၎င်းတို့ အသစ်ပြင်ဆင်ထားပြီးသည့် အချက်များကို အလုပ်ရုံ ဆွေးနွေးပွဲသို့ တင်ပြပါ။ အခြားသင်တန်းသားများက ဝေဖန်အကြံပြုချက်များ ပေးရမည်။

၆။ အတန်းတစ်တန်းလုံးက ကြည့်နိုင်သည့် စုပေါင်း ဆောင်ရွက်သည့် စာရွက်စာတမ်းတစ်ခုပေါ်တွင် အဖွဲ့တိုင်း၏ စဉ်းစားချက်များကို ထည့်သွင်းလျက် အတန်းတစ်တန်းလုံး အနေဖြင့် အခြေခံဥပဒေမူကြမ်းတစ်ခုကို ရေးဆွဲပါ။

၇။ အတန်းတစ်တန်းလုံးအနေဖြင့် ဖက်ဒရယ် အခြေခံဥပဒေ တစ်ခုကို ဒီဇိုင်းဆွဲရန် ကြိုးပမ်းရာတွင် သူတို့သတိပြုမိသည့် အခက်အခဲနှင့် အရှုပ်အထွေးအမျိုးအစားများကို ဆွေးနွေးပါ။

## အွန်လိုင်းအတန်းတွင်း ညွှန်ကြားချက်များ

၁။ သင်တန်းသားများက ဖက်ဒရယ်ဒီဇိုင်း အကြောင်းအရာ ခေါင်းစဉ်များ၏ ဆလိုက်ချပ်များကို ကြည့်ရှုရမည်။ အကြောင်းအရာခေါင်းစဉ်တစ်ခုစီကို ကိုင်တွယ်သင့်သည့် နည်းလမ်းအတွက် အခြားမည်သည့် အချက်ကိုမဆို အကြံပြု နိုင်သည်။

၂။ အဖွဲ့တစ်ဖွဲ့စီကို အကြောင်းအရာခေါင်းစဉ်တစ်ခု သတ်သတ်မှတ်မှတ် ခွဲဝေပေးပါ။ အတန်းငယ်များတွင်၊ အကြောင်းအရာခေါင်းစဉ်များကို လိုအပ်ပါက ပေါင်းခြင်း ဖြစ်စေ၊ လျှော့ချခြင်းဖြစ်စေ ပြုလုပ်ပါ။ အဖွဲ့များက ၎င်းတို့၏ အကြောင်းအရာခေါင်းစဉ်ကိုကြည့်၍ ထိုဖက်ဒရယ်စနစ် အစိတ်အပိုင်းကို မည်သို့ ဖွဲ့စည်းသင့်သည်ကို ဆွေးနွေးရမည်။ အတန်းသို့ တင်ပြရန်အတွက် ဒစ်ဂျစ်တယ်ဝှိုက်ဘုတ် (သို့) စာရွက်စာတမ်းတစ်ခုပေါ်တွင် ၎င်းတို့အကြံဉာဏ်များကို ချရေးရမည်။

၃။ အဖွဲ့များက ၎င်းတို့၏ ဖက်ဒရယ်ဆိုင်ရာ အကြောင်းအရာ ခေါင်းစဉ်အတွက် ၎င်းတို့၏ မူကြမ်းအဆိုပြုချက်များကို အလုပ်ရုံဆွေးနွေးပွဲသို့ တင်ပြရမည်။ အခြား သင်တန်းသားများက ဝေဖန်အကြံပြုချက်များပေးရမည်။

၄။ ဝေဖန်အကြံပြုချက်ပေါ်တွင် အခြေခံ၍ အဖွဲ့များက ၎င်းတို့၏ အကြံဉာဏ်များကို ပိုမိုကောင်းမွန်အောင် ပြင်ဆင်ရန်အတွက် ဒုတိယအကြော့ မူကြမ်းရေးဆွဲပြီး ဒစ်ဂျစ်တယ်ဝှိုက်ဘုတ် (သို့) စာရွက်စာတမ်းတစ်ခုပေါ်တွင် ၎င်းတို့၏ အသစ်ပြင်ဆင် ထားသည့် အကြံပြုချက်များကို ရေးသားရမည်။

၅။ အဖွဲ့များက ၎င်းတို့၏ ဖက်ဒရယ်ဒီဇိုင်းဆိုင်ရာ ကိစ္စရပ်အတွက် ၎င်းတို့ အသစ်ပြင်ဆင်ထားပြီးသည့် အချက်များကို အလုပ်ရုံ ဆွေးနွေးပွဲသို့ တင်ပြပါ။ အခြားသင်တန်းသားများက ဝေဖန်အကြံပြုချက်များပေးရမည်။

၆။ အတန်းတစ်တန်းလုံးက ကြည့်နိုင်သည့် စုပေါင်း ဆောင်ရွက်သည့် စာရွက်စာတမ်းတစ်ခုပေါ်တွင် အဖွဲ့တိုင်း၏ စဉ်းစားချက်များကို ထည့်သွင်းလျက် အတန်းတစ်တန်းလုံး အနေဖြင့် အခြေခံဥပဒေမူကြမ်းတစ်ခုကို ရေးဆွဲပါ။

၇။ အတန်းတစ်တန်းလုံးအနေဖြင့် ဖက်ဒရယ် အခြေခံဥပဒေ တစ်ခုကို ဒီဇိုင်းဆွဲရန်ကြိုးပမ်းရာတွင် သူတို့သတိပြုမိသည့် အခက်အခဲနှင့် အရှုပ်အထွေး အမျိုးအစားများကို ဆွေးနွေးပါ။

# ဖက်ဒရယ်ဒီဇိုင်းဆိုင်ရာ အကြောင်းအရာ ခေါင်းစဉ်များ

**အခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်**

- မည်သူတို့ ပါဝင်မည်နည်း (သို့) မည်သူတို့နှင့် တိုင်ပင်ရမည်နည်း။
- ပြည်သူလူထုပါဝင်မှု ရှိမည်လား။
- အခြေခံဥပဒေအသစ်လော (သို့) အဟောင်းကို ပြင်မည်လော။
- တိုင်းပြုပြည်ပြုနယ်မြေများတွင် အခြေခံဥပဒေများ ရှိမည်လား။
- ၎င်းတို့ကို မည်သူက ရေးဆွဲမည်နည်း။
- မည်သည့်အခါတွင် ရေးဆွဲမည်နည်း။ ပြည်ထောင်စုအဆင့် အခြေခံဥပဒေပြီးမှ (သို့) မပြီးခင် ရေးဆွဲမည်လား။

**အခြေခံဥပဒေဖွဲ့စည်းပုံ**

- တိုင်းပြုပြည်ပြုနယ်မြေများ – ပြည်နယ်များ/ တိုင်းဒေသများ/ အထူးအုပ်ချုပ်ခွင့်ရဒေသများ/ အခြားအမျိုးအစားများ ရှိမည်လား။
- တိုင်းပြုပြည်ပြုနယ်မြေ အရေအတွက် မည်မျှထား မည်နည်း။
- နယ်မြေများခွဲရာတွင် မည်သည့်အပေါ်တွင် အခြေခံ မည်နည်း။ လူမျိုးစု/ နယ်မြေ/ နှစ်ခုအရောအပေါ် အခြေခံမည်လား။
- တိုင်းပြုပြည်ပြုနယ်မြေတစ်ခု ရပ်တည်နိုင်စွမ်း သတ်မှတ်ချက်မှာ မည်သည်ဖြစ်သနည်း။

**အမှတ်အသားလက္ခဏာကိစ္စများ**

- ဘာသာစကားများ၊ တစ်ဘာသာ (သို့) အများ သုံးစွဲမည်လား။
- ကိုးကွယ်သည့်ဘာသာ – နိုင်ငံတော်ဘာသာ ထားရှိမည်လား။
- ဘာသာတစ်ခုကို အထူးအသိအမှတ်ပြုမည်လား။
- လောကီသီးသန့် ဖြစ်မည်လား။

**နိုင်ငံသားဖြစ်ခွင့်**

- အခြေခံဥပဒေတွင် ထည့်/မထည့် နိုင်ငံသားအခွင့်အရေးနှင့် တာဝန်များ ထည့်သွင်းမည်လား။
- မည်သည့် အခွင့်အရေး/တာဝန်များ ထည့်သွင်းမည်နည်း။

**ပြည်ထောင်စုအစိုးရ၏ အဖွဲ့အစည်းများ**

- ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူ၍ ရှိမည်လား။
- လွှတ်တော်များ၏ ဖွဲ့စည်းပုံ – လွှတ်တော်နှစ်ရပ် (သို့) တစ်ရပ်သာထားရှိမည်လား။
- လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းမှု/ အချိုးအစားမှာ မည်သို့ဖြစ်မည်နည်း။
- အုပ်ချုပ်ရေးမဏ္ဍိုင်၏ အဖွဲ့ဝင်များ/ဝန်ကြီးများကို မည်သို့ ရွေးချယ်မည်နည်း။
- ဝန်ကြီးဖြစ်ရန် သတ်မှတ်ချက်များမှာ အဘယ်နည်း။
- တရားစီရင်ရေးမဏ္ဍိုင်တွင် ပါဝင်မည့်သူများကို မည်သို့ ရွေးချယ်မည်နည်း။
- ဗဟိုအဆင့်နှင့် တိုင်းပြုပြည်ပြုနယ်မြေများတွင် တစ်သမတ်တည်းရှိစေရန် တိုင်းပြုပြည်ပြုအဆင့် အစိုးရ အဖွဲ့များနှင့် တိုက်ဆိုင်စစ်ဆေးပါ။

**တိုင်းပြုပြည်ပြုနယ်မြေ အစိုးရ၏ အဖွဲ့အစည်းများ**

- ဥပဒေပြုရေး၊ အုပ်ချုပ်ရေးမဏ္ဍိုင် ထားရှိမည်လား။
- တရားစီရင်ရေး၊ ပြည်သူ့ဝန်ဆောင်မှု ထားရှိမည်လား (သို့ ပြည်ထောင်စုအဆင့်က ဖြည့်ဆည်းပေးခြင်း (သို့) စီမံအုပ်ချုပ်ခြင်း လုပ်ဆောင်မည်လား)
- တိုင်းပြုပြည်ပြုနယ်မြေ အစိုးရအောက်တွင် ဒေသ အစိုးရအဆင့် ထားရှိမည်လား။
- လွှတ်တော်များကို မည်သို့ဖွဲ့စည်းမည်နည်း။ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းမှု/ အချိုးအစားမှာ မည်သို့ဖြစ်မည်နည်း။
- အုပ်ချုပ်ရေးမဏ္ဍိုင်၏ အဖွဲ့ဝင်များ/ဝန်ကြီးများကို မည်သို့ရွေးချယ်မည်နည်း။
- ဝန်ကြီးဖြစ်ရန် သတ်မှတ်ချက်များမှာ အဘယ်နည်း။
- အကယ်၍ တိုင်းပြုပြည်ပြုနယ်မြေအတွင်းရှိ တရားစီရင်ရေးမဏ္ဍိုင်ကို တိုင်းပြုပြည်ပြုနယ်မြေက ထိန်းချုပ်သည် ဆိုပါက၊ တရားစီရင်ရေးမဏ္ဍိုင်တွင် ပါဝင်မည့်သူများကို မည်သို့ရွေးချယ်မည်နည်း။
- ဗဟိုအဆင့်နှင့် တိုင်းပြုပြည်ပြုနယ်မြေများတွင် တစ်သမတ်တည်းရှိစေရန် ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့များ ဥပဒေကြမ်းရေးသူများနှင့် တိုင်ပင်ပါ။

**တိုင်းပြုပြည်ပြုနယ်မြေအတွင်း ပိုမိုသေးငယ်သည့် လူမျိုးစု (သို့) လူနည်းစုအုပ်စုများ၏ အခွင့်အရေး/အကျိုးစီးပွားများကို ကာကွယ်ခြင်း**

- နယ်မြေကို အခြေမခံသည့် အခွင့်အရေးများရှိမရှိ။
- နယ်မြေကို အခြေမခံသည့် အခွင့်အရေးများ။
- တိုင်းပြုပြည်ပြုနယ်မြေ အဖွဲ့အစည်းများအတွင်း ခွဲဝေပေးထားသည့်/ ရွေးကောက်တင်မြှောက်သည့် ကိုယ်စားပြုမှု ရှိမရှိ။

**အာဏာခွဲဝေခြင်း**

- မည်သူက ဥပဒေပြုမည်နည်း။ (တစ်စုံတစ်ခုအတွက် ပြဋ္ဌာန်းသည့် ဥပဒေပြုအာဏာများသည် ၎င်းနှင့် သက်ဆိုင်သည့် အုပ်ချုပ်ရေးအာဏာများလည်း ရှိလေ့ရှိသည်ကို သတိရပါ။)
- မည်သည်တို့ကို ဗဟိုအဆင့်သို့ ခွဲဝေပေးမည်နည်း။
- ပြည်နယ်အဆင့်ကို မည်သည်တို့ကို ခွဲဝေပေးမည်နည်း။
- မည်သည်တို့ကို မျှဝေသုံးစွဲမည်နည်း။
- ကြွင်းကျန်အာဏာများကို ဗဟိုအဆင့် (သို့) ပြည်နယ် အဆင့်သို့ ပေးမည်လား။

**ရွေးကောက်ပွဲစနစ်**

- အစိုးရအဖွဲ့ခေါင်းဆောင် (သမ္မတ (သို့) ဝန်ကြီးချုပ်) ကို မည်သို့ရွေးချယ်မည်နည်း။
- လွှတ်တော်ကိုယ်စားလှယ်များကို မည်သို့ ရွေးချယ်မည်နည်း။ မဲအများဆုံးသူအနိုင်ရစနစ်/ အချိုးကျကိုယ်စားပြုစနစ်/ အချိုးကျအရောကိုယ်စားလှယ်စနစ် (MMP)
- ပြည်ထောင်စု၏ ခေါင်းဆောင် (သို့) ပြည်နယ်ဝန်ကြီးချုပ်များကို မည်သို့ ရွေးကောက်/ ရွေးချယ်မည်နည်း။

**အခြေခံဥပဒေပြင်ဆင်ခြင်း**

- မည်သို့ ပြုလုပ်မည်နည်း။
- မည်သူက ပြုလုပ်မည်နည်း။
- ပြင်ဆင်ချက်များအတွက် လိုအပ်သည့် လုပ်ငန်းစဉ်/ ထောက်ခံသည့် ကိုယ်စားလှယ် အရေအတွက်/ အချိုးအစားက မည်မျှဖြစ်သနည်း။

**ဘဏ္ဍာရေးလုပ်ပိုင်ခွင့်များ**

- ပြည်ထောင်စုအဆင့်က မည်သည်တို့ကို အခွန်ကောက်နိုင်သနည်း။
- ပြည်နယ်အဆင့်က မည်သည်တို့ကို အခွန်ကောက်နိုင်သနည်း။
- ဘဏ္ဍာငွေ ခွဲဝေမှုရှိမည်လား။
- မည်သို့ ခွဲဝေမည်နည်း။
- ခွဲဝေမည့်စနစ် ရှိမည်လား။
- ဘဏ္ဍာရေးကော်မရှင် ရှိမည်လား။
- မည်သူတို့ ပါဝင်မည်နည်း။

# နောက်ဆက်တွဲ (ဃ) – ထပ်ဆောင်း ဖတ်ရှုစရာ / ကြည့်ရှုစရာ၊ အထွေထွေ

ဤစာရင်းတိုမှာ သင်၏ သင်ကြားခြင်း/သင်တန်းပေးခြင်း/သင်ယူရာတွင် အထောက်အကူပေးခြင်းတို့အတွက် အကူအညီဖြစ်စေရန်၊ ဖက်ဒရယ်စနစ် အကြောင်းအရာနှင့် ပတ်သက်သည့် အသုံးဝင်သည့် အရင်းအမြစ်များရှိသည့် အဖွဲ့အစည်းများနှင့် ၎င်းတို့၏ ဝက်ဘ်ဆိုက်များအတွက် လင့်ခ်များကို စုစည်းထားသည့် စာရင်းတစ်ခုဖြစ်ပါသည်။ အချို့ရင်းမြစ်များသည် အင်္ဂလိပ်လိုရော၊ ဗမာလိုပါရှိပါသည်။ ဖက်ဒရယ်စနစ်အတွင်းရှိ အသေးစိတ်အကြောင်းအရာ ခေါင်းစဉ်များအတွက် နောက်ထပ်အရင်းအမြစ်များကို ရှာဖွေလိုပါက ထိုဝက်ဘ်ဆိုက်အများစုတွင် ရှာဖွေရန်ခလုတ် ပါဝင်ပါသည်။

## ဖက်ဒရစ်စနစ်အကြောင်း အထွေထွေ အရင်းအမြစ်များ

### 50 Shades of Federalism

ဖက်ဒရယ်စနစ် ပညာရှင်များ ရေးသားထားသည့် ဖက်ဒရယ်စနစ်အကြောင်း ဆောင်းပါးများ စုစည်းမှု (အင်္ဂလိပ်ဘာသာ)

http://50shadesoffederalism.com/

### အာရှဖောင်ဒေးရှင်း – မြန်မာနိုင်ငံရှိ ဖက်ဒရယ် ဘဏ္ဍာရေးစနစ်

သင်ရိုးနှင့် မြန်မာနိုင်ငံရှိ ဖက်ဒရယ်ဘဏ္ဍာရေးစနစ်အကြောင်း အရင်းအမြစ်များ (ဗမာ၊ ရှမ်း၊ ကချင်၊ ကရင်၊ အင်္ဂလိပ်)

https://asiafoundation.org/tag/fiscal-federalism-myanmar/

### Constitute

ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံများမှ အခြေခံဥပဒေများစုစည်းမှု (အင်္ဂလိပ်)

https://www.constituteproject.org/

### Centre for Development and Ethnic Studies

လူမျိုးရေးကိစ္စများနှင့် ဖက်ဒရယ်စနစ်အကြောင်း အရင်းအမြစ်များ ရှိသည့် မြန်မာ think tank အဖွဲ့ (ဗမာနှင့် အင်္ဂလိပ်)

https://cdes.org.mm/

### Forum of Federations

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်အကြောင်း သင်ယူမှုကို အားပေးသည့် နိုင်ငံတကာအဖွဲ့အစည်း (အင်္ဂလိပ်)

http://www.forumfed.org/publications/

### Hanns Siedel Foundation Myanmar

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်အကြောင်း ပညာရေးကို အားပေးသည့် ဂျာမန် ဖောင်ဒေးရှင်း (ဗမာနှင့် အင်္ဂလိပ်ဘာသာစကား)

https://southeastasia.hss.de/myanmar/publications/

### International Institute for Democracy and Electoral Assistance (IDEA)

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်အကြောင်းပညာရေးကို အားပေးသည့် နိုင်ငံတကာအဖွဲ့အစည်း (အင်္ဂလိပ်ဘာသာစကား)

https://www.idea.int/publications/catalogue/federalism?lang=my

### International IDEA: My Constitution Myanmar

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်အကြောင်း မြန်မာအရင်းအမြစ်များ (ဗမာနှင့် အင်္ဂလိပ်ဘာသာစကား)

http://constitutionnet.org/myanmar-publications

### Pyidaungsu Institute

လူမျိုးစုနှင့် လူမှုရေးအဖွဲ့အစည်းများတည်ထောင်သည့် မြန်မာ၊ ဗမာအင်စတီကျူ (ဗမာနှင့် အင်္ဂလိပ်ဘာသာစကား)

https://pyidaungsuinstitute.org/index.php/en/component/search/?searchword=federalism&searchphrase=all&Itemid=752

## Salween Institute

ဖက်ဒရယ်စနစ်နှင့်ဆိုင်သည့် အရင်းအမြစ်များရှိသည့် သုတေသန နှင့် လေ့ကျင့်ရေး မြန်မာ/ ဗမာ အင်စတီကျု (ဗမာ/ အင်္ဂလိပ်)

https://www.salweeninstitute.org/

## Williams, D.&Sakhong, L. (Eds) (2005). Peaceful Coexistence: Designing Federalism in Burma

ဖက်ဒရယ်စနစ်နှင့် မြန်မာနိုင်ငံတွင် ဖက်ဒရယ်စနစ် မြစ်ဖျားခံရာ များကို ရေးသားထားသည့် အက်ဆေးများပါဝင်သည့် စာအုပ် (အင်္ဂလိပ်ဘာသာစကား)

https://www.burmalibrary.org/sites/burmalibrary.org/files/obl/docs09/Series10-ENC.pdf

# နောက်ဆက်တွဲ (င) – အခန်းအလိုက် ထပ်ဆောင်း ဖတ်ရှုစရာ/ ကြည့်ရှုစရာ

အောက်ပါအွန်လိုင်းအရင်းအမြစ်များ စာရင်းသည် ဖက်ဒရယ်စနစ် အခြေခံ စာအုပ်၏ အခန်းများတွင် ပါဝင်သည့် သီးသန့် အကြောင်းအရာ ခေါင်းစဉ်များနှင့် ချိတ်ဆက်နေပါသည်။ သင်ကိုယ်တိုင် သင်ကြားခြင်း/ သင်တန်းပေးခြင်း/ သင်ယူရာတွင် အထောက်အကူပေးခြင်းတို့အတွက် အချို့သော ဖက်ဒရယ်စနစ် အကြောင်းအရာ ခေါင်းစဉ်များအပေါ်တွင် ပိုမိုနက်နဲသည့် အသိပညာရရှိရန်အတွက် ထိုအရင်းအမြစ်များကို အားကိုးအားထားပြုနိုင်ပါသည်။

အချို့သော အရင်းအမြစ်များသည် သင်၏ သင်တန်းသားများ/ ကျောင်းသားများအတွက် သင့်တော်သည်ဟု ယူဆပါက ၎င်းတို့ကို ထပ်ဆောင်းဖတ်စာ (သို့) ကြည့်ရှုရန်အဖြစ် ဝေမျှနိုင်သည် (သို့) ညွှန်းပေးနိုင်ပါသည်။ သို့သော် အချို့သော အရင်းအမြစ်များသည် ရှည်လျားပြီး ရှုပ်ထွေးသည့် အသုံးအနှုန်းများ ပါဝင်ပါသည်။ အခြားဘာသာစကားနှင့် ရေးသားထားသည်ဟု မှတ်ချက် ရေးထားခြင်း မရှိပါက အရင်းအမြစ်များသည် အင်္ဂလိပ်လို ဖြစ်ပါသည်။

## အခန်း (၁)

**Introduction to Federalism (video)**
IDEA International (2020)
https://www.youtube.com/watch?v=T3ywDYoD-QY

**Government Institutions and Separation of powers in South Africa (video)**
Civics Academy SA (2020)
https://www.youtube.com/watch?v=_882Xztbh5Q

**Constitutions (video)**
International IDEA (2014)
https://www.youtube.com/watch?v=0UzKD8rZCc0&t=95s

**Malaysia Federal Structure**
Forum of Federations (nd)
http://www.forumfed.org/countries/malaysia/

## အခန်း (၂)

**Self-determination**
Amanda Cats-Baril (2018)(Burmese& English)
https://www.idea.int/publications/catalogue/self-determination

**Federalism in Sri Lanka**
Rochel Canagasabey (2021)
http://50shadesoffederalism.com/case-studies/federalism-in-sri-lanka-one-concept-two-conceptions/

**Federalism in Myanmar (video)**
Lian Sakhong (2016)
https://www.youtube.com/watch?v=D3RT9P5CaC0&t=7s

**In search of Panglong Spirit: The role of Federalism in Myanmar's peace discourse**
Michael Signeur(2019)(Burmese & English)
https://view.publitas.com/hanns-seidel-foundation-myanmar/in-search-of-the-panglong-spirit-the-role-of-federalism-in-myanmars-peace-discourse/page/1

## အခန်း (၃)

**Constitutional Beginnings: Making and amending constitutions**
Cheryl Saunders (2018)
https://www.idea.int/sites/default/files/publications/constitutional-beginnings-making-amending-constitutions.pdf

**Language, education and peace in Myanmar**
Marie Lall and Ashley South (2016)
https://discovery.ucl.ac.uk/id/eprint/1505876/1/Lall-M-C_Language%20education%20and%20the%20peace%20process%20in%20Myanmar.pdf

**Religion: Secularism in Federalism in Asia**
Baogang He, Laura Allison-Reumann and Michael Breen (2018)
https://www.researchgate.net/publication/330581580_The_Politics_of_Secular_Federalism_and_the_Federal_Governance_of_Religious_Diversity_in_Asia

**Citizenship in Myanmar**
Nick Cheeseman (2017)
https://www.newmandala.org/myanmars-national-races-trumped-citizenship/

**Creation of constituent units in federal systems**
Michael Anderson (2014)
http://www.constitutionaltransitions.org/wp-content/uploads/2017/05/Creation-of-New-Units-June-18.pdf

**Protection of minorities within minorities in federal systems**
Sumit Bisaraya (2020)
https://www.idea.int/sites/default/files/publications/protecting-ethnic-minorities-within-minorities.pdf

**Division of powers in federalism**
Cheryl Saunders (2019)
https://www.idea.int/sites/default/files/publications/divisions-of-powers-in-federations.pdf

**Nepal Federalism**
Video of constitution consultation and drafting process (Nepali and English subtitles)
https://www.youtube.com/watch?v=fhkW7P5LXnc

**Nepal and Myanmar**
Michael Breen (2019)
http://50shadesoffederalism.com/case-studies/the-federalism-debates-in-nepal-and-myanmar-from-ethnic-conflict-to-secession-risk-management/

**Electoral systems: FPTP and PR explained for BC Canada (video)**
CBC News (2018)
https://www.youtube.com/watch?v=G2ljLsg9UFk&t=2s

**FPTP versus PR Electoral Systems in Myanmar (pre 2015 election)**
Tom Lochery (2014)
https://www.irrawaddy.com/election/opinion/proportional-representation-in-burma-more-divisive-than-inclusive

**Fiscal Federalism in Myanmar(Burmese, Shan, Kachin, Karen, English)**
Asia Foundation (2018)
https://asiafoundation.org/tag/fiscal-federalism-myanmar/

**Natural Resource Federalism: Considerations for Myanmar**
NRGI (2018)
https://resourcegovernance.org/sites/default/files/documents/federalism-considerations-for-myanmar-summary.pdf

**Resource Federalism: A roadmap for decentralised governance of Burma's natural heritage**
Burma Environmental Working Group (2017)
https://burmacampaign.org.uk/media/ResourceFederalismWEB.pdf